
www.burmeseclassic.com

# ဝှားဇွေဒေါင်

မန်ကျည်းပင်တန်း ရဲ့မီဒီယာ



www.burmeseclassic.com

www.burmeseclassic.com

ဂလိုဘယ်လိုက်ဖေးရှင်း ဟာသ မဟာဝတ္ထုတော်ကြီး

ဝူးဖွေအောင်

BURMESE CLASSIC .com

# မန်ကျည်းပင်တန်းရဲ့ မီဒီယာ

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၈၈)၊ ဒုထပ်(ယာ)၊ ၃၈-လမ်း။

ဖုန်း -၂၄၅၂၈၄၊ ၃၇၆၄၈၇

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၅၃၈ ၂၀၀၃ ၂၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၃၁၀၀၃၈

| | | |
|---|---|---|
| အဖုံး ဒီဇိုင်း | - | ဝေသာစိုးညို |
| ထုတ်ဝေသူ | - | ဦးကိုမင်းနိုင် (မြဲ - ၀၃၉၀၀) |
| | | ၈၈၊ ၃၅လမ်း(ညာ)၊ ၃ရပ်ကွက်၊ ကျောက်တံတား |
| မျက်နှာဖုံးပုံနှိပ်သူ | - | ဦးကိုမင်းနိုင် |
| | | (၃၀-ခ)၊ အထက်ကုန်းလမ်း၊ ဗဟန်းတောင် |
| အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုဒ္ဒရာပုံနှိပ်တိုက်) |
| | | ၈၀/ဓ သံလွင်လမ်း၊ ယာနန်း |
| အတွင်းဖလင် | - | ကိုဝင်းနှင့် ညီများ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၃ဇူလိုင် ပေါ်လာ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |


## မာတိကာ


| | | |
|---|---|---|
| ၁။ | မိုက်ပါပေ့ ပါကြီးရာ | ၇ |
| ၂။ | နှစ်ဝါတစ်နီ | ၂၃ |
| ၃။ | မန်ကျည်းပင်တန်းရဲ့ မီဒီယာ | ၃၉ |
| ၄။ | ပြည်တွင်း၌သာ ခန့်ထားရန် | ၅၅ |
| ၅။ | ချည်တိုင်ကိုပဲ လွမ်းပါသည် | ၆၉ |
| ၆။ | ကျွန်တော် စီးချင်သော ဒိုဘာမင် | ၈၃ |
| ၇။ | တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲ | ၉၃ |
| ၈။ | လက်ကျန်ရိုက်ချက် | ၁၂၇ |
| ၉။ | ရေလွှာကစ်ဝိစ္စာ | ၁၄၉ |


www.burmeseclassic.com

www.burmeseclassic.com






BURMESE CLASSIC .com

# မိုက်ပါပေ့ ပါကြီးရာ

မဂ်လာဒ

လေဆိပ်ကို MAI လေယာဉ်ကြီးဆင်းသက်အပြီး ဂျမ်းဒုံး (ကြမ်းတုံး) မခုခင်ကတည်းက ဇာတိချက်ကြွေမွေးရပ်မြေကို အမြန်ဆုံးပြန်ရောက်ချင်နေတဲ့ အကြောင်းပြန်ပြောင်းပြောကြားရမယ်ဆိုရင် . . .

တော်ရာမှာ ဒေါ်လာရှာဖို့အတွက် ပျော်ရာမှာမနေခဲ့ရတဲ့ ကျွန်တော်တစ်ယောက် ပုဆိုးကွင်းသိုင်းဘဝကတည်းက လည်ပင်းဖက်ကြီးခဲ့ကြတဲ့ ငယ်သူငယ်ချင်းတွေကိုစုပြီး ရွာထိပ်က ကိုပိန့်ထန်းတောထဲမှ SKY Beer ကိုတစ်ဝကြီးသောက်မျိုဆို့ရင်း . . .

"ဟောဒီမှာ မမြင်ဖူးရင်ကြည့်ထား Phone Card ဆိုတာဒါပဲ။ စင်္ကာပူနိုင်ငံက ရွှေမြန်မာများစုဝေးရာ Peninsula Plaza မှာ ကြိုက်သလောက်ဝယ်လို့ရတယ် . . 'လှိုင်ဟိန်း' ဆိုင်က အန်တီညို့ဆီမှာဆိုရင် အကြွေးဝယ်လို့တောင်ရသေး။ ဟောဒါက ကွမ်းယာ။ လျှော့တော့မတွက်နဲ့ စင်္ကာပူမှာ 'ယာ' တဲ့ ကွမ်းယာ။ 'ရဲရင့်' ဆိုင်က



www.burmeseclassic.com

www.burmeseclassic.com



ဝယ်လာတာ။ တစ်ဒေါ်လာကို သုံးယာတည်းပဲ ရတာနော် . . မင်းတို့ စားဖွယ်စေချင်လွန်းလို့ . . ဒီမှာ နည်းနည်းမြည်းကြည့်စမ်း . . 'ရွှေမြင့်မိုရ်' က တကူးတကဝယ်လာခဲ့တဲ့ စက်ပူငါးပိကြော်၊ စေတနာရှိပေမယ့် လောက်ငအောင် တစ်ယောက် တစ်တို့ပဲမြည်း . . "

စသည်ဖြင့် စသည်ဖြင့် နိုင်ငံခြားဖြစ်၊ ပြည်တွင်းစားစရာများကို ကျွေးမွေးရင်း သူ့ပြည်ဌာန သာလေစွ . .

အကြောင်းအရာများကို တံတွေးတစ်ဂါလန်လောက် ထွက်အောင်ကြွားလိုက်မယ်ဟဲ့ . . ဆိုတဲ့ စစ်မှန်သော စေတနာနဲ့ အမေ့ရွာကို ပြန်လာခဲ့တဲ့ ကျွန်တော်ပါ. .

အခုတော့ ရွာအဝင်လမ်းဟာ 'တမာ' နဲ့မသင်းဘဲ 'ထော်လာဂျီ' ရဲ့ ဒီဇယ်ရနံ့တွေနဲ့ ဖုံးလွှမ်းနေလေရဲ့ . .။

ရွာထိပ်က တိုက်ကြီးတွေကလည်း ကိုပိန့်ထန်းပင်တွေငုံ့ကြည့်ရင်း မထေမဲ့မြင်နဲ့ပေါ့ . .

ရွာလယ်ဈေးကြီးကလည်း Giordano အကျႌနဲ့ Three Quarter ဘောင်းဘီကိုဝတ်ပြီး Body Sprayနဲ့ တံထောင်းထောင်းနဲ့ မိန့်မိန့်ကြီး ပြုံးလို့ . .

လမ်းဆုံက 'ဝေနေယျ' ရေချမ်းစင်ပေါ်မှာ ရေသန့်ပုံး ဖြူဖြူကြီးတွေက ခံ့ခံ့ကြီးနေရာယူရင်း 'ကြိုက်သလောက်သောက်၊ သယ်တော့မသွားနဲ့' ဆိုတဲ့ စာတန်းကြီးကို မေးငေါ့ပြနေတယ်လေ။

အခုတော့ စာဥသူငယ်ချင်းမတွေတောင် 'ဂီတာ' သံထက် 'လီဗာ' သံကိုမှပိုပြီး ရင်ခုန်တတ်ကြမှန်း သာအေးတို့ သူငယ်ချင်းတွေကောင်းကောင်းကြီး သိသွားပြီမို့ ပျော်စရာကောင်းတဲ့ အဖော်သဟာငယ်ဖော်အပေါင်းတွေလည်း 'ဒေါ်လာ' ရှိရာ တော်ရာကို 'ညောင်း' ကုန်ကြတာ အဆန်းတကြယ် ကိစ္စတော့မဟုတ်ပါဘူး . .။

ဒါပေမယ့် ကြွားစရာတွေ တထွေးတပွေ့ကြီးနဲ့ ရွာပြန်လာခဲ့





တဲ့ ကျွန်တော့်မှာ အကြွားခံပုဂ္ဂိုလ် တစ်ဦးတစ်ယောက်မှမရှိလေတော့ နေ့စေ့လစေ့ကိုယ်ဝန်သည်ကြီးလို တံတွေးတပျစ်ပျစ်၊ လေတအေ့အေ့နဲ့ မနေတတ် မထိုင်တတ်ဖြစ်နေတော့တာပေါ့။

အဲဒါကြောင့် နေညိုချိန်တိမ်တောက်တဲ့အခါ ရွာလမ်းနံဘေးမှာ ရေခပ်မဆင်းဘဲ တရုတ်ဆိုင်ကယ်တဝီးဝီးနဲ့ ဟန်ရေးပြကြတော့မယ့် စာဥတို့ သူငယ်ချင်းမတွေကို စောင့်ဆိုင်းကြည့်ရှုမနေတော့ဘဲ မရောက်သေးတဲ့ မကွေးတံတားကြီးဆီကို တရုတ်ဆိုင်ကယ်လေးစီးရင်း လေညှင်းခံသွားရောက်ခဲ့တယ် . . .။

မကွေးနဲ့မင်းဘူးကြားက တစ်မိုင်ကျော်ကျယ်တဲ့ ဧရာမြစ်ပြင်ကို ခြေတင်ကူးနိုင်အောင် တည်ဆောက်ထားတဲ့ တံတားကြီးကလည်း ဟီးနေတာပါပဲ။ မြို့လယ်ခေါင်က ဖြတ်ထိုးထားလို့ထင်ပါရဲ့။ စည်ကားချက်ကတော့ ရွာဦးစေတီ ထီးတော်တင်ပွဲတုန်းကတောင် ဒီလောက်လူမများခဲ့ဘူး . .။

တံတားဟိုဘက်ထိပ်နားမှ ဘီယာပုလင်းတွေနဲ့ အလုပ်ရှုပ်နေတဲ့ မကွေးကောလိပ်ကျောင်းနေဘက် သူငယ်ချင်းမျိုးထွဋ်ကို တွေ့လိုက်ရတော့ ဘာပြောကောင်းမလဲ နှစ်ယောက်သား ဝမ်းသာအားရကြီး ပြေးဖက်ရင်း 'မိုက်ပါပေ့ ပါကြီးရာ' လို့ ရယ်ရယ်မောမောနဲ့ နှစ်ယောက်သား ပြောမိခဲ့ကြတယ်လေ . .။

အခုအချိန်မှာ 'မိုက်ပါပေ့ ပါကြီးရာ' ဆိုတဲ့စကားအတွက် နှစ်ယောက်သားရယ်မောနိုင်ကြပေမယ့် ဟိုးတစ်ချိန်တုန်းကဆိုရင် . . အင်း . . အခု မကွေးတက္ကသိုလ်ကြီးရဲ့နေရာမှာ မကွေးဒီဂရီကောလိပ်ရှိစဉ်တုန်းက . . .

နယ်က ကျောင်းလာတက်ကြတဲ့ ကျွန်တော်၊ မျိုးထွဋ်နဲ့ တစ်ဆောင်တည်းနေ သူငယ်ချင်းတစ်စုကတော့ မြို့ခံကျောင်းသားပါကြီး ရဲ့ နာမည်အရင်းက ရှည်လျားထွေပြားတာကြောင့် သူ့ရဲ့ငယ်နာမည်



www.burmeseclassic.com

www.burmeseclassic.com



ပါကြီးလို့ ခေါ်နိုင်ပါကြောင်း သူကိုယ်တိုင်က ခွင့်ပေးတာကြောင့် အားလုံးက ပါကြီးလို့ပဲ သူ့ကိုခေါ်ကြတယ်လေ . . ။

အဲဒီကောင်က ကုလားကားကြည့်တာ အလွန်ဝါသနာပါတဲ့ကောင်။ သူနိုင်လာရင် ကျွန်တော်တို့တစ်ဆောင်လုံး သွားကြားထိုးတံကိုယ်စီနဲ့လေ။

သူရှုံးလာရင်တော့ ကျွန်တော်တို့ရှိသမျှ ပစ္စည်းတွေပေါင်ပြီး ပါကြီး ညနေအိမ်အဝင် Visa ရအောင် ဆောင်ကြဉ်းပေးရတာလည်း အကြိမ်ကြိမ်ပါပဲ။

အခုအကြိမ်ကတော့ အချိုးကြီးကွဲလို့ ကိုယ်လုံးတီးနဲ့ ပါကြီးတစ်ယောက် အဆောင်ကို ရောက်လာတယ်။

ထုံးစံအတိုင်း ရှိသမျှ ပစ္စည်းချွတ်ပြီး ကူငွေထည့်ကြပေမယ့် လုံခြုံရာမှာထားခဲ့တဲ့ သူ့ပစ္စည်းတွေအားလုံးကို ပြန်ရွေးဖို့က ဘယ်လိုမှ မဖြစ်နိုင်လေတော့ ပါကြီးကို အဆောင်မှာထားခဲ့ပြီး မျိုးထွဋ်နဲ့ ကျွန်တော် နှစ်ယောက်သား သူ့အဖေကို သံတော်ဦးတင်ရန် 'ဘော်လန်တီယာ' လုပ်ပြီးသွားခဲ့ကြပါတယ်။

အိမ်ရှေ့စားပွဲမှာထိုင်နေတဲ့ မျက်လုံးပြူးပြီး၊ ပြုံးတုံးတုံးနဲ့ ပါကြီးအဖေကလည်း ငယ်ရာကကြီးလာသူ မဟုတ်လား။ ကျွန်တော်တို့ကို တစ်ချက်ကြည့်ရုံနဲ့ 'ပေါက်' ပြီးသားပဲ။ အဲဒါကြောင့် . . .

"ဟိုကောင် ကုန်ခဲ့ပြီ မဟုတ်လား"

လို့ သိလျက်သားနဲ့ မေးတယ်လေ။ သူကျေနပ်အောင် ကျွန်တော်တို့ကလည်း မျက်နှာသေလေးတွေနဲ့ ခေါင်းညိတ်ပြရတော့တာပေါ့။

ဒီမှာတင် အဘိုးကြီးက နိဒါန်းကို ချီတော့တာပဲ . . .

သူ့သားငယ်ငယ်မှာ သူ့မိန်းမဆုံးတော့ . . သူ့အရွယ်ကလည်းကောင်း၊ သူ့ရုပ်ရည်ကလည်း ရှိတာတောင်မှ သားကိုချစ်တဲ့ဇောနဲ့





နောက်တစ်ပင်ထူဖို့ လုံးဝမစဉ်းစားဘဲ နို့ဆီချက်ဖိုကြီးထောင်ပြီး စီးပွားရှာခဲ့တဲ့အကြောင်း (သူ့နို့ဆီချက်ဖိုက 'ဘို' တွေရေချိုးတဲ့ ကြွေကန်ကြီးထဲမှာ နွားနို့နဲ့သကြားကို သူ့အချိုးအစားအတိုင်းထည့်၊ အောက်က မီးထိုးပြီး အပေါ်က ယောက်မကြီးနဲ့ မနားတမ်းမွှေပေးရတာမျိုး)။

တစ်နေကုန် တစ်နေခန်း သူ့ရင်ဘတ်ကြီးကို မီးမြိုက်ပြီး သူ့သားကို မျက်နှာမငယ်ရအောင် လူ့အောက်မကျရအောင် ထားခဲ့ရတဲ့အကြောင်းကစလို့ ငါးရာနှစ်ဆယ့်ရှစ်ထစ်တည်းနဲ့ မြင်းမိုရ်တောင်ထိပ်ကိုရောက်အောင်တက်ပြီး မိဘမေတ္တာချီးမွမ်းခန်း One man Show ပွဲကြီးကို ခြိမ့်ခြိမ့်သဲဆင်နွှဲပါလေရောဗျာ . .

နောက်ဆက်တွဲအနေနဲ့ 'အင်္ဂုလိမာလ'လို သားဆိုးကိုရထားတဲ့ ဖခင်တစ်ယောက် အကြောင်းကို ဖွဲ့ဖွဲ့နွဲ့နွဲ့ကြီး ပြောချလိုက်တာများဗျာ . . ။

အလိုလိုမှ စိတ်အားငယ်တတ်တဲ့ မျိုးထွဋ်ဆို 'ပုလဲ' တွေကို 'ခ' လို့၊ ကျွန်တော့်ရင်မှာ မချီတော့တာလည်း အမှန်ပါ . .

ဒါပေမယ့် အင်္ဂုလိမာလကို ဘုရင့်တပ်ကဖမ်းဖို့ လာတော့ ရှောင်နေဖို့အတွက် သတင်းပေးရအောင် တောထဲကို တစ်ယောက်တည်း မကြောက်မရွံ့သွားခဲ့ရတာက သူ့အမေပါ။

အဲဒီအချိန်မှာ မေတ္တာတော်အနန္တနဲ့ သားဆိုးရဲ့ဖခင်ကြီးက ဘယ်ရောက်နေပါလိမ့်ဆိုပြီး တွေးမိသေးပေမယ့် ပစ္စုပ္ပန်အခြေအနေမှာ မွေးဖခင်ရဲ့ မေတ္တာတော်အနန္တကို မသိကျိုးကျွန်ပြုခဲ့တဲ့ ပါကြီးကို ဒေါသအမျက်တွေပွားပြီး မချီတင်ကဲနဲ့ ကျွန်တော်က . . .

"မိုက်ပါပေ့ ပါကြီးရာ"

လို့ ရေရွတ်မိတော့ မျိုးထွဋ်ကလည်း ကျမျက်ရည်ချောင်းစီးတို့ မသုတ်အားဘဲ စားပွဲခုံကို 'ဒုန်း' ခနဲထုရင်း ဒေါသသံပါပါနဲ့ . .



www.burmeseclassic.com

www.burmeseclassic.com



"ပါကြီး. . ပါကြီး ခွေးထက်မိုက်တဲ့ကောင်"

လို့ 'ဟာမိုနီ' လိုက်တယ်လေ။ 'ရစ်သမ်' ကတော့ အမှန်ပါပဲ။ ဒါပေမယ့် အဘိုးကြီးက 'ဝုန်း' ခနဲ ထိုင်ရာမှထရင်း . . .

"ခွေးထက်မိုက်တာ ဟိုကောင် . ."

လို့ ဒေါသတကြီးနဲ့ကျုံးအော်ပြီး 'ကီး'ကို'ချိန်း' လိုက်တော့ . .

"ဟုတ်တယ်လေ . . ခွေးထက်မိုက်တာ ဦးလေးသားပါကြီး လေ . ."

လို့ နှစ်ယောက်သား သံပြိုင်ဝင်လိုက်ချိန်မှာပဲ . . .

"ပါကြီးဆိုတာငါကွ . . ငါ့နာမည် ပါကြီး . . မင်းတို့လူပါး မဝနဲ့ . ."

လို့ ဒဲ့လွှတ်တော့မှပဲ သူ့အဖေနာမည်ကို သူ့နာမည်ပါလို့ ပြောခဲ့တဲ့ အယုတ်တမာကောင်ရဲ့စကားကို အဟုတ်မှတ်ပြီး ထင်မှတ်ခဲ့တဲ့ ကျွန်တော်တို့လည်း ခွေးထက်မိုက်တဲ့ကောင်ဟာ လက်စသတ်တော့ ငါတို့ကိုယ်တိုင်ပါလားဆိုတဲ့အဖြေကို ဘွားဘွားကြီးရသွားအပြီး မီတာတစ်ထောင်ကို စံချိန်သစ်တင်ခဲ့ရတော့တာပေါ့ ခင်ဗျာ . . .

ကျွန်တော်တို့တတွေရဲ့ကောင်းမှုကြောင့် "မိုက်ပါပေ့ပါကြီးရာ" ဆိုတဲ့ စကားကြီးဟာ ကောလိပ်ကကျောင်းတော်သူ၊ ကျောင်းတော်သားတွေရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားပြီး ဟိုးဟိုးကိုကျော်လို့ပေါ့ . . .

ပါကြီးတို့ သားအဖပြေလည်သွားတော့ ကျွန်တော်တို့လည်း အဖေပါကြီးနဲ့ပါ သားအဖလို ရင်းနှီးသွားကြလေသတည်းပေါ့ဗျာ။

ဟော . . တန်ခူးလရောက်ခါနီး ကောလိပ်က နွေကျောင်းပိတ်ရက်ရှည်ပိတ်ကာနီးမှာ သားပါကြီးက ကျွန်တော်တို့ရွာဘေးနားက ကောလိပ်လာတက်တဲ့ ကောင်မလေးကို ခိုးပြေးတယ်လေ။





ထုံးစံအတိုင်း 'ဘော်လန်တီယာ' က ကျွန်တော်နဲ့မျိုးထွန်းပါပဲ။

ထုံးစံအတိုင်း ဖအေကြီးကလည်း မြင်းမိုရ်တောင်ထိပ်ကနေ ဖခင်ဘွဲ့မေတ္တာကို နာရီဝက်နီးနီးလောက် သီကျူးအပြီး . . .

"မိဘမျက်နှာကို မထောက်၊ ကျောင်းတန်းလန်းနဲ့ မိန်းမ ခိုးပြေးရတယ်လို့ကွာ . . ဘယ်မလဲ . . ဒီကောင် . . ."

ဟိန်းဟောက် မေးမြန်းလိုက်တော့ ကျွန်တော်တို့လည်း အလန့်တကြားနဲ့လိမ်ချိန်တောင် မရလိုက်ဘူး . .

"မြို့ . . မြို့ထဲက သူငယ်ချင်းတစ်ယောက်ရဲ့အိမ်မှာပါ . ."

ကျွန်တော်တို့စကားအဆုံး ပါကြီးက ဒေါသူပုန်ထပြီး စားပွဲခုံကို တဘုန်းဘုန်းပုတ်ရင်း . .

"ဘာကွ . . ဒီမြို့ထဲမှာ ဟုတ်လား . . မိုက်လိုက်တဲ့ကောင် . . အသုံးမကျတဲ့ကောင် . . ဒီလောက် အပူချိန် ၁၀၀ ဒီဂရီကျော်အောင် ကြွက်ကြွက်ဆူပူနေတဲ့ ဒီမြို့မှာများ ခိုနေကြသတဲ့လား . . ."

ပြောပြောဆိုဆို 'ဝုန်း' ခနဲ အံဆွဲကိုဖွင့် ငွေတစ်ထုပ်ကို 'ဘုတ်' ခနဲ ကျွန်တော်တို့ရှေ့ကို ပစ်ချရင်း . . .

"ပြင်ဦးလွင်တို့ တောင်ကြီးတို့လို အေးတဲ့နေရာကို အခု ချက်ချင်းသွားလို့ ပြောလိုက် . . အေး . . ကျောင်းဖွင့်အမီ ပြန်မလာလို့ကတော့ ဒီတစ်သက်အပြတ်ပဲလို့ပါ ပြောလိုက် . . ဒါပဲ . . ."

ပြောပြောဆိုဆို ဆောင့်ဆောင့်နဲ့ အခန်းထဲဝင်သွားပါလေရော . . ခြေမကိုင်မိ၊ လက်မကိုင်မိနဲ့ကြောက်လန့်နေတဲ့ ကျွန်တော်တို့လည်း ငွေထုပ်ကို အမိအရကိုင်ရင်း . . .

"မိုက်ပါပေ့ ပါကြီးရာ . ."

လို့ အသံမထွက်ဘဲ ရေရွတ်လိုက်မိကြတာပေါ့ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကို သူ့မိဘဆီပြန်အပ်ဖို့အတွက် နားဖောက်ဖို့ကလည်း ကျွန်တော်နဲ့မျိုးထွဋ်ပဲ တာဝန်ယူရပြန်တယ်လေ။ သိပ်တော့ မလွယ်လှပါဘူး။

ကောင်မလေးမိဘတွေကလည်း သူ့ရွာမှာတော့ သူလည်း 'ဆရာဂေါင်' လေ။ မီးသေတဲ့ တောသူဌေးတွေ မဟုတ်လား။

လူရည်ချွန်နို့မှုန့်ဘူးအဖုံးထက် ယောင်ယောင်လေးကြီးတဲ့ လွှဝိုင်းကြီးတပ်ဆင်ထားတဲ့ သစ်စက်ကြီးတစ်လုံး၊ တစ်နေ့ကို ဆီနှစ်ကျပ်ခွဲသားလောက်ကျတဲ့ ဆီစက်ကြီးတစ်လုံးတို့ရဲ့ ပိုင်ရှင်ဆိုတော့ ပစ္စည်းမာန်တက်ချင်တိုင်း တက်နေတော့တာပေါ့။

ဒါ့အပြင် အမိကအချက်က ကောင်မလေးအဖေ ဦးမောင်မောင်တင်က ပါကြီးဖအေလိုပဲ သမီးမျက်နှာနဲ့ နောက်အိမ်ထောင်မပြုတော့ဘဲ မုဆိုးဖိုကြီးဖြစ်သလို စိတ်ကြီးချက်ကလည်း ဘမျိုးဘိုးတူဆိုတာသိထားတော့ ပိုပြီးရင်မောရတာပေါ့ . . ။

ကြုံတုန်းပြောရဦးမယ် . . ကောင်မလေးအဖေ ဦးမောင်မောင်တင်ရဲ့အဘိုးက နှစ်လုံးပြူးနဲ့ ရွှေစလွယ်ရတဲ့သူကြီးဗျ 'ခေ' သူတော့ မဟုတ်ဘူး . .

အဲဒီအခါသမယက နာမည်ကျော်တဲ့ ဖိုးသီးနဲ့ဇာဂဆိုတဲ့ ဓားပြညီနောင်က သူ့အပိုင်နယ်ထဲဝင်လာတယ်လို့ ကြားကြားခြင်းပါပဲ သူကြီးက သူ့နှစ်လုံးပြူးကြီးကိုယူ၊ မြင်းညိုကြီးကို စီးပြီး တောထဲကိုဝင်သွားလိုက်တာ ဘယ်သူ့ကိုမှလည်း အဖော်မခေါ်ဘူး . . ဘယ်သူမှလည်း တားလို့မရဘူး . . စိတ်ကြီးချက်ကတော့ ဇွတ်မှဇွတ် . . ။

သုံးညအိပ်၊ လေးရက်လားပဲကြာလိုက်ပါတယ်။ သူကြီးကတော်ကြီးက ရွှေစလွယ်ရော၊ ရှိသမျှအတွင်းပစ္စည်းတွေတင်မက ဘူး. . အိမ်တိုင်ပါချွတ်ရောင်းပြီး သူကြီးကိုရွေးယူလိုက်ရပါရောလား။

ဒါတောင် သူကြီးက စိတ်မလျှော့သေးဘူး။ ရဲဘော်ဖြူတွေ





ခေတ်မှာ ဖိုးသီးနဲ့ဇာဂညီနောင်ကို ရဲဘော်ဖြူတွေက အသေပစ်ပြီး ဖမ်းလိုက်နိုင်တယ်လေ။

ဖိုးသီးလက်စွဲတော် 'စတင်းဂန်း' ရဲ့လွယ်ကြိုးက ရွှေလွယ်ကြိုးနဲ့လုပ်ထားတာလို့လည်း ကြားရော၊ သူကြီးက သူ့ စလွယ်ကြိုးပါဆိုပြီး ပြန်တောင်းဖို့သွားပါလေရော။ ဘယ်သူ့ကိုမှလည်း အဖော်မခေါ်ဘူး။ ဘယ်သူမှလည်း တားလို့မရဘူး။ စိတ်ကြီးချက်က ဇွတ်မှဇွတ် . . ။

နေ့တောင် မကူးဘူး သူကြီးကို ဓားပြအားပေးတဲ့သူကြီး။ ဓားပြထောင်ထားတဲ့ သူကြီးဆိုပြီး ရဲဘော်ဖြူတွေက သူကြီးကျောပြင်ကို ဝိုင်းပြီး 'ဗြော' တင်နေကြတယ်ဆိုတဲ့ သတင်းကြီးကို ကြားရတော့တာပါပဲ။

နယ်ခံမဟုတ်တဲ့ ရဲဘော်ဖြူတွေက ဖြစ်ရပ်မှန်ကို ဘယ်သိကြပါ့မလဲဗျာ။ သူကြီးကတော်ကြီးမျက်နှာနဲ့ တစ်ရွာလုံးသက်သေဝိုင်းခံမှ သူကြီးကိုအသက်နဲ့ကိုယ် အိုးစားမကွဲဘဲ ပြန်တွေ့ရတယ်ဆိုပဲ။

အဲဒီလို စိတ်ကြီးတဲ့ မျိုးရိုးကဆင်းသက်လာတဲ့ ဦးမောင်မောင်တင်တစ်ယောက် သားပါကြီးနဲ့ ဖအေပါကြီးကိုလွဲကာ သူ့သမီးနုနုထွတ်ထွတ် ကောလိပ်ကျောင်းသူလေးက မုဆိုးဖိုကြီးနဲ့လိုက်ပြေးရပါ့မလားဆိုပြီး ဒေါသပုန်ထချက်ကတော့ သမီးရဲ့ အဝတ်တွေကို ဓားနဲ့နုပ်နုပ်စဉ်းသတဲ့။

အဲဒီသတင်းက ကျွန်တော်တို့အတွက် ဇက်ယားစရာပါပဲ။ မျိုးထွဋ်ကတော့ တရားနဲ့ဖြေပါတယ်။

ဓားနဲ့ခုတ်တဲ့အဝတ်တွေက သူ့သမီးဝတ်မရတာတွေနေမှာပါ။ အကောင်းတွေက သေတ္တာနဲ့အပြည့် ကျောင်းတက်ရင်းယူသွားပြီပဲ။ ပူစရာမရှိပါဘူး။

ဒါကြောင့် ဒီကိစ္စကို သူ့အကူအညီမပါဘဲနဲ့ ကျွန်တော်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း အေးအေးဆေးဆေး ဆက်လုပ်ပါဆိုပြီး မဆိုင်တဲ့အပေါက်ကို 'ဂလိုင်'နဲ့ ခေါက်ကာ အောင်မြင်စွာဆုတ်ခွာသွားတယ်လေ။

သမီးအပူအတွက် ဒေါသွေးဆူနေတဲ့ ဦးမောင်မောင်တင်ကို ရင်မဆိုင်ရဲတာကြောင့် သူနဲ့တစ်အိမ်တည်းနေပြီး တစ်စီးပွားတည်း ရှာနေတဲ့ သူ့မိန်းမရဲ့ညီမ အပျိုကြီးဒေါ်ခင်မလတ်ကို ကျွန်တော် အပြေးကပ်ရပါတော့တယ်။

တစ်ဦးတည်းသော တူမလေး ခြေမွေးမီးမလောင်၊ လက်မွေး မီးမလောင်အောင် အပူဟူသမျှ မြူမျှမခအောင် ထိန်းသိမ်းရင်း အပျိုကြီးဘဝနဲ့ အရိုးထုတ်အနစ်နာခံခဲ့ရတဲ့ ဒေါ်ခင်မလတ်ခမျာလည်း တူမစိတ်နဲ့ ပုလင်းကြီးတောင် ချိတ်ရသတဲ့။

ဒီအတွက် သနားစိတ်တွေ ကျွန်တော်ယိုဖိတ်ပေမယ့် မိုက်ပါပေ့ ပါကြီးရာရဲ့ကိစ္စက ထိပ်ဝရောက်နေတာကြောင့် ဦးမောင်မောင်တင်အလစ်မှာ ဒေါ်ခင်မလတ်ဆီကိုသွားပြီး ဖအေပါကြီးနဲ့သားပါကြီး လွဲမှားနေတဲ့အကြောင်း၊ သားပါကြီးရဲ့ အားသာချက်တွေ၊ ဖအေပါကြီးရဲ့ ဘယ်ပန်းချီရေးလို့မမီတဲ့ ကြီးမားတဲ့မေတ္တာတော်အနန္တတွေ အပြင် မကွေးတိုင်းလုံးကျွတ်ရှိသမျှ လက်ဖက်ရည်ဆိုင်တွေကို ကိုင်လှုပ်နိုင်လောက်အောင် စီးပွားရေးကောင်းပုံတွေကို ရွှန်းရွှန်းဝေအောင် အမွှန်းတင်ပြီး နားချရတာပေါ့ခင်ဗျ။

သူငယ်နှပ်စား ကျွန်တော်လို ကောင်ရဲ့စကားကို မယုံဘူးဆိုလို့ ဒေါ်ခင်မလတ်ကို အဖေပါကြီးနဲ့ နှစ်ယောက်ချင်းတွေ့ခွင့်ရအောင် ကျွန်တော်ပဲ ကြံဆောင်ပေးရပြန်ပါသေးတယ်။

ပါကြီးသားအဖရဲ့ သဘောထားအမှန်ကို သိသွားတဲ့ ဒေါ်ခင်မလတ်က သူ့ရဲ့ခဲအို ကိုမောင်မောင်တင်ကို ရွှေနားတော်သွင်းပြီး တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိတယ်။ သားဆိုးသမီးဆိုးကို ပစ်ရိုးထုံးစံမရှိဘူး။ (ဘာညာ ဘာညာ) နဲ့ 'တောဒိုင်' တွေထည့်ပြီး





အပြတ် 'ကစ်' ထည့်လိုက်တာ ဘာပြောကောင်းမလဲ သူတို့အိမ်ရှေ့မှ မကျွာပ်ကြီးကို 'ဟီး' လို့ပေါ့။

နှစ်ဖက်မိဘကို ရွှေလမ်း၊ ငွေလမ်းဖောက်ပေးခဲ့တဲ့ အကျိုးတော်ဆောင်ကြီး ကျွန်တော်ကလည်း အားနာပါးနာနဲ့ သုံးဆယ့်နှစ်ချောင်းသော သွားတွေအပြည့်ပါတဲ့ ပါးစပ်ကြီးနဲ့ အားပါးတရလက်ဖွဲ့ပစ်လိုက်တာ ကြက်ရင်ပုံပါတဲ့ 'ဒံပေါက်'ကသုံးပွဲနဲ့ ရေခဲမုန့်က ငါးခွက်ဆိုတာ အခုထိတောင် မှတ်မိသေးတယ်။

သူတို့ရွာက လူတွေ ဒုံးဝေးချက်ကလည်း ရေခဲမုန့်ကို မမြင်ဖူးကြတော့ အငွေ့ပျံနေတာကို ပူလွန်းလို့အခိုးထွက်တယ်ဆိုပြီး 'တဖူးဖူး' နဲ့ မှုတ်ပြီး စားတဲ့သူက စား၊ အိမ်မှာ ကျန်ခဲ့တဲ့သူကိုပြချင်လို့ဆိုပြီး ရေခဲမုန့်ကို 'ဖက်' နဲ့ထုပ်ပြီး ယူတဲ့သူကယူနဲ့ ရှုတ်ရှုတ်သဲသဲကိုဖြစ်လို့ဗျာ။

ဘာဖြစ်ဖြစ် သားပါကြီးတို့ လင်မယားလည်း ဖအေတစ်ထမ်း၊ ယောက္ခမတစ်ရွက်နဲ့ ပညာ့ပန်းတိုင်ကြီးကို ပျော်ပျော်ကြီး လှမ်းကိုင်နိုင်ကြလေသတည်းဆိုပြီး ဇာတ်လမ်းကဆုံးရမယ့်ဟာကို။

အားလုံးအေးဆေးသွားပြီလို့ထင်တုန်း 'ဗြုန်း' ဆို ပါကြီးတစ်ယောက် အပျိုကြီးဒေါ်ခင်မလတ်ကို ခိုးပြေးပြီဆိုတဲ့ သတင်းကြီးက 'ဟိန်း' ထွက်လာပြန်ပါတယ်။

သားပါကြီးတို့ လင်မယားက ကျောင်းတက်ရင်း တန်းလန်းဆိုတော့ ဘယ်သူ့လက်ချက်ဆိုတာ အားလုံးသိနေကြတာပေါ့။

ဒါကိုမသိနိုင်ဘဲ ဒုတိယမွှိုပေါက်ကွဲနေတဲ့ ဦးမောင်မောင်တင်ကို ယခုခိုးပြေးတာ ဖအေပါကြီးဖြစ်ကြောင်း ရှင်းပြဖို့ ကျွန်တော်ကြံသေးပေမယ့် ပန်းသတင်းက လေညှင်းဆောင်၊ လူ 'အတင်း' ကလူချင်းဆောင်ဆိုတော့ ခုတ်စရာအဝတ်မရှိတော့လို့ ထင်ပါရဲ့ ဦးမောင်မောင်တင်တစ်ယောက် အလွမ်းတွေကို ထန်းရည်ထဲမှာ မျော



www.burmeseclassic.com

www.burmeseclassic.com



နေကြောင်း၊ တစ်ခါတစ်ရံဆိုင်ကထုတ်တဲ့ ဘီအီးကလည်း 'ကိုတာ' စနစ်နဲ့ ရောင်းရတာဆိုတော့ ခမျာကြီးလည်း ရရာနဲ့ သူ့အလွမ်းတွေကို မျှောနေရတယ်ထင်ပါ့ဗျာ။

တစ်ခါတစ်ရံ "မိန်းမဟူသည် . . ဆောင်းလေပမာညီ . . အတွင်းသဘောဘယ်မတည် . . ပြောင်းလဲတတ်သည်' တို့ 'ချစ်တတ်ခဲ့သော တပည့်တော်နှလုံးသား . . အမုန်းခွန်အားပေးသနားရန် တောင်းပန်ပါသည်"

တို့ စသည့်ပန်းမခူးလိုက်ရတဲ့ ဥယျာဉ်မှူး သီချင်းတွေကို ကာရာအိုကေစက်မပေါ်ခင်ကတည်းက တစ်ရွာလုံးကြားအောင် ဗိုသံပါကြီးနဲ့ ဟစ်ကြွေးနေကြောင်း ကြားရပြန်တော့လည်း . .

ဩော် . . လောကမှာ တောင်းဆိုး၊ ပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိတယ် . . . ခယ်မဆိုး၊ မရီးဆိုးကို ပစ်ရိုးထုံးစံမရှိပါဘူးလို့ တရားချပေမယ့် ကျောင်းအစ်မကလည်း မရှိလေတော့ အသက်ကို ဉာဏ်စောင့်ဆိုတဲ့ စကားအတိုင်း ဦးမောင်မောင်တင်ရှိရာ ဒေသကို အန္တရာယ်ဖုန်လို့ သတ်မှတ်ပြီး ကျွန်တော်လည်း 'စတေး' ရှောင်နေခဲ့ရတာပေါ့။

အဲဒီကိစ္စအတွက် ဖအေပါကြီးနဲ့ဒေါ်ခင်မလတ်ကို လိုက်ရှာဖို့ဆိုတာလည်း သိတဲ့အတိုင်း သားပါကြီးမိန်းမခိုးတုန်းကတောင် မိုးနည်းရေရှား အပူပိုင်းဇုန်မှာ မနေသင့်ကြောင်း သတင်းကောင်းပါးပြီး ငွေထုတ်ပေးခဲ့တဲ့ အာဂဖအေပါကြီးပဲဗျာ။

ခုလောက်ဆို ဝေရက်တောင်ပေါ် ရောက်နေမလား၊ အန္တာတိက ရေခဲတိုက်ရောက်နေမလား ဘယ်သူကသိနိုင်ပါ့မလဲလို့ ။

အချိန်ကာလသည်သာ အကောင်းဆုံးသမားတော်ဆိုတဲ့ 'သိုးဆောင်း' စကားပုံလိုပေါ့။

မြေးဦး၊ သားဦးရလာတော့ ဦးမောင် မောင်တင်လည်း မာန်





ကျပြီး သမီးနဲ့သမက်ကို သူ့အိမ်ပြန်ခေါ်တယ်လေ။

ဖအေပါကြီးနဲ့ဒေါ်ခင်မလတ်လည်း 'ဟန်းနီးမွန်း' ခရီးအကြောင်းပြချက်နဲ့ မြန်မာပြည်တစ်လွှား နာမည်ကြီးညောင်ပင်အကုန်လုံးကိုသွားပြီး သားဆုပန်ကြသေးပေမယ့် နှစ်ယောက်ပေါင်းရင် ကိုးဆယ်ဆိုတဲ့ 'အာယု' ကထောက်နေလေတော့ ရေစိုပြီးမှိုတက်နေတဲ့ စီးကရက်ကို ဆီခမ်းပြီး ကျောက်ကုန်နေတဲ့ မီးခြစ်နဲ့မီးညှိဖွာရှိုက်လို့ မာန်လျှော့ပြီး သားပါကြီးရဲ့ ကလေးကိုပဲ အချစ်တွေပုံခဲ့ကြရတော့တာပေါ့။

တော်ပါသေးရဲ့ဗျာ . . ဖအေပါကြီးတို့သာ ကလေးရခဲ့ရင် ဘယ်လိုအမျိုးစပ်ရမှန်းတောင် မသိတော့ပါဘူး။

သားပါကြီးရဲ့သားက ဖအေပါကြီးရဲ့မြေး၊ ဖအေပါကြီးရဲ့သားက သားပါကြီးနဲ့ဖအေတူ မအေကွဲညီအစ်ကို၊ ဟိုဘက်ကပြန်ကြည့်တော့ အဒေါ်ရဲ့သားက တူမနဲ့ တစ်ဝမ်းကွဲမောင်နှမ၊ တူမရဲ့သားကျတော့ အဒေါ့်အတွက်မြေး၊ ကလေးအချင်းချင်းကျတော့ . . အင်း . . ဘုရားမပေးလို့ အမျိုးဇာတ် မရှုပ်တာ။

နောက်ဆုံး အားလုံးဇာတ်ပေါင်းလိုက်တော့ ဦးမောင်မောင်တင်ကသာ ကျွန်တော့်ကို အစာမကြေတာ၊ ကျန်တဲ့သူတွေနဲ့ကတော့ 'အိုကေ' မှာစိုပြည်လို့ပေါ့။

စတဲ့ စတဲ့ ရှေးဟောင်းနှောင်းဖြစ်တွေကို တဝါးဝါး၊ တဟားဟားနဲ့ မကွေးတံတားကြီးပေါ်မှာ ထိုင်ရင်း ဘီယာနဲ့မျှောချနေကြတဲ့ ကျွန်တော်တို့နှစ်ယောက်နား 'ပြန်း' ဆို ကားတစ်စီးလာရပ်ပါမှ စကားစလည်း ပြတ်သွားကြတယ်။

ရပ်တဲ့ကားကလည်း 'ရှယ်'ကားဆိုတော့ မျက်တောင်မခတ်မိအောင် ငေးကြည့်မိတာပေါ့။ ကြည့်လည်းကြည့်ချင်စရာကောင်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်တော်များများ ရောက်ဖူးတဲ့ ကျွန်တော်(အခုမှ ကြွားရတော့တယ်) TOYOTA, MITSUBISHI, HONDA အစရှိတဲ့ နာမည်ကြီးကုမ္ပဏီကထုတ်သမျှ ကားတွေကို သိပေမယ့် အနီ့ ကားကြီးကိုတော့လို့ ဘာအမျိုးအစား ဘာကားမှန်းမသိတာက တော့ ဘုရားပေးပေး ကျမ်းပေးပေးပါ။

အနီကားရှေ့ခေါင်းထဲမှာ မျက်လုံးပြူးပြူးကြီးနဲ့ ပြုံးပြုံးကြီး ကြည့်နေတဲ့ မျက်နှာကို မြင်လိုက်ရတော့ ကျွန်တော်နဲ့မျိုးထွဋ်လည်း ဝမ်းသာအားရကြီး . . .

"ဟာ . . ပါကြီး . . ."

လို့ နှုတ်အဆက် တစ်ဖက်ရှေ့ခုံမှ ပြူးပြူးကြီးနဲ့ ပြုံးပြုံးကြီး နောက်တစ်ဦးက ခေါင်းညိတ်ပြတာကို မြင်လိုက်ရတော့ . . .

"ဩော် . . ဦးလေးလည်း ပါလာတာကိုး . . ဟဲ ဟဲ . . နေကောင်းလား . ."

လို့ ရယ်ကျဲကျဲနဲ့ ဖအေပါကြီးကို အားတောင့်အားနာကြီး နှုတ်ဆက်အပြီး ကားနောက်ခန်းထဲက မျက်လုံးပြူးပြူးနဲ့ ပြုံးပြုံးကြီး လုပ်ပြနေတဲ့ ခေါင်းသေးသေးတစ်လုံးမှ ထွက်လာပြန်ပါတယ်။

ကြီးတာနဲ့ သေးတာပဲကွာတယ် ချွတ်စွပ်မှချွတ်စွပ်။

"ဟာ . . သားသားလည်း ပါလာတယ်လား။ မတွေ့တာကြာ လို့ မှတ်တောင်မမှတ်မိတော့ဘူး သားသားနာမည်ပြောပါဦးကွဲ့ . ."

လို့ ကျွန်တော့်ရဲ့ နှုတ်ခွန်းဆက်သံအဆုံး . . .

"သားနာမည်က အရှည်ကြီးပဲ . . သူငယ်ချင်းတွေခေါ် သလို ခေါ်မလား . ."

လို့ အမေးရှိလာတာကြောင့် ခေါင်းညိတ်ပြရင်း . . . .

"သားသားကို ဘယ်လိုခေါ်ရမလဲ . . ."

လို့ ခွန်းတုံ့ပြန်လိုက်တဲ့ သကာလ . . . .





"ပါကြီး . . တဲ့ . ."

"ဟော . ." ခနဲ အာမေဍိတ်သံနဲ့အတူ ကျွန်တော်နဲ့မျိုးထွဋ်လည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြတယ်။

ဖအေပါကြီးရဲ့သား၊ သားပါကြီးက မွေးတဲ့ မြေးပါကြီးကို ပြန်ကြည့်ရင်း ကျွန်တော်တို့နှစ်ယောက်လည်း တစ်ပြိုင်တည်း . . .

"မိုက်ပါပေ့ ပါကြီးရာ . . ."

လို့ . . မြည်တမ်းမိလိုက်ကြလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com






# နှစ်ဝါတစ်နီ

"ရော မကိုရောက်လို့မှ ရောမသားလို မကျင့်ကြံနိုင်ရင်တောင်၊ ရောမသားတွေ မျက်စိနောက်အောင် မနေလေနဲ့"

ဆိုတဲ့ ဒိုင်ကြောင်စကားလုံးထွားထွားကြီးကို ဆီမန်း, မန်းသလို တဖွဖွရွတ်ဆိုရင်း လေယာဉ်ပေါ်တက်တဲ့အထိ အမှာတော်ပါးခဲ့တဲ့ ကျွန်တော်တို့ မန်ကျည်းပင်တန်းရွာရဲ့ နားကြီး၊ မျက်စိကြီး လူရည်လည်ကာလသားခေါင်း 'ပါလေပု' ရဲ့ အမှာစကားကို မြေဝယ်မကျ နားထောင်ရင်း . . .

အလူမီနီယံ၊ ကွန်ကရစ်ဖုန်းဆိုးတောထဲက ထိုးထိုးထောင်ထောင် မိုးမျှော်တိုက်ကြီးတွေကြားမှာ မလွတ်မလပ်ဖြတ်သန်းတိုက်ခတ်နေရတဲ့ ကျပ်ခိုးစွဲ၊ စက်ဆီနံ့သင်း တစ်ပတ်နွမ်း လေထုကို အံကြိတ်လို့ ရှူရှိုက်ပြီး၊ နဖူးကချွေး ဘွတ်ဖိနပ်ပေါ် တပေါက်ပေါက်ကျတဲ့အထိ ခါးကျိုးလုမတတ် ကုန်းရုန်းလုပ်ကိုင်ရင်း လေးနှစ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခအချိန်ကာလကြီးကို အောင်မြင်စွာဖြတ်ကျော်နိုင်ခဲ့ပြီမို့ မန်ကျည်း ရန့်တွေ သင်းပျံ့ကြိုင်လှိုင်နေမယ့် ဇာတိချက်ကြွေ မန်ကျည်းပင် တန်းမြေကို အပြေးအလွှားအငမ်းမရ ပြန်လာခဲ့တဲ့ ကျွန်တော်တစ် ယောက် ရွာမဝင်ခင်ဖြတ်သန်းရတဲ့ ကိုပိန့်ထန်းတော အရောက်. . .

"အလို . . . ငါ့အလာလမ်းကို မှန်းဆလို့ သောင်းသောင်း ဖြဖြ ကြိုဆိုကြသလို ရွာရှိကာလသား လူကုန်အစုံအစေ့ ထန်းတော ထဲမှာ ရှိတွေ့နေပါရောလား"

အတွေးပင်မဆုံးသေး အမြုပ်ဖြူတွေ ဝေဝေဆာနေတဲ့ ပင်ကျရည်အပြည့်ထည့်ထားတဲ့ အုန်းမှုတ်ခွက်က ကျွန်တော့်လက် အတွင်း သက်ဆင်းလာသမို့ 'ဆတ်' ခနဲယူကာ 'ဂွပ်' ခနဲ မော့ရုံရှိ သေး ကျောပုတ်၊ ရင်ပုတ်၊ နားရင်းအုပ်ဖြင့် ဝမ်းသာအားရ စုပေါင်း နှုတ်ဆက်လိုက်ကြတဲ့ သူငယ်ချင်းလက်ချက်ဖြင့် အသက်ထွက်လု မတတ် ခံစားလိုက်ရပါသော်လည်း တစ်အူတုံဆင်း ညီရင်းအစ်ကို ပမာ လည်ပင်းဖက်ကြီး၊ ရင်းနှီးခဲ့ကြတဲ့ ချစ်သူငယ်ချင်းတွေရဲ့ တစ် ယောက်တစ်လက်၊ တစ်ယောက်တစ်ချက် နှုတ်ခွန်းဆက်ပွဲ ခြိမ့်ခြိမ့် သဲသဲကြီးအတွင်း အရာရာကို ဦးဆောင်ဦးရွက်ပြုလုပ်တတ်တဲ့ သူငယ်ချင်းတစ်ယောက် ပျောက်ခြင်းမလှ ပျောက်နေတာကို သတိ ထားမိတဲ့အတွက် . . .

"ဟဲ့ . . . ဟဲ့ ငါတို့ရွာရဲ့ အမိကရ၊ နားကြီး၊ မျက်စိကြီး လူရည်လည် ကာလသားခေါင်း ပါလေပုတစ်ယောက် ဘယ်ချောင်ကို ရောက်နေလို့ ဒီနေရာမှာ ပျောက်နေရတာလဲဟ"

ကျွန်တော့်အမေးစကားအဆုံး ကာလသားတွေရဲ့ ပျော်ရွှင်မှု တွေ ဆိတ်သုဉ်းသွားကြောင်း ကောင်းကောင်းကြီးတွေ့လိုက်ရသလို၊ အားလုံးရဲ့ မျက်နှာများကလည်း ပြိုတော့မည့်မိုးကဲ့သို့ အုံ့မှိုင်းသွားပြီး တချို့ကလည်း မေးကြောကြီးများ ထောင်သည်အထိ အံတွေကြိတ်၊





တချို့ကလည်း မချိတင်ကဲ ငိုပွဲကြီးဆင်နွှဲတော့မည့် ပုံအသွင်မြင် နေရသဖြင့် . . .

ဘုရား. . . ဘုရား. . . ဒီရွာကို ငါမျက်ကွယ်ပြုတုန်း ပါလေပုတစ်ယောက် မရဏရှင်သေမင်းနဲ့ စစ်ခင်းရင်း ငယ်ငယ်ရွယ် ရွယ်နဲ့ ဆုံးပါးသွားခဲ့လေသလားလို့ သံသယအတွေးနဲ့ပူဆွေးမယ် မြင်တုန်း ထန်းတောထဲမှာ အုပ်စုလိုက်ထိုင်နေကြတဲ့ ကာလသားတွေ ထဲက ဝါအကြီးဆုံးဒူကြီးက ဆို့လာသော မျက်ရည်စကို သူ့လက်ကြမ်း ကြီးဖြင့်သုတ်ရင်း . . .

"မေးပြီ. . . မေးပြီ. . . ပဏ္ဍိတ ဘလက်ဘန်းရေ. . . ငါဘယ်လိုဖြေလိုက်ရမှာလဲကွ . . ."

လို့ မချိတင်ကဲ ရေရွတ်လိုက်သံကြောင့် ကျွန်တော်လည်း တအံ့တသြဖြင့် . . .

"ဟဲ့. . . ဒူကြီးရဲ့ ငါမေးတာက ပါလေပုလေကွာ။ ဘယ်က ပဏ္ဍိတ ဘလက်ဘန်းကို တမ်းတနေရတာလဲ. . ."

ဒူကြီးက သက်ပြင်းရှည်ကြီးကိုချလိုက်ရင်း . . .

"မင်းတစ်ယောက် ရွာကခွာခဲ့တာ လေးနှစ်နီးပါးကြာခဲ့ပြီ ဆိုတော့ မင်းမရှိစဉ်အတွင်း ပါလေပုတစ်ဖြစ်လဲ ပဏ္ဍိတဘလက် ဘန်းရဲ့ ဖြစ်ပုံ၊ ပျက်ပုံအလုံးစုံကို ပြန်ပြောင်းပြောပြရရင် တို့များမှာ သောကမျက်ရည်တောင်လည်ပါတယ် သူငယ်ချင်းရယ်. . .

ဒါပေမယ့် နကန်းတစ်လုံးမှ မသိတဲ့ မင်းအတွက် ပါလေပုရဲ့ အဖြစ်သနစ် သက္ကရာဇ်နဲ့တကွ တိတိကျကျပြောပြရရင် ဖာဂူဆင်နံ့ ဆိုတဲ့ မန်ချက်ဂုရုကြီးရဲ့ဘောကန် ဖိနပ်အစွန်း ဘက်ခမ်းနဖူးကို နမ်းမိတဲ့ကာလကပေါ့. . .

အလိုလေး. . . လေး. . . ငါ့ရွှေနားတော် လေချော်ရွှေ သလား ဟဲ့ ငါတို့ရွာငယ်ဇနပုဒ်သားတွေက သက္ကရာဇ်ကိုမှတ်သား



www.burmeseclassic.com

www.burmeseclassic.com



ရင် ရွာတွင်းရွာပြင် ပတ်ဝန်းကျင်ရဲ့ ထူးခြားဖြစ်စဉ်ကိုသာ ရည်ညွှန်းရိုးထုံးစံရှိပါတယ်။ ဥပမာ- ရွာအလယ်ပိုင်းက ထွေးလေးဘိုစန်း နွားမကြီး ချောက်ထဲပြုတ်ကျတဲ့နှစ်၊ သူကြီးသမီးကလေးနှစ်ယောက် ပြူးကြီးမွေးတဲ့နှစ် စသည်ဖြင့်၊ စသည်ဖြင့်ပေါ့. . . အခုတော့ မအပ်မစပ် အင်္ဂလန်ပရီးမီးယား ထိပ်သီးကြီးတွေရဲ့ ပဋိပက္ခကို အမှတ်အသားပြုပြီး ခုနှစ်သက္ကရာဇ်ကို တွက်စစ်လိုက်ပြီဆိုတော့ ကေန္တ ငါ့ရွာကလည်း ကမ္ဘာ့ရွာကို အမီလိုက်နေပြီပေါ့လို့ ဝမ်းသာပီတိဖုံးနေတုန်း ဒူကြီးက ခွီး. . . ခနဲ နှပ်ချေးများကို ညှစ်ချလိုက်ရင်း. .

"အဲဒီနှစ်က တို့ရွာက ကာလသမီးတွေ အကုန်လုံးနီးပါး တခြားရွာက ကာလသားတွေနဲ့ချည်း တဖြုန်းဖြုန်းညားလိုက်ကြတာများ။ ရလိုက်တဲ့ ကာလသားကြေး ခဲဖိုးတွေဆို ဖွေးဖွေးလှုပ်လို့ပေါ့ကွာ။ တို့ရွာရဲ့အမြင်ကျယ်၊ လူရည်လည် ကာလခေါင်း ပါလေပုကလည်း ရသမျှ ငွေတွေသိမ်းကျုံးယူပြီး မြို့တက်သွားလိုက်တာ နှစ်ညအိပ်တောင်မကြာပါဘူး ရှစ်ပေစလောင်းဆိုတဲ့ ဟာကြီးက ရွာလယ်ဇရပ်ခေါင်မိုးမှာ သရဖူဆောင်းတော့တာပါပဲကွာ။ မလည်မဝယ် ငါတို့ကာလသားလူငယ်တွေ အမြင်ကျယ်စေဖို့တဲ့၊ တုနိုင်းမရတဲ့ ပါလေပုရဲ့စေတနာတွေပေါ့. . .

ပါလေပုရဲ့စွမ်းဆောင်ချက်နဲ့ ငါတို့တစ်ရွာလုံးလည်း ညကြီးအချိန်မတော် ဂိုး. . . ဂိုး. . . ဆိုပြီး တပျော်တပါးနဲ့ အော်ဟစ်ခဲ့ကြရပုံများ လွမ်းတောင်လွမ်းမိပါသေးတယ် ငါ့ကောင်ရယ်. . .

ဘေးနားက ရွာတွေကလည်း ကံထူးတဲ့ ငါတို့ရွာကိုအားကျပြီး သူတို့ကာလသမီးတွေကို တခြားရွာက ကာလသားတွေနဲ့ ညားစေဖို့အရေး ကိုယ်တိုင်ကိုယ်ကျတောင် ဖန်တီးလို့ပေးကြသတဲ့။ ဟိုဘက်တစ်ရွာတည်းသား၊ ကာလသား နှစ်ယောက်က သူတို့ရွာက ကာလသမီး နှစ်ယောက်ကို တစ်ပြိုင်တည်းယူမယ်ဆိုရင်၊ ခဲဖိုးငွေကို လျှော့





ပေးမယ့်အပြင်၊ အရစ်ကျလပေးနဲ့ ပေးရင်တောင် လက်ခံမယ်ဆိုပြီး စည်းရုံးနေသတဲ့. . .။

အောင်မယ်လေး . . . လေး . . . လေး . . . ကြားရကြားရ နားဝမသက်သာ ဘယ့်နှယ်ဗျာ ဂြိုဟ်တုစလောင်းရဖို့အရေးအတွက် ကာလသမီးတွေကို အရင်းအနှီးပြုကြသတဲ့။ ရွာသာငယ်တယ် ကာလသားတွေ အသိကြွယ်ချက်ကလည်း လူသားအရင်းအမြစ် ဘယ်လိုအသုံးပြုရမလဲဆိုတာ ဒင်း. . တို့သိသဗျ။ ဒစ်စကောင့်နဲ့ ပရိုမိုးရှင်းအကြောင်း ဒင်းတို့ ကောင်းကောင်း နားလည်သဗျ။ နောက်များဆို မြန်မာပြည်တစ်လွှားမှာ ဟိုးဟိုးကျော်သွားတဲ့ မိတ်ကပ်ဖန်တီးရှင်တို့လို Wedding Fashion Show ပွဲကြီး ခြိမ့်ခြိမ့်သဲသဲ ကျင်းပပြီး ကာလသမီးတွေကို လေလံတင်လေဦးမလားလို့ အတွေးပဟေဠိကို အဖြေညှိနေတုန်း ဒူကြီးက ငှက်ခါးတောင်ကို တစ်ကျိုက်ကျိုက်လိုက်ရင်း . . .

တစ်ရွာလုံး ပျော်တပြုံးပြုံးဖြစ်နေတဲ့ အချိန်မှာသားတော်မောင်အတွက် ဂုဏ်ယူမဆုံး ဖြစ်နေတဲ့ ဖခင်ကြီး ဘကြီးမဲလုံးကလည်း သူ့ သားတော်မောင် ပါလေပုကို အားကိုးပြီး သူ့လယ်အတွက် လိုအပ်တဲ့ ရေစုပ်စက်ကိုမြို့တက်ပြီး ဝယ်ခိုင်းလိုက်သတဲ့။

အမြင်ကျယ်ပြီး အသိပါကြွယ်တဲ့ ရွာရဲ့မျက်ရှု ပါလေပုတလည်း ငါ့အဖေပေးလိုက်တဲ့ ဒီငွေထုပ်နဲ့ဆို စက်အစုတ်ပဲရမယ်၊ ငါ့အတွေးအခေါ်၊ ငါ့ရဲ့မြော်မြင်တတ်တဲ့ ဉာဏ်စွမ်းနဲ့ ဂျာနယ်တွေတရတဲ့သတင်း ခန့်မှန်းကို အရင်းပြု လိုက်ရင်တော့ နောက်ဆုံးပေါ် စက်အသစ်ဝယ်ဖြစ်စေရမကွဲ့ဆိုပြီး 'ဘလက်ဘန်း' အသင်းဘက်က နေပါသမျှငွေကို အရင်းအနှီးပြုလိုက်တယ်ဆိုရင်ပဲ. . .

"ကုန်ရောလား ဒူကြီးရဲ့"

"လမ်းစရိတ်တောင် မကျန်တော့လို့ ဆိပ်ကမ်းကူလီဘင်



www.burmeseclassic.com

www.burmeseclassic.com



ကုန်ချမှာ တစ်ပတ်လောက် တောင်ဝင်လုပ်ခဲ့ရသေးသတဲ့၊ ရွာအပြန် လူလုံးမလှသလို ဖအေကိုလည်း မျက်နှာမပြရဲလေတော့ လောကီအကြောင်း တစေ့တစောင်းတောင် စိတ်မဝင်စားတဲ့ သူ့အဖေရဲ့ အစ်ကိုအရင်း သူ့ဘကြီး ရွာဦးဘုန်းကြီးဆီ အရောက်ပြေးပြီး. . .

ကိစ္စများမြောင် လူတို့ဘောင်မှာ သံသရာ ကရွတ်ကွင်းသက်ဆင်းရမည့်ဘေးကို သေလုမတတ် တဖျပ်ဖျပ်တုန်အောင် ကြောက်ရွံ့လို့ဆိုပြီး ငိုဟယ်၊ ရယ်ဟယ် မူယာကြွယ်ကြွယ်နဲ့ အပုပ်ကောင်ကသရုပ်ဆောင်ပြလိုက်တယ်ဆိုရင်ပဲ ဘဘုန်းကြီးကလည်း ညတွင်းချင်းအချိန်မဆိုင်းဘဲ ပါလေပုကို သာသနာ့ဘောင်အတွင်း သွတ်သွင်းပြီး သကာလ ပဏ္ဍိတဆိုတဲ့ဘွဲ့နဲ့ ကိုရင်ကြီး ဝတ်ပေးလိုက်တာပေါ့. . .

ဟော. . . နောက်တစ်နေ့ကျတော့ ဘဘုန်း ကြီးနောက်ကနေ နှစ်လွှာစကျွံမြေပြင်ကိုရှုရင်း တည်ငြိမ်တဲ့ကြွေနဲ့ ဆွမ်းခံကြွလာတဲ့ သားကိုရင့်ကို မြင်လိုက်ရင်ပဲ ဖခင်ကြီးမဲလုံးယူကျုံးမရ အပူလုံးကြွပြီး သံဃေဂတွေ တနင့်တပိုးနဲ့ 'နှမြောတသ' သုံးကြိမ်ရွတ်ဆိုပြီး သကာလ သူ့ရေစုပ်စက်အတွက် ရေစက်ချလိုက်ရတော့တာပါဖဲငါ့ကောင်ရာ. . .

တခွီးခွီးဖြင့် ပင်ကျရည် ငှက်ခါးတောင် သီးသည်အထိ ကျွန်တော်ရယ်မိသော်လည်း မျက်နှာမသာမယာဖြင့် ဒူကြီးကဆက်ပြီး ရင်ဖွင့်ပြန်သည်။

အကြောင်းသိတဲ့ ငါတို့ကလည်း သူ့ဘွဲ့အမည် နောက်က ဘလက်ဘန်းဆိုတာလေးကို တွဲဖက်ပြီး ကိုရင်ကြီးပဏ္ဍိတ ဘလက်ဘန်းလို့ချစ်စနိုးနဲ့ ခေါ်ခဲ့ကြတာပေါ့ကွာ။ ကိုရင်ကြီးဘလက်ဘန်းခများလည်း ကျောသား၊ ရင်သားမခွဲခြားဘဲ လက်စကောင်းကောင်းနဲ့ နှာနှပ်ယူရတဲ့ အထိအစွမ်းပြတတ်တဲ့ သူ့အဖေလူမိုက်ကြီး ဘကြီး





မဲလုံးကိုကြောက်လို့ သက်န်းကိုမချွတ်ရဲဘဲအရှိန်နဲ့ ဆက်ပြီး လိမ့်နေလိုက်တာ နှစ်ဝါတောင်ရခဲ့သဟ။

ဒီကြားထဲ သူသယ်ဆောင်လာခဲ့တဲ့ ဖြုတ်တုစလောင်းရဲ့ ဖမ်းစားချက်ကြောင့် မန်ချက်၊ အာကြီး၊ ရိုးရဲ၊ လာလီဂါဆိုတာတွေကတို့ရွာသားတွေရဲ့ပါးစပ်ထဲမှာ ကွမ်းယာငုံသလို တမြုံ့မြုံ့နဲ့ အရည်မရ အဖတ်မရဘဲ စွဲခဲ့ကြသလို၊ ခြေထောက်တွေကလည်း အငြိမ်မနေနိုင်တော့ဘဲ လမ်းမှာ ခဲတွေ့ခဲကန်၊ ခွေးတွေ့ခွေးကန်နဲ့ ခြေမကွဲသူကွဲ၊ ခွေးကိုက်ခံရသူခံနဲ့ တစ်ရွာလုံး ဘောလုံးမှ ဘောလုံး တရုန်းရုန်းဖြစ်နေလိုက်ပုံများ ကောက်စိုက်သမတွေတောင်မှ ကောက်စိုက်မယ့်အရေး အိမ်ကွင်းလား၊ အဝေးကွင်းလားလို့တောင် မေးနေကြပြီကွ။

ဒီကြားထဲ အရှေ့၊ အနောက်တန်းနေတဲ့ ဆယ်ပေသာသာ ရွာအလယ်လှည်းလမ်းလေးခြားရုံနဲ့ တောင်ပိုင်းသားနဲ့မြောက်ပိုင်းသားဆိုပြီး ခွဲခြားကာ ဟန်ရေးပြချင်တဲ့ ဟောဒီက တစ်ရွာတည်းသားတွေရဲ့ ဆွေမျိုးအရင်းတောင်မရှောင်ဘဲ ပြိုင်ချင်၊ ဆိုင်ချင်တဲ့ စိတ်ဓာတ်တွေကြောင့် ငါတို့ရဲ့ ဇာတိချက်ကြွေ မန်ကျည်းပင်တန်းမြေမှာ တစ်နယ်လုံး ဟိုးဟိုးကျော်ကာ သတင်းထွားခဲ့တဲ့ "မယွင်းမမှားရတဲ့ ပါလေပုဖလား" ဘောလုံးပြိုင်ပွဲကြီးတောင် ကျင်းပဖြစ်ခဲ့သကွဲ့ ငါ့ကောင်ရဲ့။

အောင်မယ်လေး . . . ကြားလိုက်ရတဲ့ သတင်းစကားက မယွင်းမှားစရာ ပါလေပုဖလား ဆိုကတည်းက ပဏ္ဍိတ ဘလက်ဘန်းသူ့ပညာတွေ ဘယ်လိုများ လက်ဆင့်ကမ်းဦးမှာလဲလို့ ရင်တမမနဲ့ငံ့အလင့်၊ ဒူကြီးက၊ လေပူကြီးကို ဟူး. . . ခနဲ မှုတ်ထုတ်လိုက်ရင်း. . .

"တစ်ရွာထဲနှစ်ပိုင်းကွဲနေကြတဲ့ ကာလသားတွေရဲ့ ခြိမ့်ခြိမ့်သဲသဲ ဘောလုံးပွဲသဘင်ဆင်ယင်ကျင်းပမယ့် အရေးအတွက် တစ်မြို



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါင်းနဲ့ လောင်းကြေးငွေအသပြာတွေထပ်ကြပေမယ့် ကွင်းလယ် ဒိုင်စိတ်ကြိုက်မရနိုင်လို့ ရက်ချိန်းကိုတောင် မသတ်မှတ်နိုင်ကြသေးဘဲ အားလုံးခေါင်းခဲနေချိန်မှာ ဟောဒီထုန်းတောအတွင်းမှာရှိတဲ့ တာလသားတွေ အကုန်လုံးက ....

ဒူကြီးက အားလုံးကိုလက်ညှိုး ငေါက်ငေါက်ထိုးသလို အားလုံးကလည်း တစ်ပြိုင်တည်း "မင်းလည်း ပါတယ်ရှေ့ဆုံးက" ဟု တန်ပြန်လက်ညှိုးထိုးပြီး စွပ်စွဲသဖြင့် ဒူကြီးလည်း မသက်မသာဖြင့် ခေါင်းညိတ်ရင်း ...

"တို့တွေ အားလုံးရဲ့အခက်အခဲကို ဖြေရှင်းပေးနိုင်မယ့် သူဆိုလို့ တစ်ရွာလုံးမှာ တစ်ယောက်... အဲ... တစ်ရွာလုံးမှာ တစ်ပါးပဲရှိတာ အားလုံးသိသလို မင်းလည်းသိမှာပါ ငါ့ကောင်ရာ။ နှစ်ဘက်စလုံးက ဘောလုံးသမားတွေက သိုသိုသိပ်သိပ်နဲ့ တောင်းပန်သမှုတွေပြုလိုက်ရင်ပဲ ...

ကိုရင်ကြီး ဘလက်ဘန်းကလည်း ငြင်းဖို့တောင် သတိမရဘဲ သူကိုရင်ဝတ်တာ နှစ်ဝါတောင်ရခဲ့ပြီမို့ ရှေ့တစ်လှမ်းတိုးပြီး သာသနာ့မြေမှာ အပြီးခြေချနိုင်ရန်အတွက် ပဥ္စင်းဘောင်တွင်း သူ့ကိုသွတ်သွင်းရန် ဆရာတော်နဲ့ သူ့ခမည်းတော်က အာသီသရှိသလို၊ သူကလည်း သဘောတူကြောင်း ခေါင်းညိတ်ပြီးပြီမို့ အလှူပွဲ အတွက်လိုသမျှကို မြို့တက်ဝယ်ဖို့အတွက် ဆရာတော်နဲ့ ဘကြီးမဲလုံး ညအိပ်ညနေခရီးသွားဖို့ရှိသတဲ့။

ဆရာတော်နှင့်ဘကြီးမဲလုံးရွာက ထွက်လျှင်ထွက်ခြင်း သူလည်း ကိုရင်လူထွက်ပြီး ဘောလုံးပွဲမှာ ကွင်းလယ်ဒိုင်အဖြစ် စည်းကြပ်ပေးပြီး၊ ဘောပွဲပြီးလျှင်ပြီးချင်း ဆရာတော်တို့ပြန်မလာခင်မှာ ကိုရင်ကြီးအဖြစ်ပြန်ပြီး သင်္ကန်းစည်းမှာမို့ တစ်ရွာလုံးကိုရှူးတိုးတိုးနဲ့ သတင်းအမှောင်ချကာ ဆောင်ရွက်စရာရှိတာ ဆောင်ရွက်ကြပါလို့





အာမဘာန္တေခံပြီး ဝန်ခံကတိပြုမှုကြောင့်၊ နှစ်ဖက်အသင်းရဲ့ လောင်းကြေးအသပြာငွေထုပ်ကို ကိုရင်ကြီးထံအပ်နှံလို့ ဘောလုံးပွဲ ရက်မြတ်အဖြစ်သတ်မှတ်ခဲ့တဲ့ သက္ကရာဇ်နေ့စွဲကတော့ ဝိန်းရွှန်းနီရဲ့ ခြေထောက်ကို ချယ်လ်ဆီးနောက်ခံလူ ဖာတစ်ရာက တက်နင်းချိုးလိုက်တဲ့ အချိန်ကာလပဲကွ ငါ့ကောင်ရ။

ဘုရားပင် မတနိုင်တော့ပဲ ကျွန်တော့်မှာ 'ဂလု' ခနဲ တံတွေးမျိုချလို့ ရင်ဖိနေလိုက်မိသည်။

ရက်ချိန်းစေ့တဲ့ မနက် ဆရာတော်တို့ ရွာကထွက်လိုက်ရင်ပဲ ကိုရင်ကြီးပဏ္ဍိတက သင်္ကန်းကိုခဝါချလို့ ပါလေပုအသွင်နဲ့ လူဝတ်လဲတာ ရွာထဲမှာ လမ်းသလားပြီပေါ့။

မင်္ဂလာအခါရောက်လို့ ဘောလုံးပွဲ စတော့မယ်ဆိုရင်ပဲ တောင်ပိုင်းသားနဲ့မြောက်ပိုင်းသားတွေ အချိုးကျ ထည့်ဝင်ငွေနဲ့ဝယ်ပေးထားတဲ့ အနက်ရောင်ဝမ်းဆက် ဒိုင်လူကြီး ဝတ်စုံကို စတိုင်တင်းတင်းဝတ်ရင်း ဝီစီကိုလည်မှာဆွဲလို့ ပါလေပုတစ်ယောက် ကွင်းထဲမှာ လမ်းသလားနေလိုက်ပုံများ၊ ခေါင်းတုံးဖားလျားနဲ့မို့ ကော်လီနာမည်ကြီး ကွင်းလယ်ဒိုင်ကော်လီနာကိုတောင်မှ အလွမ်းပြေ သတိရမိပါသေးသကွဲ့ ငါ့ကောင်ရဲ့ . . .

နှစ်ဖက်အသင်းကိုကြည့်လိုက်ရင်လည်း မန်ချက်မှမန်ချက်ဆိုတဲ့ တောင်ပိုင်းသားတွေကလည်း မြို့တက်ပြီး ဝယ်ထားကြတဲ့ မန်ချက်ဝတ်စုံ ဝမ်းဆက်တွေ ဝတ်ထားလိုက်ကြတာများ တစ်သင်းလုံးက ကျောနံပါတ်ခုနစ် ဘက်ခမ်းအမည်ပါတဲ့ အင်္ကျီတွေချည်းပဲကွ။ တစ်ရွာတည်းသားတွေဆိုတော့ မျက်ခွက်တွေသိနေတာပဲ အင်္ကျီနံပါတ်က အရေးမကြီးပါဘူး။

အဲဒီလိုပဲ မြောက်ပိုင်းသားတွေကလည်း ဘရာဇီးနိုင်ငံကိုကိုယ်စားပြုပြီး နနွင်းရောင် ဝါထိန်ထိန်နဲ့ ကျောနံပါတ်ကိုး ရော်နယ်ဒို



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ဘရာဇီးအသင်း ဝတ်စုံအပြည့်အစုံ ဝတ်လို့ပေါ့ကွာ။ ဒိုင်နဲ့တကွ အားလုံးသော ကစားသမားတွေက ဘောလုံးဝတ်စုံတွေကို သေသပ်စွာ ဝတ်ဆင်ထားကြသော်လည်း ဘောကန်ဖိနပ်ကိုတော့ ဝေရာမဏိ ရှောင်ကြဉ်ထားကြသကွ။

"မင်းတို့ကလည်း ဝတ်စုံတောင် ဝယ်နိုင်ပြီး ဘောကန်ဖိနပ် ကျမှ ကပ်နေကြသေးသလားကွ"

လို့ အားမလိုအားမရပြောမိတော့ . . .

တစ်သက်လုံးခြေဗလာနဲ့ လယ်ထွန်၊ပျိုးကြဲ လုပ်လာခဲ့တဲ့ ခြေဖဝါးအပြားကြီးပါတဲ့ ငါတို့ ခြေကြွမ်းကြီးတွေ စွပ်နိုင်လောက်တဲ့ ဘောကန်ဖိနပ်မျိုး ဘယ်နိုင်ငံမှာသွားဝယ်ရမှာလဲဟ။ နောက်ပြီး ဖိနပ်ပေါက်မှာ သေမလောက်ကြောက်တဲ့ ငါတို့တွေ အားလုံးက ဖိနပ်ပြဿနာမရှာချင်ကြဘူးလေကွာ"

"ကဲပါလေ ဖိနပ်ကိုအသာထားပြီး ဘောပွဲအကြောင်း ဆက်ပါဦးဟ"

"အိုး. . . ငါ့ကောင်ရေ ယှဉ်ပြိုင်ကစားကြတာကလည်း ခေသူမဟုတ်တဲ့ ရွာရဲ့ထိပ်သီး အသင်းကြီးနှစ်သင်းဆိုတော့ ပညာ သားပါချက်ကလည်း နွားဇွေ့နွားကန် နည်းဗျူဟာနဲ့ မညာမတာ ကန်လိုက်ကြပုံများ ပထမပိုင်းတောင်မပြီးတတ်သေးဘူး တစ်ဖက်ကို ဆယ့်လေး၊ ငါးယောက်စီ လူစားလဲကြပြီးသွားပြီ လေး. . . ငါး ယောက်စီကတော့ ထမ်းထုတ်ရလောက်အောင်ကို အလွန်ကောင်းတဲ့ ပွဲကြီးပွဲကောင်းပဲဟေ့"

"မသိလို့မေးပါရစေဦး ဒူကြီးရယ် ပထမပိုင်းတင် အဲဒီ လောက်လူစားထိုးနေတော့ တစ်ဖက်ကို ဘယ်နှယောက်စီကန်လို့။ အရန်အင်အား ဘယ်နှယောက်များထားလို့လဲ။ ဒီကြားထဲ မဟာ တရားနဲ့မွဲကြမ်းချက်ကလည်း ထမ်းတောင်ထုတ်ရတယ်ဆိုတော့





ဒိုင်လူကြီးခမျာ ဘယ်လက်မှာ အဝါ၊ ညာလက်မှာ အနီ ဒေသေ ချည်ထားပြီး လက်နှစ်ဖက်စုံမြှောက်လို့ နတ်ကတော်လို ခုန်ပေါက်ပြီး အပြစ်ဒဏ်ချနေသလားဟဲ့. . ."

"ငါ့ကောင်ကြီးကလည်း နိုင်ငံခြားက လတ်လတ်ဆတ်ဆတ် ကြီးပြန်လာတာတောင်၊ အ,တုန်း န,တုန်းပါလားဟ. . . ကမ္ဘာ့ရွာ နောက်ကို တကောက်ကောက်နဲ့ အမီလိုက်နေတဲ့ ငါတို့ မန်ကျည်းပင် တန်းရွာပဲကွ။ အပြည်ပြည်ဆိုင်ရာ ဘောလုံးအဖွဲ့ချုပ်ရဲ့ စည်းကမ်း၊ ဖီဖာရဲ့စည်းမျဉ်းမယွင်းမှားရအောင် တစ်သင်းကိုဆယ့်တစ် ယောက် နဲ့ကစားတာပါကွ။

အင်း. . . ဒါပေမယ့် အားလုံးက ပါချင်ကြတယ် ဆိုတော့ တောင်ပိုင်းနဲ့ မြောက်ပိုင်းရွာရှိ လူကုန်က ကိုယ့်အပိုင်းနဲ့ကိုယ် စနစ် တကျနဲ့ အရန်ခုံတွေမှာ နေသားတကျစောင့် စားပြီးသားဆိုတော့ အရန်လူအတွက် တွေးပြီးမပူရတော့ဘူးပေါ့ ငါ့ကောင်ရယ်. .

နောက်ပြီး ကိုယ့်ရွာသားအချင်းချင်း ဆွေမျိုးအရင်းတွေကန် တဲ့ပွဲပေမို့ ဒိုင်လူကြီးပါလေပုက ကလည်းအဝါ၊ အနီ သူလ ်မသတီ လို့ ဆွဲကိုင်သမှုမပြုပါဘူး။ ကြမ်းကြမ်းတမ်းတမ်း ကစားတဲ့ ကောင်ဆို နားရင်းနှစ်ချက်လောက် အုပ်ထည့်လိုက်ပြီး ဆက်ပြီးကစားမလား၊ နားမလားလို့မေးလိုက်ရုံနဲ့ ပွဲအရှိန်မပျက် ထိန်းပြီးသားဖြစ်သွားတာပဲ ဟာ။

အိမ်း. . . ကမ္ဘာနဲ့တလွှား ရှာမှရှားတဲ့ နှစ်ဆယ့်တစ်ရာစု နည်းပညာသစ်တွေနဲ့ ကျင်းပဖြစ်တဲ့ ငါတို့ မန်ကျည်းပင်တန်းရဲ့ ဘောပွဲစစ်စစ် ပါလေပုဖလားပွဲကို ငါ့ကောင်ကြီး မမြင်မတွေ့ လိုက်ရ လို့ ယူကျုံးမရ၊ အပူလုံးကြွပြီး လူဖြစ်ရှုံးသလို ခံစားသွားရမှန်း ရိပ်မိပါ တယ်။ ငါ့ကောင်ရယ် . . ."

ပြောပြောဆိုဆို ဒူကြီးက ကျွန်တော့်နားရင်းကို တစ်ချက်ပီး



www.burmeseclassic.com

www.burmeseclassic.com



လိုက်စဉ် ကာလသားအားလုံးကလည်း တစ်ယောက်တစ်ပေါက်ဖြင့် ကိုယ်တွေ့မျက်မြင် ဘောပွဲဖြစ်စဉ်များကို ခေါင်းတညိတ်ညိတ်ဖြင့် စားမြုံ့ပြန်နေသဖြင့် ကျွန်တော်လည်းမနေသာတော့ဘဲ . . .

"ကိုင်း . . . ဘယ်အပိုင်းက နိုင်သွားသလဲဆိုတာ မိန့်ပါတော့ ဆွေသဟာရဲ့"

လို့တောင်းပန်သမှုပြုလိုက်ရင်ပဲ ဒူကြီးနဲ့တကွ လှုပ်လှုပ်ရွရွ ဖြစ်နေကြတဲ့ ဘောချစ်သူအပေါင်းရဲ့မျက်ခွက် ဝမ်းနည်းပက်လက်ပူဆွေးသောကဖြင့် မျက်ရည်များပင်ပြည့်လျှမ်းသွားသလို ဒူကြီးကလည်း အားတင်းရင်း . . .

"ဒုတိယပိုင်းပွဲသိမ်းခါနီးအထိ ဘယ်သူမှ ဂိုးမသွင်းနိုင်သလို ရှာရှိလူကုန်ကလည်း အလောင်းချင်းထပ်လုမတတ် အပြတ်အသတ်ကစားထားရတာဆိုတော့ နောက်ဆက်တွဲရွှေဂိုး၊ ငွေဂိုး ပင်ါနယ်တီအတွက် ကန်စရာလူမကျန်တော့လို့ သရေပွဲနဲ့ လူစုခွဲမယ်ပြင်တော့ ကွင်းလယ်ဒိုင် ပါလေပုက ပွဲကစားစဉ်အတွင်း လူစားလဲလို့ ဆုံးရှုံးခဲ့ရတဲ့ အချိန်တွေကို ထပ်ဆောင်းလို့ အွန်နရီဆိုလား၊ အွန်ဂျူတီဆိုလား ဘာဆိုလား အချိန်ပို ငါးမိနစ်တိတိ မကန်မဖြစ် ကန်ကိုကန်ရမယ်လို့ ဗီတိုအာဏာသုံးကာ အမိန့်တော်ချမှတ်လေတော့ . . .

ကွင်းလယ်ဒိုင်ရဲ့ အဆုံးအဖြတ် မပယ်ရှားဝံ့တဲ့ နှစ်ဖက်အသင်းလည်း နောက်ဆုံး စွမ်းအားကို အကုန်ထုတ်လို့ အားကုန်ကစားလိုက်ကြတာ မြောက်ပိုင်းဂိုးပေါက်ဝတည့်တည့်အထိ တောင်ပိုင်းသားတွေ ဖိမိပါလေရောဟေ့ . . .

အဲဒီမှာတင် တောင်ပိုင်း သား 'ရှောက်ပေါင်း'ရဲ့ ဘယ်ခြေနဲ့ ပတ်ကန်ချက်ကြောင့် အရှိန်နဲ့ ပြေးသွားတဲ့ဘောလုံးကြီးက ဂိုးပေါက်ရှေ့မှာ တည့်တည့်ကြီးရောက်နေတဲ့ ကွင်းလယ်ဒိုင်ပါလေပုရဲ့ ညာဒူးကို အုန်း . . . ခနဲထိပြီး မြောက်ပိုင်းဂိုးသမားဝင်းအောင်ရဲ့





ခြေနှစ်ချောင်းကြားကနေ ဝှီး. . . ခနဲ ဖြတ်သန်းလို့ ပိုက်ကိုနမ်းမိပါလေရောလားကွာ. . .

ဂိုး. . . ဆိုပြီးအော်ဟစ်လိုက်ကြတဲ့ ပရိသတ်အသံ မိုးထိအောင်ညံလို့ပေါ့၊ ဒါပေမယ့် အငြင်းသန်တဲ့ ဂိုးသမားဝင်းအောင်နဲ့တကွ မြောက်ပိုင်းသားတွေအားလုံးက ပါလေပုရဲ့ဒူးကို ဘောမထိရင် ကောင်းမွန်စွာ ဖမ်းမိမှာမို့ ဒီဂိုးကိုမပေးနိုင်ဘူးတဲ့။

မဟုတ်ရင်မခံ၊ ဟုတ်ရင်ပိုဆိုးတဲ့ တောင်ပိုင်းသားတွေကလည်း ပါလေပုကို မထိရင်တောင်မှ ဂိုးအပေါက်ဝ ရှေ့အလယ်ခေါင်တည့်တည့်ကြီးမှာ အနီးကပ်သွင်းရတာမို့ ဘယ်လိုကန်ကန် မလွဲဧကန်ဝင်ရန် အမှန်ဖြစ်တာကြောင့် ဒီဂိုးကို မပေးလို့ကတော့ အသေဆိုးနဲ့သေရမယ်ဆိုပြီး တုတ်ဆွဲ၊ ဓားဆွဲနဲ့ တောင်ပိုင်းသားတို့ရဲ့ ခရိုက်ကိုအမှန်အတိုင်းပြပါ လေရောဟေ့ . . ."

နှစ်ဖက်အသင်းရဲ့တုတ်၊ ဓားဆွဲပြီး အငြင်းပွားမှုကြားမှာ ချောင်ပိတ်မိနေတဲ့ ကော်လီနာလက်သစ် ပါလေပုအဖြစ်ကလည်း မတွေးရဲစရာ ဖြစ်နေတာကြောင့် လေးသခေ်ျနဲ့ ကမ္ဘာတစ်သိန်း အတွင်း ပွင့်တော်မူသမျှ ဘုရားရှင်များကို ကျွန်တော်မှာ ရင်တမမနဲ့ ကော်လီနာပါလေပုရဲ့ ဇာတ်ရှုပ် ဘယ်လိုအဖြေထုတ်မ လို့ နားစွင့်လိုက်တော့ . . . .

"တစ်ရွာလုံးဘီလူးဆိုင်းတီးပြီး၊ ဘီလူးစီးကာ ဘဝင်ညံအောင် အော်ဟစ်ရင်း ငရဲကြီးရှစ်ထပ်ကို ဖြတ်လမ်းက ချိတက်ဖို့ပြင်နေတုန်း ဗြုန်း. . . ဆိုပြီး ကွင်းထိပ်ကနေ . . .

"ဟိတ်. . . ရပ်လိုက်ကြစမ်း. . . ဆိုတဲ့ အောင်မြင်တဲ့ဩဇာသံနဲ့ ဟန့်တားလိုက်တဲ့ အမိန့်စကားကြောင့် အားလုံးလှည့်ကြည့်လိုက်တော့၊ လိုင်းကားပျက်လို့ လမ်းတစ်ဝက်ကနေ နောက်ကြောင်းပြန်လှည့်လာတဲ့ ဆရာတော်နဲ့ ဘကြီးမဲလုံးကို တွေ့လိုက်ရင်ပဲ အားလုံးက



www.burmeseclassic.com

www.burmeseclassic.com



ပျာပျာသလဲနဲ့ ကိုင်ဆွဲထားတဲ့ လက်နက်ကို မြေပေါ်မှာချလို့ ထိခြင်းငါးပါးနဲ့ ဆရာတော်ကိုဂါရဝပြုလိုက်ကြတဲ့ အချိန်မှာ အံ့ဩခြင်းတစ်ဝက်၊ ထိတ်လန့်ခြင်းတစ်ဖုံ၊ မှင်တက်ခြင်း တစ်နည်းနဲ့ ကြက်သေသေတာ မိုးတိုးမတ်တတ်ရပ်နေသူက ပါလေပု။

ဖန်ရည်ဆိုးတဲ့ မြတ်သင်္ကန်းကို မလွှမ်းခြုံဘဲ အနက်ရောင်ဝမ်းဆက်ကို ကိုယ်ပေါ်မှာဆင်ယင်လို့ ဘောလုံးကိုလက်မှာပိုက်၊ ဝီစီကို ပါးစပ်မှာကိုက်ရင်း ကြောင်တောင်တောင်ရပ်နေတဲ့ သားတော်မောင် ပါလေပုကို မြင်လိုက်ရရင်ပဲ၊ ဘကြီးမဲလုံးလည်း အဝေးကနေပြေးလာပြီး ဖရိုးကစ်ထည့်လိုက်တာ ငါ့မှာလေ ဒေးပစ်ကိုတောင်ခေါ်ပြီး ပြလိုက်ချင်ပါရဲ့။

အားကိုးတကြီးနဲ့ ဘဘုန်းဆီပြေးပြီး ကပ်မယ်ပြင်တော့၊ ဆရာတော်ဘုရားကလည်း ကိုရင်ဝါနှစ်ဝါရမှ လူထွက်တဲ့ ပါလေပု သာသနာနဲ့ မတန်လို့ ငါ့ကျောင်းရိပ်တောင် မနင်းစေနဲ့လို့ အမိန့်တော်မှတ်လိုက်လေတော့၊ မွေးသဖခင် ဘကြီးမဲလုံးရဲ့ကျောသား၊ ရင်သားမခွဲခြားဘဲ လက်စကောင်းကောင်း၊ ခြေစကောင်းကောင်းနဲ့ အစွမ်းပြတော့မယ့်အရေးကို သံသရာဘေးထက်ပိုကြောက်တဲ့ပဏ္ဍိတ၊ ဘလက်ဘန်း၊ ကော်လီနာ၊ ပါလေပုတစ်ယောက် နှစ်ဖက်အသင်းရဲ့ လောင်းကြေးအသပြာ ငွေထုပ်ကြီးကို ပိုက်လို့ မွေးရပ်ကနေ အပြေးခွာရလေတော့ ငါတို့အားလုံး ယူကျုံးမရ ဖြစ်ရပြီပေါ့ကွာ. . .။

ကိုရင်ဘဝနဲ့ နှစ်ဝါရမှ ဆရာတော့်ရဲ့အနီကဒ်ကြောင့် နှစ်ဝါတစ်နီနဲ့ အပြီးလူထွက်ခဲ့ရတဲ့ လူပြန်တော်ပါလေပုတစ်ယောက် ရွာအရိပ်ကို နင်းလိမ့်နိုးနိုးနဲ့ မျှော်မှန်းဆပြီး ငါတို့တွေ ဒီနေရာက လာပြီးတော့ စောင့်စားနေကြတာပါ သူငယ်ချင်းရာ. . .။

“ငွေထုပ်ပိုက်သွားတဲ့ကောင်က ပြန်လာလည်း လက်ဗလာနဲ့ပဲနေမှာပေါ့. . .”





“ဟ. . . ငါတို့ကလည်း အဲဒီငွေထုပ်ကို အရေးမလုပ်ပါဘူး။ ငွေထက်အရေးကြီးတာက ဂုဏ်သိက္ခာလေကွာ။ မပြတ်မသားနဲ့ ရပ်နားခဲ့ရတဲ့ ပါလေပုဖလားပွဲရဲ့ အဖြေရလဒ်။ ဒင်း ပါးစပ်က မသတ်မှတ်မချင်းအဖြေရှာမရတဲ့ ငါတို့ဘဝတွေကို သူငယ်ချင်းရယ် မင်းကိုယ်ချင်းစာကြည့်လှည့်ပါဦး အီး. . . . အီး. . . .”

လို့အားလုံးက ငိုကြီးချက်မဖြစ်သွားကြတော့ ကျွန်တော့်ရွှေရင်မှာလည်း နိမ့်တုန်မြင့်တုန်နဲ့ ဆို့တက်လာရပြီပေါ့. . . .

မန်ကျည်းပင်တန်းမှာမွေးတဲ့၊ မန်ကျည်းပင်တန်းသားက၊ မန်ကျည်းပင်တန်းသားများကို မျက်စိနောက်အောင်လုပ်သွားလေတော့၊ မန်ကျည်းပင်တန်းသား ကျွန်တော့်မှာလည်း ရင်ခုန်သံကာရန်တွေ ထပ်တူညီသွားပြီး၊ နုပါးပြင်နှစ်ဖက်ပေါ်သို့ မျက်ရည်ချောင်းကြီး တသွင်သွင်စီးလာလို့ လှိုက်လှိုက်လှဲလှဲဖြင့် ရှိုက်သံမဆဲတော့ဘဲ . .


“အဖြေရှာမရတဲ့ မရေရာဘဝမှာ ငါတို့တွေ မနစ်မွှောရအောင် ဇာတိမြေကို သမင်လည်ပြန် တစ်ချက်ငဲ့လို့ လှည့်ကြည့်လိုက်ပါဦး ပါလေပုရဲ့ အီး. . . အီး”

လို့ ရေယောင်ကာ ငိုမိလေတော့သတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com

# မန်ကျည်းပင်တန်းရဲ့ မီဒီယာ





## မန်ကျည်းပင်တန်းရဲ့ မီဒီယာ

"နိုင်ငံခြားပြန်ကြီးဆိုတဲ့ မယောင်ရာဆီလူးထားတဲ့ ဂုဏ်ထူးဝိသေသကြီး ထင်ပေါ်မျက်နှာပန်းလှစေဖို့အတွက် အနည်းဆုံးဆိုင်ကယ်တစ်စီးတော့ရှိသင့်တယ် သူငယ်ချင်း။ ဟောဒီမှာ ဆိုင်ကယ်တစ်စီး ကောင်းလွန်းလို့ပါကွာ။ သူငယ်ချင်းအချင်းချင်း ရောင်းတယ်ရယ်လို့ သဘောမထားပါဘူး။ ဝယ်သွားလိုက်ပါ"

ဆိုတဲ့ အရင်က ရွာမှာနွားကျောင်းသား၊ အခုတော့ မြို့ပေါ်မှာ ဆိုင်ကယ်ပွဲစားလုပ်နေတဲ့ ငယ်သူငယ်ချင်းစိုးကျော်ရဲ့တိုက်တွန်းမှုကြောင့် နိုင်ငံခြားပြန် လတ်လတ်ဆတ်ဆတ်ကြီး ကျွန်တော်တစ်ယောက် သူများနိုင်ငံမှာ သုံးနှစ်သုံးမိုးနဖူးကချွေး ဘွတ်ဖိနပ်ပေါ်ကျတဲ့အထိ ကုန်းရုန်းလုပ်ရင်း ကျစ်ကျစ်ပါအောင်စုထားတဲ့အထဲကနေ ဆိုင်ကယ်တစ်စီးကို ဝယ်တယ်ရယ်လို့သဘောမထားဘဲ ငွေအကြွေး ချေလို့ အမေ့ရွာကို မနှေးလာပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



ထွေးညိုရေ ပြေးလို့သာကြိုပေတော့။ ရွာမဝင်ခင်မန်ကျည်းဝင်တန်းအလွန်က တို့တတွေငယ်ငယ်တုန်းက ကစားခဲ့ကြတဲ့ 'ခွေးလဇန်း' ချောင်းအစပ်မှာ လှည်းရပ်လို့သာ စောင့်စားနေပါ။

မင်းရဲ့ မောင်ကြီး ကားရားခွလို့စီးနင်းလာခဲ့တဲ့ ကရုတ်ခြေနင်းစကြာယာဉ်ကြီး ချောင်းရေတိမ်တိမ်မှာ ဗွက်မနစ်စေဖို့အတွက် လှည်းကိုသာ ပါအောင်ယူခဲ့ပါထွေးညိုလို့ အလကားပြောခွင့်ရတဲ့ ရေဒီယိုတယ်လီဖုန်းနဲ့ မနေ့ညက ဝမ်းသာအားရကြီး ဆက်လိုက်တော့ . . . .

"ခေတ်တွေပြောင်းခဲ့ပါပြီ မောင်ကြီးရယ်။ လှည်းနဲ့ကြိုဖို့ မလိုတော့ပါဘူး။

ရွာအဝင်မြေနီလမ်းဟာလည်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းအဖြစ် ချိုင့်ခွက်တွေဗလပွေနဲ့နေသားကျနေပြီးတော့ ခွေးလဇန်းချောင်းကမ်းပါးမှာလည်း မြင့်မားထည်ဝါတဲ့ ကွန်ကရစ် ပေါင်းကူးတံတားကြီးက ခံ့ညားလွန်းတော့ တို့မောင်ကြီးဆိုင်ကယ် ရွံ့မလူးရအောင် ဆယ့်ငါးကျပ်ပေးပြီး တံတားပေါ်က ကူးခဲ့ပါ မောင်ကြီးရယ်"

ကစပြီး ရွာတိုးတက်ပုံအလုံးစုံကိုပြောလို့မကုန် ဖြစ်နေတဲ့ ထွေးညိုမကြောင့် သုံးနှစ်သုံးမိုး ချစ်သူမျက်နှာမြင်ရနိုးနိုးနဲ့လွမ်းခဲ့သမျှကို အတိုးချပြီး ပြောပြလိုက်မယ်ဟဲ့လို့ အားခဲထားတဲ့ ကျွန်တော်တစ်ယောက် ဒေါသတွေငယ်ထိပ်ရောက်ကုန်လို့ ဒင်းကိုဟောက်ပစ်လိုက်ရသေးတယ်။

ဘယ့်နှယ်ဗျာ။ လမ်းကြေး၊ တံတားကြေး၊ မြို့ဝင်ကြေး အကြောင်း နကန်းတစ်လုံးမှမသိတဲ့ တောသူမရဲ့ ရွာတိုးတက်ပုံအလုံးစုံကို ကျွန်တော် ဘယ်ပုံယုံရမှာလဲ။

ဟိုမှာ သုံးနှစ်ကျွန်တော်နေဖြစ်ခဲ့စဉ်အတွင်း မြင်ခဲ့၊ ကြားခဲ့၊





သိခဲ့ရတဲ့ သူပြည်ဌာနသာလေစွတွေကို ဒင်းနားဝင်ဝင် မဝင်ဝင် ကိုယ်သိသမျှဇွတ်အတင်းပြောပြပြီး ဒင်းတစ်ခွန်းမှမဟနိုင်အောင် တစ်ရွာလုံးမကောင်း။ ကျွန်တော်အကောင်းကို ဒေါဖောင်းဖောင်းနဲ့ ငယ်ကျိုးငယ်နာအကုန်ဖော်။ အသားကုန်အော်ပြီး ဒေါပွပွနဲ့ ဖုန်းချပစ်ခဲ့မိတယ်။

နှောင်းမှနောင်တရခဲ့ပြီမို့ ဒီကနေ့တော့ တွေ့လျှင်တွေ့ချင်း ပြေရာပြေကြောင်း တောင်းပန်စကားတွေဝေဝေဆာဆာ၊ တောင်းပန်အနမ်းတွေ ငွားငွားစွင့်စွင့် ဖူးပွင့်ပစ်လိုက်မယ်ဟဲ့လို့ ဆိုင်ကယ်ကိုမိုင်ကုန်တင်ရင်း ဇာတိဌာနေမန်ကျည်းပင်တန်းမြေဆီသွားတဲ့ လမ်းအကွေ့ကို ဈေးခနဲအဝင် ရွာလမ်းညွှန်ဆိုင်းဘုတ်နံဘေး ပင်ညောင်ညို အရိပ်အောက်မှာ လူတစ်ယောက်မားမားကြီး ရပ်နေတာမြင်ရတဲ့အတွက် ဆိုင်ကယ်ကိုစက်မသတ်ဘဲ အရှိန်ကိုရပ်ပြီး ထိုလူအနားချဉ်းကပ်သွားလိုက်တော့ အဘရဲ့ညီအရင်းမျက်စိမှုန်နေလို့ ဘကြီးမှုံလို့ အနွတ္တသညာတွင်တဲ့ ဘကြီးရှောက်ပေါင်းကို ဘွားဘွားကြီးတွေ့လိုက်ရင်ပဲ ကျွန်တော်လည်း ဝမ်းသာအားရနဲ့ . . . .

"ဟော . . ဘကြီးမှုံ၊ ဘကြီးမှုံ . . ထွေးညိုရောဟင်"

လို့ ကျွန်တော့်အမေးကို မဖြေကြားသေးဘဲ ဘကြီးမှုံက ကျွန်တော့်ကိုခြေဆုံးခေါင်းဆုံးကြည့်ပြီးမှ . .

"ခွေးကောင်လေး . . ငါ့ကိုများ ဘကြီးမှုံတဲ့။ ရေတိမ်ဖြစ်နေတဲ့ ငါ့မျက်လုံးတွေကို ရွာအရောက်ကွင်းဆင်းလာတဲ့ဆရာဝန်ကြီးတွေခွဲစိတ်ကုသပေးသွားလို့ အခုလုံးလုံးကြီးမြင်တွေ့ရပြီကွ။ ငါ့မျက်စိမမှုန်တော့လို့ ငါ့ကိုဘကြီးရှောက်ပေါင်းလို့ခေါ်စမ်း"

အရင်လို မမှုံတော့ဘဲ ဘကြီးရှောက်ပေါင်းအဖြစ် အသွင်ပြောင်းတဲ့ ဘကြီးမှုံစကားကြောင့် ဟိုမှာနေခဲ့တဲ့ သုံးနှစ်အတွင်းအ



www.burmeseclassic.com

www.burmeseclassic.com



ကျင့်ဝါလို့ ကုန်းနေခဲ့တဲ့ခါ၊ ငိုက်နေခဲ့တဲ့ခေါင်းကို မိမွေးတိုင်း၊ ဖမွေးတိုင်း နေသားတကျ ရင်ကော့ခေါင်းမော့သွားအောင် လက်ပူတိုက်မြှုပြင်ရင်း . . .

"ဟုတ်ကဲ့ပါ ဘကြီးမှူး၊ အဲလေ . . ဘကြီးရှောက်ပေါင်းရယ်။ ဒါနဲ့ထွေးညိုရောဟင် . . ထွေးညိုပါမလာဘူးလား"

ဘကြီးရှောက်ပေါင်းက ဟိုးအဝေးရှိ မှုန်ပျပျမြင်နေရတဲ့ ကျွန်တော်တို့ မန်ကျည်းပင်တန်းရွာကလေးဆီသို့ ဝေသီသောမျက်ဝန်းအစုံဖြင့်ကြည့်ရင်း ငိုသံပါကြီးဖြင့် . . .

"မေးပြီ . . မေးပြီ . . မိကြည်အောင်ရေ . . ငါဘယ်လိုဖြေလိုက်ရမှာလဲကွဲ့"

ကျွန်တော့်ဘကြီးမျက်စိကောင်းမှ နားပင်းသွားရသလား ဟုသံသယဖြင့် . . . .

"ကျွန်တော်မေးတာ ထွေးညိုလေ ဘကြီးရှောက်ပေါင်းရဲ့။ သူ့အမေဒေါ်ကြည်အောင်ကို မေးနေတာမဟုတ်ဘူး"

ဘကြီးရှောက်ပေါင်းက ပြန်မဖြေသေးဘဲ စို့လာသောမျက်ရည်များကို သူ့လက်ကြမ်းကြီးဖြင့် သုတ်နေသောကြောင့် ကျွန်တော့်ရင်ထဲမှာလည်း ဆို့တက်လာပြီး . . . .

"ထွေး . . ထွေးညိုဘာဖြစ်လဲ ဘကြီးရှောက်ပေါင်းရယ်။ ညကမှ အရှင်လတ်လတ်ကြီး ထွေးညိုနဲ့စကားပြောခဲ့ရပါသေးတယ်။ အခု . . အခု ကျွန်တော်လာမယ့်လမ်းကိုမှန်းမျှော်ရင်း မန်ကျည်းကိုင်းကျိုးကျလို့ ထွေးညို . . ထွေးညို . . သေ . . . သေ . . အိီး . . အိီး"

ကျွန်တော့်အသံတိမ်ဝင်သွားပြီး မျက်ရည်ကိုကြိတ်မှိတ်ညှစ်ချရုံရှိသေး။

'ထွိ'ခနဲ တံတွေးထွေးသံကြီးကြောင့် အလန့်တကြား ဘကြီးရှောက်ပေါင်းကိုမော့ကြည့်လိုက်တော့ ဘကြီးက ဒေါသတကြီးဖြင့် . .





"သနပ်ခါးအမွှေးတိုင်လုပ်ဖို့ဆိုပြီး မဆင်မခြင်ခုတ်ကြလွန်းလို့ တစ်ရွာလုံးမှာကိုင်းကျိုးကျစရာ ဘာမန်ကျည်းပင်မှမရှိတော့ဘူးတဲ့။

ကြာရင် မန်ကျည်းပင်တန်းရွာအမည်တော့ တလင်းပြင်တန်းလို့ ပြောင်းလိုက်ရမှာစိုးလို့ အခုမှ အသည်းအသန် ပြန်စိုက်နေတုန်းရှိသေးတယ်။ အခု ထွေးညိုပါမလာတာက မင်းကြောင့်ကွ။ မင်းကြောင့် . . ."

"ကျွန်တော်ကြောင့် . . . ဟုတ်လား ဘကြီးရှောက်ပေါင်း။ ထွေးညိုက ဒီရွာမှာတင် ဒိုးတူဘောင်ဖက်လုက်ကိုင်စားသောက်နေစေချင်ပေမယ့် ကျွန်တော်နိုင်ငံခြားကို ထွက်သွားရတာဟာ ဒီရွာမှာနေ၊ ဒီရေကိုသောက်ပြီး ဒီရွာတိုးတက်ဖွံ့ဖြိုးရေးအတွက်ပါ ဘကြီးရယ်"

တောကြိုက်ဗွီဒီယိုဇာတ်လမ်းတွေထဲက အပ်ကြောင်းထပ်နေတဲ့ ဒိုင်ယာလော့ဒ်တွေကို လျှာအရိုးမရှိတိုင်းကော်ပီကူးချလိုက်ပြီးနောက် ကြားဖူးနားဝတွေကိုလည်း ရမ်းသမ်း၍ဖြီးဖြန်းကာ နိုင်ငံခြားပြန်ဟူသော ဂုဏ်ကြီး၏သရေကိုဆောင်လိုက်ရပြန်သည်။

"အိုင်တီခေတ်၊ အိီးခေတ်၊ မီဒီယာခေတ်ကြီးထဲမှာ သတင်းဆက်သွယ်ရေးတွေ လျင်မြန်ကောင်းလွန်းလို့ ကမ္ဘာဟာ ရွာကြီးတစ်ရွာ ဖြစ်သွားခဲ့ပါပြီ ဘကြီးရှောက်ပေါင်းရယ်။ အဲဒီ့ကမ္ဘာ့ရွာကြီးကို မျက်ခြည်ပြတ်မခံဘဲ ရွာအကျိုးအတွက် အမီလိုက်နေရတဲ့ ကျွန်တော့်ကို ထွေးညိုအထင်လွဲနေတာဟာ ကျွန်တော့်အပြစ်လား"

ပါးစပ်နှင့်မဆန့်သောစကားလုံးထွားထွားကြီးများကြောင့် ဘကြီးရှောက်ပေါင်းတစ်ယောက်ပြောမိတာမှားပြီဟု နောင်တတရားကိုရင်ဝယ်ပိုက်ရင်း မျက်လုံးအဝိုင်းသားဖြင့် ကျွန်တော့်ကိုကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ပါသော်လည်း ကျွန်တော့်ပါးစပ်က ရပ်မရဘဲစကားလုံးများ ဒုန်းစိုင်း၍ထွက်ပေါ်လာပြန်သည်။

"ကွန်ပျူတာဆိုတာ တီဗွီနဲ့လက်နှိပ်စက်ကိုတွဲဖက်ပြီး ကြိုးနဲ့ချည်ထားတဲ့ ထစေ့မှုန့်(ထန်းစေ့မှုန့်)ကလေးကို ဟိုဘက်တိုးလိုက်၊ ဒီဘက်ရွှေ့လိုက်လုပ်တာမျိုးလို့ထင်တဲ့ ရှာသူရွာသားအပေါင်းအတွက် ခရုသင်းစွဲလို့ ဖြူနေသူကိုနိုင်ငံခြားသားလို့ထင်၊ ကားဆိုရင်လည်း ဒုတိယကမ္ဘာစစ်လက်ကျန်ချက်ပက်လက်ကိုမှကား၊ ထန်းလျက်နဲ့ တစေးပေါင်းခံချက်တဲ့ တောအရက်ကိုမှ ယမကာအကောင်းစားလို့ ခေါက်ရိုးကျိုးနေကြတဲ့ ရိုး,အ လှတဲ့ ရွာသူ၊ရွာသားအပေါင်းတို့ အတွက် အနစ်နာခံပြီး နိုင်ငံခြားကို ထွက်ခဲ့ရတာပါ ဘကြီးရှောက်ပေါင်းရယ်"

'ထွီ' ခနဲ ထွေးလိုက်သည့် တံတွေးက ကျွန်တော့်ဆိုင်ကယ်ရှေ့ဘီးကို 'ဘတ်' ခနဲ စိုရွှဲသွားပြီးနောက် ဘကြီးရှောက်ပေါင်းက လက်ညှိုးငေါက်ငေါက်ထိုးရင်း . . .

"တစေ့မှုန့်ကလေးကြိုးနဲ့ချည်ထားတဲ့ဟာကလေးကို ဟိုဘက်တိုးလိုက်၊ ဒီဘက်တိုးလိုက် ဟုတ်လားဟေ့ကောင်။ ရွာလယ်မှာ ကွမ်းယာဆိုင်ဖွင့်တဲ့ 'မိပြားကြီး' ကကွန်ပျူတာစာစီစာရိုက်၊ မိတ္တူကူးတင်မကဘူး။ ကွန်ပျူတာသင်တန်းဖွင့်ထားတာကြာလှပြီဟဲ့ ငအရဲ့။

နိုင်ငံခြားသားကို နိုင်ငံခြားသွားကြည့်စရာမလိုပါဘူး။ ကျိုးကန်းနဲ့စာက လေးနားစရာမရှိအောင် တစ်ရွာလုံးအိမ်ခေါင်မိုးမှာ ဂြိုဟ်တုစလောင်းတွေပြည့်နေလို့ မန်ချက်တို့၊ အာကြီးတို့၊ မောင်ရင်ညို တို့တောင် ဧည့်စာရင်းမတိုင်ဘဲနဲ့ ကိုယ့်ရွာသားတစ်ပိုင်းဖြစ်နေရုံမကဘူး"

"ချက်ပက်လက်မှ ကားမှတ်သတဲ့။ မင်းသူငယ်ချင်းနွားဇွေး





သင်းတဲ့ 'စိန်ထွန်း' တောင်မှ ထော်လာဂျီသုံးစင်းပိုင်နေမှတော့ လယ်ယာဝန်တွေ၊ ဆိုင်ကယ်တွေ၊ ထော်လာဂျီတွေက အိမ်တိုင်းစေ့ရှိနေပြီး မိုးကောင်းကင်ကြပ်ခိုးစွဲအောင် ဒလကြမ်းမောင်းနေကြလို့ ရွာလယ်လမ်းဆုံမှာ မီးပွိုင့်တပ်ဖို့ လုပ်နေကြတာ မင်းမသိဘူးမဟုတ်လား ငထိုင်းရဲ့. . ."

"ကြေးစည်ကိုတောင် သံစဉ်မှန်အောင် မထုတတ်တဲ့ 'ညောင်ပိ' က ထန်းသမား 'ဂျာဂျာ' နဲ့ပေါင်းပြီး ရွာအစွန်မှာဘီယာ သေတင်းကုပ်နဲ့စင်တင်တေးဂီတဆိုင်ဖွင့်ထားလို့ ဒဂုံ၊ မန္တလေးနဲ့ မြန်မာအပြင် တိုက်ဂါးနဲ့အေဘီစီတောင် လျှာလည်အောင်သုံးဆောင်တတ်လို့ အာဂပါးစပ် လူဖြစ်ရကျိုးနပ်နေပြီတဲ့ ငတုံးရဲ့"

"မင်းပြောတဲ့ . . အိုင်ထဲကတီတွေ၊ အီးတွေ၊ ချီးတွေတော့ ငါမသိဘူး။ တို့ရွာရဲ့ ဆက်သွယ်ရေးတွေ ဘယ်လောက်မြန်တယ်ဆိုတာ ငါလက်တွေ့ပြမယ်။ ဟောဒီမှာကြည့်စမ်း"

ဘကြီးရှောက်ပေါင်းက သူ့ခါးပုံစကြားမှထုတ်ပြနေသော လက်ဝါးသာသာ မည်းမည်းလေးကိုကျွန်တော်ကြည့်ရင်း . . .

"တရုတ်ကလုပ်တဲ့ ရေဒီယိုအသေးလေးလေ။ အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ။ တစ်ရွာလုံးကလူတွေ ဘယ်သွားသွား လက်ကချမရလောက်အောင်အသုံးဝင်တဲ့ ပစ္စည်းကွ"

"သိပြီ။ သိပြီ။ မြို့ကြီးသားတွေ လက်ကိုင်ဖုန်းနဲ့ရှိုးထုတ်သလို ကျွန်တော်တို့ရွာသားတွေလည်း အားကျမခံ ရေဒီယိုအသေးလေးတွေ ခါးချိတ်ပြီး စတိုင်လုပ်ကြတယ်ပေါ့"

ဘကြီးရှောက်ပေါင်းက ဘာမှပြန်မပြောဘဲ မျက်နှာကိုရှုံ့မဲ့ရင်း ရေဒီယိုလေးကိုဖွင့်၍ လိုင်းချိန်နေသဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘကြီးရှောက်ပေါင်းရယ် . . ဒီအချိန်က မြန်မာ့အသံလွှင့်ချိန်လဲ့ည်းမဟုတ်။ စီးတီးအက်(ဖ်)အမ် (City FM)ကိုဖမ်းလို့ ဘာသံကို နားထောင်ချင်တာလဲ"

ကျွန်တော့်စကားပင်မဆုံးသေး။ လေလှိုင်းသံတရှဲရှဲကြားမှ ကြည်လင်ပြတ်သားသော မြန်မာသံစစ်စစ်ကြီးကိုကြားလိုက်ရသည်။

"ငါကတော့ ရှင်းရှင်းပဲ။ ဒီကောင် ရွာထဲမဝင်ခင် မှတ်လောက်သားလောက်အောင် ဆော်ပစ်လိုက်ချင်တယ်"

"မင်းကလည်း အဲဒီ့လောက်ကြီး စိတ်လိုက်မာန်ပါမလုပ်ပါနဲ့။ စိတ်ထိန်းစမ်းပါဦးကွာ။ ဒီကောင်ရွာထဲရောက်မှ အပီချကြတာပေါ့"

အလို . . ရေဒီယိုထဲကထွက်လာတဲ့အသံက ငါကြားဖူး၊ သိဖူးသလိုလိုပဲ။ ပထမအသံက ရွာကကာလသားခေါင်း လက်မရှိ့ ဒူကြီးရဲ့အသံစစ်စစ်၊ ဒင်းက ခေသူမဟုတ်ဘူး။

'သုနက္ခ' တွေ 'ဘယ်လင်တိုင်း' တဲ့ ကုမ်ရာသီတော်သတင်းမှာ အဖော်နဲ့ကမြင်းတဲ့ ခွေးတွေကို 'အချစ်ရူးသမား ဒဿဂီရိ' သီချင်းအော်ဆိုပြီး တုတ်နဲ့လိုက် ရိုက်တတ်တဲ့ လက်မရှိ့ဒူကြီး စိတ်ကြီးချက်ကလည်း တစ်ရွာလုံးအသိ။

ဒုတိယလေအေးအေးနဲ့ပြောတဲ့အသံက ဒူကြီးရဲ့ညာလက်ရုံး နံပိန်မြင့်သိန်း ရဲ့အသံ။ ဒင်းက သွေးအေးတဲ့အကောင်။ မန်ကျည်းပင်တန်းရဲ့ရာဇဝင်မှာ စာတင်လောက်တဲ့ ဒီအကောင်အကြောင်းကလည်း အခုထိမေ့ရက်စရာမရှိ။

တစ်ခါသား၊ တစ်ခါ[illegible]က ဒီကောင်တွေကြိတ်ပုန်းလုပ်တဲ့ ဖဲဝိုင်းကို ရဲတွေဝိုင်းတုန်းက[illegible] ကြောက်ကြောက်ရွံ့ရွံ့ အားလုံးက ထပြေးကြမယ်ပြင်တော့ နံပိန်မြင့်သိန်းကခါးကြားမှာ ဓားကိုဆွဲထုတ်ပြီး ဝိုင်းအလယ်မှာစိုက်ရင်း 'တစ်ဖဲ့ယာက်မှပြေးစရာမလိုဘူး'





လို့ရဲရဲရင့်ရင့်ကြုံးဝါးလိုက်တော့ အားကိုးတကြီးနဲ့ အားလုံးက ဒင်းကိုအကြည့် ဒင်းကလေ . . ဒင်းကဘာပြောတယ် မှတ်သလဲ။

"ငါ့မှာ 'ဂျိုကာ' သုံးကောင်နဲ့ 'ရမ်း' ကလည်း ရပြီးသား။ ဘာလာ,လာဒေါင်းတော့မှာမို့ သတ္တိရှိတဲ့ကောင်ဝိုင်းဖျက်ပြီး ပြေးကြည့်စမ်း။ ငါ့ဓားဖျားမှာ အသက်ပါသွားမယ်"

လို့ကြိမ်းမောင်းနေတော့ နီးရာဓားကြောက်ပြီး ဘယ်သူမှ ထ,မပြေးရဲလို့ တစ်ဝိုင်းလုံးအဖမ်းခံရ ပါရောလား။

အဲဒီ့လို သွေးအေးဓားသမားနဲ့ လက်မရှိ့ဒူကြီးနှစ်ကောင် ဘယ်အသံလွှင့်ရုံကများ အသံလွှင့်နေတာပါလိမ့်လို့အတွေးက မဆုံးသေး။

ဘကြီးရှောက်ပေါင်းက နောက်တစ်လိုင်းပြောင်းလိုက်တော့ ထွက်ပေါ်လာတဲ့အသံကလည်း နားထဲကို သံပရာရည် ညှစ်ထည့်လိုက်သလိုပါပဲ။

"ဟေ့ကောင် ချစ်အောင်ရွာမဝင်ခင်နဲ့ရွာထဲတစ်နေရာရာမှာ ဟိုကောင့်ကို 'သမ' ဖို့ ဒူကြီးနဲ့မြင့်သိန်းတို့ပြင်နေကြတာ မကြားတယ်မဟုတ်လား။ အဲဒီ့နှစ်ကောင်ကို ဘယ်လိုမှထိန်းလို့ရမှာမဟုတ်ဘူး။

ကြည်မြင့်တို့၊ အငယ်လေးတို့အုပ်စုတွေကို လက်တို့လိုက်စမ်း။ ဒူကြီးတို့ လက်ဦးမသွားအောင် ရွာမရောက်ခင်လမ်းအကွေ့ကို ငါတို့အမြန်သွားပြီး ဟိုကောင့်ကိုအရင်ဝိုင်းချရအောင်။ 'ပါလေပုံ' နဲ့ 'မောင်စိုး' ကိုအပါခေါ်လို့ . . ကိုင်း . . မင်းရဲ့ ထော်လာဂျီကို 'စိုင်း' ခဲ့စမ်းကွာ"

ဘုရား . . ဘုရား . . ကြားရ ကြားရ နားဝမှာမသက်သာ။ ဘယ်သူ့ကို ဘယ်အငြိုးနဲ့ရွာမဝင်ခင် အသေဆိုးနဲ့သေအောင် ဒင်းတို့တွေကြံနေသလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒင်းတို့ရဲ့ စကားသံအဆုံး 'ချလောက်' ခနဲ ဖုန်းချလိုက်သလို အသံကလွဲလို့ ကျီးလုံးသံဘာမှမပါလေတော့ ဒါ . . ဇာတ်လမ်းပမာ နားဆင်စရာ ကဏ္ဍမဟုတ်ပေဘူး။ ကြော်ငြာကဏ္ဍအနေနဲ့ ဒဏ်ကြေ ဆေးကြော်ငြာနေတာများလား။ သဲသဲကွဲကွဲသိရအောင် ဘကြီး ရှောက်ပေါင်းကိုပဲ မေးရတော့မယ်ဆိုပြီး . . .

"အခု ရေဒီယိုကမိနေတဲ့အသံတွေဟာ ဘယ်နေရာ၊ ဘယ် အသံလွှင့်ရုံက ဘယ်ကဏ္ဍကိုလွှင့်နေတာလဲ ဘကြီးရှောက်ပေါင်းရဲ့"

ဘကြီးရှောက်ပေါင်းက ရေဒီယိုကိုပိတ်၍ သက်ပြင်းရှည် ကြီးကိုချရင်း . .

"မင်းရဲ့လေလုံးထွားထွား စကားကြီးနဲ့ဆိုရင် အခုလူတကာ ပါးစပ်ဖျားမှာ ရေပန်းစားနေတဲ့ မီဒီယာခေတ်ကြီးထဲက ကမ္ဘာ့ရွာကြီး နောက်ကို မမီမကန်းနဲ့ အပြေးအလွှားလိုက်နေရတဲ့ ငါတို့မန်ကျည်း ပင်တန်းရွာကလေးရဲ့ ကိုယ်ပိုင်သံစဉ်တွေပေါ့ကွယ်"

"ကျွန်တော်နားမရှင်းဘူး ဘကြီးရှောက်ပေါင်း"

"အိမ်း . . ရှင်းရသေးသပ။ တို့ရွာကလေးမှာ ရေဒီယို တယ် လီဖုန်းတွေ အများကြီးတပ်ထားတယ်ကွဲ့။ အင်း . . အဲဒီ့ရေဒီယို တယ်လီဖုန်းတွေက ပြောသမျှစကားတွေကိုလည်း ဟောဒီလို တရုတ် ရေဒီယိုလေးတွေက တစ်လုံးမကျန် ပီပီသသဖမ်းမိလေတော့ တို့ရွာ သားတွေအားလုံး ပစ္စည်းကောင်းလေးရထားတယ်ဆိုပြီး ဟောဒီလို ရေဒီယိုပစ္စည်းတွေကို ကိုယ်နဲ့မကွာဆောင်ရင်း ဘယ်အကောင် ငါ့ အတင်းပြောလိမ့်မလဲလို့ နားစွင့်နေကြတာကွ"

"ခုနက မင်းပြောခဲ့တယ်လေ။ သတင်းဆက်သွယ်ရေးတွေ ကောင်းလွန်းလို့ ရွာကြီးတစ်ရွာဖြစ်တဲ့ ကမ္ဘာ့ရွာကြီးနောက်ကို မျက် ခြည်ပြတ်မခံဘဲ ရွာအကျိုးအတွက် အမီလိုက်နေရတဲ့ မင်းကိုယ်တိုင် က အခုတော့ ငါတို့မန်ကျည်းပင်တန်းရွာကလေးကို မျက်ခြည်ပြတ်ခဲ့





ပြီပေါ့။ ကောင်းကြသေးရဲ့လား။ ကိုရင်ငသန့်ရယ်။ သေရွာတာထပြီး ခင်ဗျားသားအနီးမှုန်၊ အပေးကန်းကြီးကို ကြည့်ပါဦးတော့လား . . အီး . . အီး"

ဘကြီးရှောက်ပေါင်းက သူ့အစ်ကို ကျွန်တော့်အဘကိုတပြီး လွမ်းလွမ်းဆွေးဆွေးကြီး ငိုညည်းသံကြောင့် အိုင်တီခေတ်မှာ ကမ္ဘာ ဟာရွာကြီးဖြစ်ရုံမက လုံးရာကပ်ပြားသွားချေပြီလို့ မီဒီယာတွေရဲ့ တစ်ခဲနက်ဟစ်ကြွေးသံကိုအမှတ်ရသွားသဖြင့် ငယ်စဉ်တောင်ကျေး ဘဝကတည်းက နတံ(နှင့်တံ)ကိုခေါင်းပေါ်မိုးပြီး ကမ္ဘာကြီးသည် ကျောင်းတွင်လုံးသည် အိမ်တွင်ပြားပါသည်လို့ စာဖတ်ခိုင်းခဲ့တဲ့ ကျေးဇူးရှင် အဘကိုလည်း အမြင်ကျယ်ပါပေ့အဘရယ်။

ကမ္ဘာ့ အရေးကို ခေတ်ရှေ့ပြေးပြီး ပြားမှာကို ကြိုသိခဲ့ အဘ။ ခြေဖဝါးက သံစူးဒဏ်ရာကို နောက်ချေးမြေသိပ်ဖိနပ်နဲ့ အသက်အောင့်ပြီး ခုနစ်ခါ ရိုက်နှိပ်ကုသခဲ့တဲ့ ရှေးထုံးကြီးကိုသာ ပယ်ခဲ့ရင် ကမ္ဘာကြီးပြားတာကို အရှင်လတ်လတ်ကြီး မြင်ခွင့်ရမှာပါ လား အဘရဲ့လို့ ယူကျုံးမရစွာ အဘကို တမ်းတမိသွားပြန်သည်။

ဘကြီးရှောက်ပေါင်းက တသွင်သွင်စီးကျနေသော မျက် ရည်ကိုသုတ်ရင်း . . .

"မင်း . . ရွာကိုအလာလမ်းမှာ ညအိပ်ခဲ့ရတဲ့ မကွေးတိုင်း မြို့ကြီးမှာ တို့ရွာက ဘယ်သူနဲ့များတွေ့မိသေးသလဲကွဲ့"

"အဲဒါ ခဏထားပါ ဘကြီးရှောက်ပေါင်းရယ်။ ရေဒီယိုအသံ တွေအရ ဒူကြီးတို့ကာလသားတစ်စု ဘယ်သူ့ကိုပြုစုကြမလို့တုံး"

"ငါမေးတာ အရင်ဖြေစမ်းပါ"

"ဟို . . ဟို . . ကျွန်တော်တို့ရွာအလယ်ရပ်က ကြီးတော်နွား ကို အလကားကျောင်းခဲ့ရတဲ့ စိုးကျော်လေ။

အခုမြို့ပေါ်မှာဆိုင်ကယ် ပွဲစားလုပ်နေတာ။ သူနဲ့တွေ့လို့



www.burmeseclassic.com

www.burmeseclassic.com



တောဒီဆိုင်ကယ် သူဆီကဝယ်လာရသေးတယ်။ သူ့ကို ဘကြီးရွှောက်ပေါင်းသိတယ်မဟုတ်လား”

“သိပါ့ . . သိပါ့ အဲဒီကောင်က ရွာကိုလာရင် ရွာလယ်လမ်းမမှာ ဆိုင်ကယ်ကိုကန့်လန့်ရပ်ပြီး ဆိုင်ကယ်ပေါ်က မဆင်းသေးဘဲ သွခါးမှာဝရိန် (Welding) ဆော်သလိုအသေကပ်ထားတဲ့ အိတ်ကလေးထဲက လက်ကိုင်ရေဒီယိုဖုန်းကိုထုတ်။

‘လူကြီးမင်းလိုအပ်နေတဲ့ ဆိုင်ကယ်ဝန်ဆောင်မှုတွေကိုပေးနေပါတယ်’ဆိုပြီး လူထူထူမှာ ဖုန်းဆက်သလိုလိုနဲ့ နင်းကန်ဆော်၊ လူဝိုင်းကြည့်ရင် ပြောလိုက်တဲ့ဆိုင်ကယ်ဈေးနှုန်း ‘ဆူဖူကီး’ ကုမ္ပဏီတောင် သူတို့ဆိုင်ကယ်တွေရောင်းမယ့်ဈေး ဒင်းကိုမေးရသတဲ့။ မသိတဲ့လူ အထင်ကြီးစရာ။

ဒင်း တကယ်ဆက်တာက ဒင်းအမေ့အိမ်။ ဒင်းပြောတာက “အမေ . . အိမ်သာလူရှင်းလား . . သားဗိုက်နာနေလို့ . . လူရှင်းရင် သားလာခဲ့မယ်” တဲ့။

ရေဒီယိုကိုယ်စီနဲ့ကြားမိတဲ့ တို့ရွာသားတွေက ပြုံးစိစိနဲ့ ဒင်းကိုကြည့်။

ဒါတွေကိုမသိတဲ့ ကာလသမီးတွေကလည်း အဟုတ်ကြီးထင်ပြီး ‘ကိုစိုးကျော်တို့ကတော့ တစ်ခါလာ ဆိုင်ကယ်တစ်မျိုးနဲ့ရိုးကိုမရိုးဘူး’ လို့ ဝင်ရောတော့ ဒင်းဘဝင်ကို လေဟပ်သွားလို့ . . .

“ဒီဆိုင်ကယ်က ဒီလိုရှိတယ်ချစ်ညီမရဲ့”

ဆိုပြီး အ့ယောင်ယောင် အမှားမှားနဲ့ ‘စတက်တာ’ စက်နှိုးခလုတ်ကိုနှိပ်၊ ဂီယာထိုးထားတဲ့ ဒင်းဆိုင်ကယ်က ‘ဝူး’ ခနဲစက်နိုးပြီး လမ်းဘေးရေမြောင်းထဲ ခွေးကျဝက်ကျပြုတ်ကျပါလေရော။

မဖြစ်ချေသေးဘူးဆိုပြီး ငါတို့တွေ ဒင်းကို ထူမဖို့အတင်းပြေးသွားတော့ ရေမြောင်းထဲမှာပက်လက်လဲနေတဲ့အပြင် ဒင်းအပေါ်ပြန်





ပြီးခွစီးနေတဲ့ ဆိုင်ကယ်ကြီးရဲ့ဘီးက တဝှီးဝှီးလည်နေတာတောင် မမှုဘဲ

“အမေ့သားတော့ မြောင်းထဲရောက်နေပြီအမေရဲ့”

လို့ဖုန်းဆက်မပျက်တဲ့ ဒင်းအကြောင်းတစ်ရွာလုံးသိပါ့ဗျာ။

“အဲဒီလို ဆိုင်ကယ်ဝန်ဆောင်မှုတွေကောင်းတဲ့ စိုးကျော်ကမင်းကို ဒီကောင့်ကဒ်များပေးလိုက်သေးသလား”

ဩော် . . ဘကြီးရှောက်ပေါင်း . . ဘကြီးရှောက်ပေါင်း။ ခေတ်နဲ့အညီ နားမျက်စိတွေပွင့်နေလေတော့ ကီဗွီကြော်ငြာကလာတဲ့ ဒီကောင့်ကဒ် (Discount Card) ကိုတောင်သိနေပါရောလားလို့ ထအံ့တသြဖြစ်ရင်း . . . .

“ဒီကောင့်ကဒ်ကိုတော့ မပေးဘူး ဘကြီးရှောက်ပေါင်းရဲ့။ ဒါပေမယ့် ရွာမှာ ရေဒီယို တယ်လီဖုန်းတွေ ဖောဖောသီသီရနေပြီ။ ထွေးညိုနဲ့စကားပြောချင်ရင် ရော့ အင့်ဆိုပြီး ထွေးညိုအိမ်ကို သူ့ဖုန်းနဲ့ချိတ်လို့ လွတ်လွတ်လပ်လပ်ကြိုက်သလောက်တော့ ဖုန်းဆက်ခွင့်ပေးသဗျ”

ဘကြီးရှောက်ပေါင်းက လက်ဖျောက်တီးရင်း . . .

“အဲဒါ အဖြေပဲပေါ့ကွာ။ ရေဒီယိုတယ်လီဖုန်းက ပြောသမျှစကားတစ်လုံးမကျန်။ တရုတ်ရေဒီယိုက မိတဲ့အကြောင်းမသိတဲ့ မင်းက ထွေးညိုကိုစကားပြောရင်း ငါတို့တစ်ရွာလုံးရှိသမျှ လူအကုန်ရဲ့ကောင်းနိုးရာရာ ယယ်ကျိုးယယ်နာအတင်းတွေကို တိုက်ရိုက်ထုတ်လွှင့်သွားလိုက်တာများ မင်းဘကြီး ငါ့ကိုတောင် ချန်မထားဘူး”

ဖွဲတစ်ဆုပ်တောင်မှ သုံးပုံပုံပြီး ခွဲမ,နေရတဲ့ငါ့ဘကြီးက နင့်အမေဒေါ်ကြည်အောင်ကို ချိန်သတဲ့လား။ မင်းရဲ့နောက်ဆုံးစကားပြန်ပြောရရင် ငါ့လျှာဖျားတောင် ယားသဟဲ့။ ဘာတဲ့ ငါ့မှာအဖော်တွေပါလာတာမို့ ထွေးညိုရေ . . တွေးပြီးတောင် ပူစရာမလိုဘူး။



www.burmeseclassic.com

www.burmeseclassic.com



ပြေးလို့သာကြိုတဲ့။ မိုက်ရိုင်းလိုက်တဲ့ကောင်။ အဖော်အားကိုးနဲ့ သူများသားပျို၊ သမီးပျိုကိုပစ်မှားချင်တဲ့မင်း။ ဒီရွာမှာနေ ဒီရေကိုသောက်ပြီး ဒီရွာအတင်းချချင်တဲ့မင်းလိုကောင်ကို ရွာက ကာလသားတစ်စုက အလုအယက်နဲ့ပြုစုချင်နေကြတာ မင်းကြားတဲ့အတိုင်းပဲ"

"ဗျာ . . ကျွန်တော့်စကားတွေအားလုံး ဘကြီးနဲ့တစ်ရွာလုံးကြားတယ်ပေါ့။ အဲ . . အဲဒါ . . ကျွန်တော်အလကားလျှောက်စ၊ လျှောက်နောက်နေတာပါဗျာ။ ကန်တော့နော် . . ဘကြီးရှောက်ပေါင်း"

"အိမ်း . . အိမ်း ငါထင်ထားတာနဲ့ ကွက်တိပါပဲ"

လို့ ခေါင်းကိုလေးလေးကြီးညိတ်ရင်း မှတ်ချက်ပြုတဲ့ ဘကြီးရှောက်ပေါင်းရဲ့စကားကြောင့် ကျွန်တော်အားတက်သွားပြီး . . .

"ကျွန်တော့်ကို ဘကြီးရှောက်ပေါင်း အထင်မလွဲသေးလို့တော်သေးတာပေါ့ဗျာ။ အခု ဒီနေရာအထိ ဘကြီးလာပြီး ကျွန်တော့်ကိုစောင့်နေတာက ကာလသားတွေလက်ချက်က ကျွန်တော်လွတ်အောင်လို့ပေါ့ ဟုတ်လား။ ဘကြီးရှောက်ပေါင်းက ကျေးဇူးကြီးပါပေ့ဗျာ"

"ကာလသားတွေက ရွာထဲမှာဖြစ်ဖြစ်၊ ရွာအဝင်မှာဖြစ်ဖြစ် မင်းကို ဝိုင်းပြီးဆွမ်းကြီးလောင်းကြလိမ့်မယ်လို့ ငါထင်ထားတာလဲ ကွက်တိ။ သူတို့ထက်လက်ဦးအောင် ဟောဒီနေရာအထိ ငါလာစောင့်မိခဲ့တာလဲ ကွက်တိ"

ပြောပြောဆိုဆို ဘကြီးရှောက်ပေါင်းက သူ့ခါးနောက်တွင် ထိုးထားသော ဝါးရင်းတုတ်ကြီးကို ဆွဲထုတ်ရင်း . . .

"ထွေးညိုအမေ မုဆိုးမကြည်အောင်ကို ငါယူဖို့ကြံနေတာ ရခါနီးမှ မင်းနှုတ်ရဲ့စောင်မမှုကြောင့် ငါ့အကြောင်းတစ်ရွာလုံးသိ





ကုန်ကြလို့ မကြည်အောင်ကို ငါဘယ်လိုမျက်နှာပြရပါမလဲ။ သေပေတော့။ လူယုတ်မာ"


ဆဲဆဲဆိုဆိုဖြင့် ဘကြီးရှောက်ပေါင်းက ကျွန်တော့်ကိုလှမ်းအရိုက် ကျွန်တော်ကလည်း စက်မသတ်ဘဲထားတဲ့ဆိုင်ကယ်ကို 'ဂီယာ' ထည့်ပြီး လှည့်အကွေ့ ကျွန်တော့်ခေါင်းကို 'ဗျောင်း' ခနဲမြည်အောင် အရိုက်ခံရပေမယ့် ဆိုင်ကယ်စီးလျှင် ဦးထုပ်ကိုဆောင်း၍ မေးသိုင်းကြိုးတပ်ပါဟူသော ဥပဒေသကြီးကို တိတိကျကျလိုက်နာမိနေသော ကျွန်တော့်အဖို့ ခေါင်းတွင်ဆောင်းထားသော ဆိုင်ကယ်စီးဦးထုပ်ကြီးကြောင့် ကျန်းမာပကတိချမ်းသာစွာရှိနေပြီး ဘကြီးရှောက်ပေါင်းနှင့် ဝေးရာသို့ ဆိုင်ကယ်ကို 'လီဗာ' ကိုတင်၍ တအားမောင်းရင်း . .

"ရေဒီယိုတယ်လီဖုန်းနဲ့ ပြောတဲ့စကား။ ရေဒီယိုနဲ့ဖမ်းလို့မိသတဲ့။ တို့ရွာရဲ့ မီဒီယာလောက ဩချစရာကြီးမို့ နေရစ်ပေဦးတော့ ထွေးညိုရေ။

စိုးကျော်ဆီအရောက်သွားလို့ သူရဲ့ရေဒီယိုတယ်လီဖုန်းနဲ့တစ်ရွာလုံးကို ကျိုးကျိုးဆဲ . . ပြီး . . အဲလေ . . တစ်ရွာလုံးကို သိမ်းကျုံးပြီးတောင်းပန်ရတော့မှာ . . ."

www.burmeseclassic.com

www.burmeseclassic.com




# ပြည်တွင်းဦးသာ ခန့်ထားရန်

တစ်ရွာမပြောင်းသူကောင်းမဖြစ်ဆိုတဲ့ ရှေးထုံးကြီးကို ဖုန်သုတ်၊ အရောင်တင်ပြီး မက်လုံးတွေ တွင်တွင်အပေးကောင်းခဲ့တဲ့ ပွဲစားကြီး (အေးဂျင့်)ကို ယုံမှတ်ကာ တစ်ကိုယ်လုံး ပုံအပ်မိလေတော့ တောပြောင်းလာမိခဲ့တဲ့ သေချင်တဲ့ ကျားဟာလည်း အခုတော့ ရေခြားမြေခြားမှာ အသွားမတော်တစ်လှမ်း ချော်လို့ မသေမရှင်၊ မရှူမလှနဲ့ ကျားစင်စစ်က နွားအသွင်ဖြစ်ရတာကလည်း သူ့ခြံထဲ ရောက်ရောက်ခြင်းပဲ ဆိုပါစို့။

'ရှေ့တိုးရင် ထမ်းပိုး၊ နောက်ဆုတ်ရင် လှည်းတုတ်' ကလွဲလို့ ရွေးစရာမရှိ၊ ပြေးစရာလည်း မြေမရှိနဲ့ ငုတ်တုတ်ကြီး ချောင်ပိတ်မိနေလေတော့။

"မိနု . . . သူ့ဝင်္ကြွေးရှိရင်အကျေဆပ် . ."

ဆိုတဲ့ ဆရာတော် 'ဦးဗုဓ်' ရဲ့ သမိုင်းတွင်ခဲ့တဲ့ မိန့်မှာကြီးချက်ကြီးက ကျွန်တော့် နားထဲမှာ ပဲ့တင်ထပ်လာတာကြောင့် နောက်



www.burmeseclassic.com

www.burmeseclassic.com



ဘဝမှ ပေါင်းဆပ်ပါရစေဆိုပြီး ငိုညည်းနေလို့လည်း မဖြစ်လေတော့ သူ့ခိုင်လှကြီး သူ့ပရိသတ်အပြည့်နဲ့ သူ့အိမ်ကွင်းအတွင်း 'သမန်းနွား' ဘဝနဲ့အံကြိတ်ကာ သူ့ဝဋ်ကြွေးကိုအကျေဆပ်လိုက်ရတာ စာချုပ်အရ လေးနှစ်တိတိတောင် ကြာခဲ့သဗျ။

ကျောကော့ကာ အားရအောင်ခံပြီးပြီမို့ ဖုတ်ဖက်ခါလို့ ကိုယ့်အထုပ် ကိုယ်ထမ်းရင်း ဇာတိချက်ကြွေ မန်ကျည်းပင်တန်းမြေကို အပြေးပြန်လာခဲ့တဲ့ သူ့မှာလည်း 'ခန္တီစ' သည်းခံခြင်းသည် 'ပရမံ' မြတ်၏ ဆိုပေမယ့် မနိုင်လို့သည်းခံခဲ့ရတာကြောင့် သောကတွေ တစ်ပွေ့တစ်ပိုက်ကြီးနဲ့ ခေါင်းငိုက်စိုက်ကြီးပေါ့။

အဲဒီလို ခေါင်းငိုက်စိုက်နေတဲ့ကြားက ခံလာခဲ့ရသမျှကို စားမြုံ့ပြန်ကာ အတွေးလေလွင့်မိလို့ ခြေထောက်အောက်က နင်းထားတဲ့လမ်းကိုတောင် လုံးဝသတိမထားခဲ့မိတာကြောင့် ခလုတ်တစ်ချက်တိုက်လိုက်မှ သတိတွေ ပြန်ဆိုက်ရောက်လာပြီး အောက်ငုံ့ကြည့်မိတော့ . . . .

"အလို . . ငါ နင်းပြီးလျှောက်လာခဲ့တဲ့လမ်းက ကတ္တရာလမ်းကြီးပါလား ဟဲ့။ ချိုင့်ပေါ်ပြီး ဖုတ်ထူတဲ့ ရွာအဝင်မြေနီလမ်းနေရာမှာ ဘယ့်နှယ်ကြောင့် ကတ္တရာလမ်းကြီးက အလျားလိုက်နေရာယူထားရတာလဲ။ ငါပဲ လမ်းမှားလာလို့လား"

"အလို . . . ဘုရား . . . ဘုရား . . . ဟို ရှေ့မှာ မြင်နေရတဲ့ ရွာအဝင် ကိုပိန့်ထန်းတောနေရာမှာ ရောင်စုံမီးတွေ ထိန်ထိန်ညီးပြီးတော့ တေးသံ၊ လူသံ ဆူဆူညံညံနဲ့ ဇာတ်ပွဲသဘင်တစ်ခုကို ဆင်ယင်ကျင်းပသမှု ပြုနေကြတဲ့ လူစုလူဝေး တစ်အုပ်တစ်ခဲကြီး ရှိနေပါရောလားကွယ်ရို့ရဲ့"

ဖတ်ဖူး၊ မှတ်ဖူးခဲ့တဲ့ ဆန်းကြယ်သုတ ဂမ္ဘီရတွေထဲကလို





'ပေတ' ဆိုတဲ့ 'ကျွတ်၊ သရဲ၊ တစ္ဆေ၊ ပြိတ္တာ' တွေက သူတို့ရဲ့ ရိုးရာမဲ့စုတန်ခိုးအရာနဲ့ ပွဲလမ်းသဘင်ဖန်ဆင်းကာ ဆင်ယင်ကျင်းပပြီး မသိနိုးနားနဲ့ အနားလာသူကို ခြောက်လှန့်ကာ နှောင့်ယှက်ရန် မာယာတွန်ယက်တွေ ဖြန့်ကြက်နေတာများလားဟဲ့"

အလန့်တကြားနဲ့ လည်မှာဆွဲထားတဲ့ အဆောင်လက်ဖွဲ့ကြီးကို ကိုင်ရင်း . . .

"ပမာမခန့်တော့ လုပ်မယ် မကြံကြနဲ့နော်။ ပစ္စန္တရစ်မှာ လေးနှစ်တိတိ ထမင်းစားကျွန်ခံပြီး ပြန်လာခဲ့တဲ့ကောင်ကွ။ အပြန်မှာ လက်ဗလာနဲ့ဆိုပြီး မလေးမစားတော့ လုပ်မယ်မကြံကြနဲ့။

ဟိုမသွားခင် ဘာညာ၊ ဘာညာ ဟိုတောင်ရိုးမှာ ကိုးရက်တိတိ သက်သတ်လွတ် အဓိဋ္ဌာန်နဲ့ စရဏကျင့်ကာ အလှူငွေဖောဖောသီသီ တနင့်တပိုး လှူဒါန်းခဲ့လို့ ထမင်းစား၊ ရေသောက်မြေလျှောက်တဲ့ ဘိုးတော်က သနားခြင်းကြီးစွာနဲ့ ချီးမြှင့်လိုက်တဲ့ လူကလွဲလို့ အကုန်လုံး 'ပီး' တဲ့ အဆောင်လက်ဖွဲ့ကြီးက ကိုယ်နဲ့မကွာငါ့မှာပါသဟေ့။

တစ်ဆယ်သားနီးနီး အလေးချိန်စီးတဲ့ လက်ဖွဲ့ကြီးနဲ့ ပစ်ပေါက်လိုက်လို့ နင်တို့ ကျွတ်၊ တစ္ဆေ၊ ပေတတွေ ထိပ်ပေါက် ခေါင်းကွဲငုတ်တုတ်မေ့သွားမယ်။ ငါ့ကိုဘာမှတ်နေသလဲ"

ဆိုပြီး တစ်ယောက်တည်းကြုံးဝါးနေတုန်း . . .

ဖြုန်းခနဲ ယထာဘူတကျတဲ့ အတွေးတစ်ခုက ဖျတ်ခနဲ ဝင်လာပြန်သဗျ။

ပေတ၊ ကျွတ်တွေ ဇာတ်ပွဲသဘင်ဖန်ဆင်းရင်လည်း အနည်းဆုံး "မိုက်ကလိုဖုန်း" လေးသုံးမှ တစ်ကွင်းလုံးက ရွှေပွဲလာတွေရဲ့ သောတနားမှာ ရှင်းလင်းပီသစွာ ကြားရမှာမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



အဲ . . . မိုက်ကလိုဖုန်းကိုသုံးပြီ ဆိုကတည်းက စွမ်းအင်အရင်းအမြစ် ပြန်ဆန်းစစ်ကြည့်လိုက်ရင် လျှပ်စစ်နဲ့ ဘက်ထရီကတော့ မရှိမဖြစ်ပေါ့။

ဒါလေးများ ငါတို့ကျတ် 'ကလေး'တွေကအစ ဖန်ဆင်းပြနိုင်သဗျ ဆိုပြီး ပွဲခင်းတစ်ခုလုံး ထိန်ထိန်ညီးပြီး ဆလိုက်မီးကအစ အားမနာတမ်း ထွန်းလင်းပြမယ်ကွ ဆိုရင်လည်း

အင်း . . . လိုအပ်မယ့် စွမ်းအင်အရင်းအမြစ် ပြန်တွက်စစ်လိုက်ရင် အနည်းဆုံး '25 KVA' ဂျင်နရေတာလောက်တော့ သင်းတို့တွေ ဖန်ဆင်းပေးရမှာပေါ့။

အဲဒီလောက်အထိ စွမ်းဆောင်ကာ ဖန်ဆင်းပြနိုင်နေရင်လည်း အာဂကျတ်သရဲဆိုပြီး အခါတစ်ရာမက ဆလံသရင်း ညတိုင်းပဲ ဖန်ဆင်းပြတော်မူပါလို့ မြှောက်ထိုးပင့်ကော်လုပ်ကာ သူတို့ ပွဲခင်းထဲတနေ အိမ်အထိ မီးသွယ်လိုက်ရလို့ကတော့ မီတာခလည်းမကုန်၊ မီးလည်း အလကားရနဲ့ ငါတော့ ဟန်ကျပြီဟလို့ ဝမ်းသာအားရနဲ့ ပွဲခင်းနားကို အသာသွားလိုက်ရင်ပဲ။

အောင်မလေး . . . လေး . . ကျတ်တစ္ဆေတွေရဲ့ ဖန်ဆင်းချက်ကလည်း တိမ်တောင်သဖွယ် ပရိယာယ်ကြွယ်ကာ ခေတ်မီလှချည်လားကွယ်ရို့ရဲ့။ ကြည့်ကြစမ်းပါဦးဗျာ . .

မှောင်ရီမပျိုးခင်ကတည်းက မီးရောင်စုံထွန်းလင်းတောက်ပစွာနဲ့ ဖန်ဆင်းကာ ဆင်ယင် ကျင်းပနေကြတာက ဇာတ်ပွဲသဘင်မဟုတ်ဘဲ လေဟာပြင်စင်တင် ဘီယာဆိုင် ကြီးဖြစ်နေပါပကောလား။

စင်ပေါ်မှာထဘီဝတ်မထားတဲ့ ကလေးမလေးတွေရဲ့ စကတ်တလွှားလွှား၊ ဘောင်းဘီတကားကားနဲ့ ကန့်ကလျ သီဆိုဖျော်ဖြေမှုကို သွားရည်တများများ၊ ဘီယာ တစ်ဂျားပြီးတစ်ဂျားနဲ့ ရောစပ်ကာ မြည်းစမ်းသုံးဆောင်နေသူတွေကလည်း . . .





အကျီကပွပွ၊ ဘောင်းဘီက ချောင်ချောင်နဲ့ အဖော့ဝတ်စုံတိုသား ယူဝတ်လာလေသလားဟဲ့။

ခေါင်းပေါ်မှာလည်း မိုးကြိုးကိုမျှော်နေတဲ့ ထိုးထိုးထောင်ထောင် 'ဂျယ်' လူး 'ကေ' တွေနဲ့ကတစ်မျိုး။

တချို့ကလည်း နွေခေါင်ခေါင်တောင်မှ ဆွယ်တာသိုးမွေးခေါင်းစွပ်ကိုမချွတ်ဘဲ ချွေးတလုံးလုံးနဲ့ ဝတ်ဆင်ထားရုံမက တစ်ကိုယ်လုံးမှာလည်း ဘာမှန်းမသိတာတွေ ချိတ်ဆွဲထားပုံကြောင့် ကမ္ဘာနှင့်တစ်ဝန်း (Clone) ကလုန်းနည်းနဲ့ မျိုးပွားထားတဲ့ Hip Hop လူသားနဲ့မခြား ဒီဇိုင်းကွာလတီတွေက ထပ်တူညီနေတာကြောင့် ပေတ၊ ကျတ်၊ တစ္ဆေတွေတောင်မှ ခေတ်မှီစွာနဲ့ 'ပါဖောမင့်'နဲ့ 'အင်စတော်လေးရှင်း' အတတ် တစ်ဖက်ကမ်းခပ် တတ်မြောက်နေပါရောလားကွယ်ရို့ရဲ့လို့ တအံ့တသြနဲ့ မှင်သက်ငေးမောနေတုန်း ကျွန်တော့်ကို မြင်သွားတဲ့ Hip Hop လူသား၊ ပေတ၊ ကျတ်၊ တစ္ဆေတွေက ဝမ်းသာအားရကြီး ထလာကြရင်း . . .

"ဟာ . . . ငါတို့ကောင်ကြီး ပြန်လာပြီကွ"

လို့ ဟစ်ကြွေးကာ အနားကို ပြေးလာလေမှ ခွေလိုမ်၊ စွန်လိုက်၊ ကြက်တိုက်ဖော်၊ တိုက်ဖက် တစ်ရွာတည်းသား ငယ်ပေါင်းတွေဖြစ်ကြောင်း ကောင်းကောင်းကြီး သိလိုက်ရပေမယ့် စိတ်ထဲမှာတဇဝေဇဝါနဲ့ အိပ်မက်လေများလား ဆိုပြီး ကိုယ့်အသားကိုယ် ဆိတ်ကြည့်မိတာကို မြင်သွားပုံရတဲ့ အငြိမ်းစား ဆယ်အိမ်ခေါင်း 'ညောင်ဝီ'က ငယ်ပေါင်းပီပီ တရင်းတနှီးနဲ့ ကျွန်တော့် နားရင်းကို တီးလိုက်ရင်း

"အနုပ်စုတ်၊ ကုပ်စုတ် ရွာငယ်ဇနပုဒ်သားတွေက မြို့ကြီးပြကြီးနဲ့ ရင်ပေါင်တန်းပြီး အပြိုင်ကြဲနိုင်နေလို့ ငါ့ကောင်ကြီးက မယုံသင်္ကာဖြစ်နေသလားကွ ဟေ . .

အိမ်း . . . မင်းမရှိတဲ့ လေးနှစ်တာကာလအတွင်း ရုံးပြ



www.burmeseclassic.com

www.burmeseclassic.com



ဘနန်း အဆန်းဆန်း အကြွယ်ကြွယ်နဲ့ တိုးတက်ခဲ့တဲ့ ငါတို့မွေးရပ်ဌာနေ မန်ကျည်းပင်တန်းမြေရဲ့ ဖွံ့ဖြိုးခဲ့တဲ့ ဇာတ်ကြောင်းကို ပြန်ပြောင်းပြောပြရမယ်ဆိုရင်လည်း ရွာအရှေ့က 'ခွေးလပန်း' ချောင်းထိပ်ကို ဆည်ပိတ်နိုင်ခဲ့ခြင်းက စခဲ့သကွ။

ဆည်ရေကို လိုသလောက် ရတဲ့ လယ်သမား၊ ယာသမားတွေလည်း နှစ်သီး၊ သုံးသီး စားချင်တိုင်း စားနေရလို့ မြေကြီးကရွှေသီးနေချိန်မှာ ရွာအနောက်ရိုးက စိုက်မရ၊ ပျိုးမရတဲ့ မြေလွတ်မြေရိုင်းထဲကလည်း မြေကွက်က ရွှေထွက်လိုက်သလို ရေနံမှော်အောင်လိုက်သမို့ တို့တစ်ရွာလုံး၊ တစ်နယ်လုံးမှာ ရွှေမရှား၊ ငွေမရှားနဲ့ ခြေထောက်မြေမထိ ကြီးပွားချင်တိုင်း ကြီးပွားနေကြတာကွ ငါ့ကောင်ရ"

"မင်းတို့ရဲ့ ဝတ်ပုံ၊ စားပုံ၊ နေပုံ၊ ထိုင်ပုံ မြင်ရရုံနဲ့ ရွာတိုးတက်ပုံကို အရှင်လတ်လတ်ကြီး ငါခန့်မှန်းမိပြီမို့ ငါ့နှလုံးသားရဲ့ အနက်ရှိုင်းဆုံးနေရာအထိ မုဒိတာပီတိတွေ စိမ့်ဝင်ရုံမက ဝမ်းသာချက်ကလည်း ရှိုးတွင်းခြင်ဆီထဲအထိ စွဲမိပါပြီ ရောင်းရင်းတို့ရယ်"

ကျွန်တော့်ရဲ့ ဖွင့်ဟဝန်ခံစကားအဆုံး၊ အားလုံးက ပျော်မဆုံး၊ မော်မဆုံးနဲ့ သူတို့ဝိုင်းအတွင်းသို့ ကျွန်တော့်ကို သွတ်သွင်းရင်းဝမ်းသာမှုကို ဂုဏ်ပြုရန်အတွက် ကမ္ဘာ့အလယ်မှာ မြန်မာဟေ့ဆိုပြီး ဂုဏ်ယူဝံ့ကြွားစွာနဲ့ ရွှေတံဆိပ်ဆုတွေ အကြိမ်ကြိမ်အလီလီရခဲ့တဲ့ အမြှုပ်တဝေဝေ ရွှေဝါရောင်အရည်တွေ အပြည့်ပါတဲ့ ခွက်ကြီးက ကျွန်တော့်လက်အတွင်း သက်ဆင်းလာသမို့ . . .

"ခွင့်လွှတ်ကြပါဆွေသဟာတို့ရာ . . အမြှုပ်တွေဝေဆာနေတဲ့ ရွှေဝါရောင် 'ရယ်ဒီမိတ်' အရည်တွေကို နှစ်နဲ့ချီပြီး သောက်မျိုဆို့လာခဲ့ရလို့ ငါ့လျှာဖျားက ပင်ကျရည်စစ်ကိုပဲ ချင်ခြင်းတပ်နေသမို့၊ 'ငှက်ခါးတောင်' တစ်ခွက်တစ်ဖလားနဲ့ သုံးဆောင်ကာ ဂုဏ်ပြုလိုက်ချင်တာကြောင့် တစ်စက်ကျန်တဲ့အထိ အရသာမပျက်အောင် အာမခံ





တဲ့ ထန်းသမားကြီး ကိုပိန်ရဲ့ နာမည်ကျော် 'ပုစွန်ဆိတ်ခုန်' ထန်းရည်ချမ်းချမ်းလေးတစ်ခွက် မ,စကြရင်ဖြင့် ကျေးဇူးတင်ရပါလတ္တံ့"

ကျွန်တော့် စကားအဆုံး အားလုံးမျက်နှာ မသာမယာဖြစ်သွားကြပြီးနောက် ညောင်ပိက သက်ပြင်းရှည်ကြီးကိုချရင်း . . .

"အိမ်း . . . ရွာတွင်း၊ ရွာပြင်၊ ရွာနီးခြောက်စပ်တင်မကတို့တစ်နယ်လုံးက လယ်မြေ၊ ယာမြေ၊ ရေနံမြေတွေမှာ အလုပ်သမားလိုအပ်ချက်ကလည်းများဆိုမှ များဖြစ်နေလေတော့ အလုပ်ရှင်တွေကလည်း ပရိုမိုးရှင်းနဲ့ ဒစ်စကောင့်တွေ ဖောဖောသီသီပေးပြီး၊ အပြိုင်အဆိုင် အလုအယက်နဲ့ အလုပ်သမား အရှာထွက်နေတာကြောင့်မြေပြင်ပေါ်မှာ ငွေအသပြာကို လွယ်ကူစွာနဲ့ဖွေရှာနိုင်ပြီဆိုပြီး အန္တရာယ်နဲ့ နေ့တိုင်း ရင်းရတဲ့ ကိုပိန်ကအစ ထန်းသမားအားလုံး အပင်ပေါ်က ခုန်ဆင်းသွားကြလေတော့ မိုးတိုးမတ်တတ်နဲ့ ကျန်ရစ်ခဲ့ကြတဲ့ ထန်းပင်ကြီးတွေခမျာလည်း လူနဲ့သူနဲ့ လက်ပွန်းတတီးမနေရတော့တာမို့ ခေါင်းတယမ်းယမ်းနဲ့ ဝမ်းပန်းတနည်း လွမ်းခန်းတွေဖွဲ့သီနေကြတာ ကြာပါပြီကောလားကွာ . . . "

ဒီကိစ္စအတွက် သိပ်ပြီးလည်း မင်းစိတ်ပူမနေပါနဲ့။ တို့ရွာတွေက ရိုးရာမပျက်ချင်ကြတဲ့ ရှေးရိုးစွဲတွေကလည်း ပင်ကျရည်စစ်စစ်ကို တစ်ခွက်ကယ်ဝဝ၊ သောက်လိုက်ရရင်၊ အာဂပါးစပ်၊ လူဖြစ်ရကျိုးနပ်ပြီဟဲ့ ဆိုပြီး အာသီသတွေ ပြင်းထန်လွန်းလို့ ကိုယ့်နယ်၊ ကိုယ့်ဒေသမှာ ထန်းတက်မယ့် လုပ်သားရှာမရရင်လည်း တိုင်းတစ်ပါးကထန်းတက်သမားငှားကြရင် ကောင်းလေမလားဆိုတဲ့ အကြံနဲ့ ထန်းတက်မယ့် အလုပ်သမား နိုင်ငံခြားကနေ လှမ်းခေါ်ဖို့အတွက် စီစဉ်ကာ တိုင်ပင်နေကြပြီဟဲ့ ငါ့ကောင်ရဲ့"

ညောင်ပိ စကားအဆုံး ကျွန်တော်က လက်ခမောင်း ထဲ ဖျောင်းဖျောင်းခတ်ရင်း . .



www.burmeseclassic.com

www.burmeseclassic.com



"နိုင်ငံခြားကနေ ထန်းတက်အလုပ်သမား ငှားရမ်းမယ့်ကိစ္စ ငါ့ကိုသာ တာဝန်ချပေတော့ကွ။ ဟိုမှာ လေးနှစ်တီတီ ခံလာရတဲ့ အဲ . . အဲ့ . ကြုံလာခဲ့ရတဲ့ ငါ့ရဲ့အတွေ့အကြုံကို ဒီနေရာမှာ ကောင်းကောင်းကြီး အသုံးချပြလိုက်ရရင် . . .

ကိုင်း . . ရောင်းရင်းတို့ရေ . . . နိုင်ငံခြားက အလုပ်သမားတစ်ယောက်လုံး အသုံးချနည်းကြီး အရင်းအတိုင်းပြောပြရင် ဦးစွာပထမလိုတာက အလုပ်သမားဆယ်ယောက်လောက် ဖြစ်ပေမယ့် နှစ်ဆယ်ကျော်ကျော်တော့ ခေါ်သာခေါ်ပေ့ . . .

အသက်နှစ်ဆယ် နဲ့ သုံးဆယ့်ငါးနှစ်ကြား ကျန်းမာသန်စွမ်းတဲ့ အလုပ်သမား၊ သံချည်သံကွေး၊ ဂျိုင်းဂဟေနဲ့ဝါယာရင်း ကျွမ်းကျင်လက်မှတ်နဲ့တကွ . . ."

ကျွန်တော့် စကားပင် မဆုံးသေး အားလုံးက ဖျတ်ခနဲဝင်၍

"နေ . . နေပါဦးဟ ငါ့ကောင်ရဲ့ ငါတို့လိုတာက ထန်းတက်သမားလေကွာ မဆီမဆိုင် သံချည်သံကွေး ဘာညာ၊ဘာညာ လက်မှတ်တွေနဲ့ ဘာပတ်သက်လို့လဲဟ"

"ရှိုးအ,လိုက်ပါဘီတော့တယ် ဆွေသဟာတို့ရယ်။ ထန်းတက်သမားလိုလို့ ထန်းတက်မယ့်သူ လာပါဆိုပြီး ခေါ်လို့ကတော့ သင်းတို့တွေ လာမယ်ထင်သလား ဒီကိုအထင်ကြီးပြီး ဒီကို လာချင်စိတ်ရှိအောင် ဆိုင်ဆိုင်၊ မဆိုင်ဆိုင် ဘာညာ၊ ဘာညာ 'စာတီဖိကိတ်' အောင်လက်မှတ်တွေနဲ့ တစ်ပါတည်းဆိုပြီး အရင်ဆုံး၊ ပထမသွေးဆောင်ဖြားယောင်းရတဲ့ နည်းလမ်းကြီးဟ။

အဲဒါကြောင့် 'အင်တာနက်ခေတ်၊ အီးခေတ်' ကြီးထဲမှာ လူရှိန်ပြီး လူအထင်ကြီးအောင် မာယာကို လှည့်သုံးရကြောင်းကိုလည်း မင်းတို့တွေ ကောင်းကောင်းကြီး မှတ်ထားလိုက်ဦး"

"နောက်ပြီး သင်းတို့တွေ လာချင်စိတ် ဒီရေအလားတိုးပွား





သွားအောင် ပရိယာယ်မက်လုံးနဲ့ မာယာထောင်ချောက် ထပ်မံတည်ဆောက်ပုံကလည်း ဒီနိုင်ငံသားတွေရဲ့ အခြေခံလစာအပြည့်နဲ့ တစ်နေ့ရှစ်နာရီ၊ တစ်ပတ်ကို ငါးရက်သာ လုပ်ရမယ့်အပြင် နားချိန်နဲ့ တရားဝင်ရုံးပိတ်ရက် သင်းတို့တွေ မနားချင်လို့ကတော့ အချိန်ပိုလုပ်အားခနှစ်ဆသာယူပေတော့ ငါ့လူရေဆိုပြီး သင်းတို့တွေ ဝမ်းသာသွားအောင် 'လေ'တစ်ချက်လည်း လည်ပြဖို့လည်း လိုသေးသတွဲ့."

တို့တွေရဲ့ မာယာညွှတ်ကွင်း သင်းတို့တွေ သံသယကင်းကင်းနဲ့ ယုံမှတ်ကာ တစ်ကိုယ်လုံး ပုံအပ်လိုက်ရင်လည်း တို့ရဲ့အိမ်ကွင်းအတွင်း သင်းတို့တွေ သက်ဆင်းပြီးဖြစ်နေလေတော့ . .

အပြောတခြား၊ အလုပ်တခြား ဆိုတာ ဘွားဘွားကြီး သိရှိသွားခဲ့ရင်တောင်မှ မကျေနပ်ဘဲနဲ့များ ပြန်လှည့်သွားလေမလားဆိုပြီး မင်းတွေးပူမနေနဲ့။

သွားစရိတ်၊ လာစရိတ်၊ ဟိုစရိတ်၊ ဒီစရိတ်တွေအတွက် ဟိုမှာ အိမ်ပေါင်၊ လှည်းပေါင်နဲ့ ဖောင်ဖျက်လာခဲ့ရတဲ့ အလုပ်သမား။ ဖောင်တလည်းပျက်၊ ကမ်းပေါ်ကိုလည်း မရောက်နဲ့ စပ်ကြားမှာ ရေတိမ်နစ်တော့မယ့်အကြောင်း သင်း ကောင်းကောင်းကြီး သဘောပေါက်သွားလို့ အားမတန်၍ မာန်လျှော့ရသည်ဆိုတဲ့စကား သူ့အတွက်သာထားလိုက်၊ တို့အတွက်ကတော့ နဖားကြိုးတောင် ထိုးစရာမလိုဘဲ ခိုင်းသမျှကို မငြင်းမဆန်နဲ့ ပခုံးပြောင်ပြီးရုန်းကန်ရန် အသင့်ဖြစ်နေပြီလို့သာမှတ်"

တကျွတ် . . ကျွတ် . . ဖြင့် စုတ်သပ်သံများ ကြားလိုက်ရသည်။

"အဲဒီလို နိုင်ကွက်ကို အပိုင်ကိုင်လို့ ချည်ပြီးသား ဖြစ်နေချိန်မှာ မလှုပ်နိုင်အောင် ထပ်မံတုပ်နှောင်ဖို့အတွက် ဆေးခန်းကို တန်းပို့လို့ ဆေးစစ်ချက်ယူ"



www.burmeseclassic.com

www.burmeseclassic.com



"တို့မှာ ဆေးအောင်ပြီးမှ လာခဲ့တာ မဟုတ်လား"

"သူ့နိုင်ငံမှာ အောင်ခဲ့တဲ့ ဆေးမှတ်တမ်း ဒီမှာလာလွှမ်းပြမနေနဲ့ သေသေချာချာပြန်စစ် 'အေ' ဆိုတဲ့ လေးလုံး လူဖြစ်ရှုံးသမို့ အထုပ်ပြင် 'ဘီ' ဆိုတဲ့ အသည်းပိုး 'ဂိုး' သာ 'ဂိုး'။

အဆုတ်ကောင်းမှ အလုပ်ကောင်းမှာမို့ အဆုတ်ကိုလည်း သေချာစစ်၊ အားလုံးကောင်းရင်တောင်မှ သင်းတို့အထဲက မဟုတ်မခံစိတ်နဲ့ ကလန်ကဆန်လုပ်ပြီး ကာပြန်မယ့်ပုံ ပေါ်တဲ့သူကို ဦးချိုးပြီး 'ဘီ' ပိုးသမားလို့ မဟုတ်မဟတ်နဲ့ လုပ်ဇာတ်စဉ်ကာ ပြန်ပို့ဖို့လည်း လိုသကွ"

"အလို . . . ကြားရ ကြားရ နားဝမှာ မသက်သာ . . ဒါမျိုးကိစ္စ ရှိသတဲ့လားဟ . . ."

"မေတ္တာတရားနဲ့ ကိုယ်ချင်းစာတရား ထွန်းကားတဲ့ အမိမြေ မဟုတ်လေတော့ ဒါမျိုးတွေ ရှိရုံမက ဒါ့ထက်ဆိုးတာတွေလည်း အပုံ . . အပုံ. . .

"အပုံ . . အပုံတွေကို ခဏထား။ မသိနိုးနားလို့ မေးပါရစေ ငါ့ကောင်ရာ . . ရောက်ရောက်ခြင်း ဆေးစစ်ပေးရတော့ အပြန်ကျတော့ရော ဆေးပြန်စစ်ပေးရသေးသလား ဟ . . ."

ရိုးသားလှချည်လား ဆွေသဟာတို့ရေ . . . ငွေကိုသာ ကိုးကွယ်ရာလို့ ထင်မှတ်ထားတဲ့ လောဘသားတွေအဖို့ အပြန်မှာ စစ်လိုက်လို့ ရောဂါတစ်ခုခုတွေ့ရင် သူတို့ခိုင်းလို့ ဖြစ်ရတာပါဆိုပြီး ကုသပေးရုံမက အခန့်မသင့်လျှင် လျော်ကြေးပါပေးရမှာစိုးလို့ အပြန်မှာ ပြန်စစ်ရိုး ထုံးစံရှိပါဦးတော့မလား ဟ . . ."

သက်ပြင်းရှည်ကြီးချသံများ သံပြိုင် ထွက်ပေါ်လာသည်။

"ကိုင်း နောက်ဆုံးအနေနဲ့ ခိုင်းခါနီးမှာ 'ဝပ်ပါမစ်' ဆိုတဲ့ အလုပ်လုပ်ခွင့်ကတ် သင်းတို့တွေ လက်ထဲထည့်ချိန်မှာ ပြတ်ပြတ်သားသားနဲ့ သင်းတို့နားလည်အောင် ဟောဒီလိုလည်း ရှင်းပြဖို့လိုသေးသကွ။

"သင်တို့လို ရေခြား၊ မြေခြား၊ နှင်းပြား အလုပ်သမားနဲ့ ငါတို့ နိုင်ငံသူ၊ နိုင်ငံသား လား,လားမှ မထိုက်တန်တာကြောင့် သတိရှေ့ခွက်ကို ခွေးမလျက်နိုင်အောင် ဥပဒေကြောင်းအရ တားဆီးထုတ်ပြန်ထားသမို့ ထိမ်းမြားဖို့အရေး ယောင်လို့တောင် တွေးစရာမရှိတာကြောင့် မင်းတို့နှလုံးသားကို သော့ပိတ်လို့ ခိုင်းတာကိုပဲလုပ်ဆိုပြီး တစ်ယောက်ချင်းစီသိရှိအောင် ပြောပြရသေးသကွ"

အားလုံး မေးကြောကြီးများ ထောင်၍ မျက်လုံးများဝင်းဝင်းတောက်လာ၏။

"အိမ်း . . . အဲဒီလို ရှောင်ရန် ဆောင်ရန်တွေ ပြောပြီးသွားတဲ့ သကာလ လုပ်ငန်းခွင်အတွင်း သွတ်သွင်းပြန်တော့ ပိုလျှံနေတဲ့ အလုပ်သမားအတွက် သိပ်ခေါင်းစားစရာလည်း မလိုပါဘူးကွဲ့ . ."

တောတိုးထင်းခုတ်၊ မီးသွေးဖုတ်နဲ့ ပန်းပဲအလုပ်ရုံတွေလို ညစ်ပတ်၊ ပေရေ၊ အန္တရာယ်အဖွေတွေနဲ့ နီးရုံမက ကျန်းမာရေးနဲ့ မသင့်လျော်တဲ့နေရာတွေမှာ နှစ်ယောက်၊ သုံးယောက်စီ ပို့သလောတ်ခွဲကာ ငါတို့ တွေမလုပ်ချင်တဲ့အလုပ် သင်းတို့တွေ လုပ်ခိုင်းပြီး မသေထမင်း၊ မသေဟင်းနဲ့ အသပြာ ဒင်္ဂါး တစ်ပြား နှစ်ပြား နည်းနည်းလေးလောက် ပေးလိုက်ရင် ပြီးပြီပေါ့ကွာ"

အာခြောက်လာသဖြင့် ရေ့မှုခွက်ကို ကောက်အကိုင် ကျွန်တော့် နောက်နားမှ သက်ပြင်းမောကြီး ချလိုက်သံကြားရသဖြင့် လှည့်ကြည့်လိုက်တော့ ထန်းသမားကိုပိန်။

ယခုတော့ တစ်ကိုယ်လုံးတင်မက သွားကအစ ရွှေတွေ ဖုံးလွှမ်းနေတဲ့ စင်တင်ဘီယာဆိုင် ပိုင်ရှင်သူဌေး ကိုပိန်ပေါ့။ သူ့ကခေါင်းယမ်းလိုက်ရင်း . . .





www.burmeseclassic.com

www.burmeseclassic.com



"အနားကို လာချင်အောင် ပျော်ပွဲရွှင်ပွဲ သဘင်ပွဲတွေနဲ့ သွေးဆောင်ဖြားယောင်း၊ အဟုတ်မှတ်လို့ သူ့ပိုင်နက်အတွင်း သက်ဆင်းမိတဲ့ မလည်မဝယ်လူသားကို ဇာတိပြကာ အသည်းတုန်ကြောက်လန့်အောင် ခြောက်လှန့်ပြီး ဖမ်းစားတတ်တဲ့ ကျတ်၊ ပြိတ္တာ၊ သရဲ၊ တစ္ဆေတွေအတိုင်းပါပဲလားကွယ။

အိမ်း သူ့စရိုက်နဲ့ သူ့ထိုက်သူ့ကံ ပေယျာလကန်ဆိုပြီး ထားလိုက်ကြပါတော့ကွာ"

"အရင်ဘဝက မစင်ကြယ်ခဲ့လေတော့ အခုဘဝမှာ ထမင်းတစ်လုပ်အတွက် အသက်နဲ့ရင်းပြီး လုပ်ကိုင်စားသောက်ခဲ့ရတဲ့သူမို့ ကိုယ်ချင်းစာမှုက ငါ့ရင်မှာအပြည့်ပါ မောင်တို့ရာ"

"ဗုဒ္ဓဘာသာမြန်မာလူမျိုးပီပီ ဝဋ်မှာအမြဲ၊ ငရဲမှာအပ ဆိုစကားအရ ကိုယ့် 'လိုဘ' အတွက် ဝဋ်ကြွေးအသစ်တွေ အတင်မခံဝံ့လေတော့၊ မလိမ့်တစ်ပတ်နဲ့ နိုင်ငံခြားက အလုပ်သမားငှားပြီး ငရဲကို ဝယ်မယူဝံ့တာကြောင့် . . .

"ကျွမ်းကျင်မှုအတွက် လစာကောင်းကောင်းပေးမည်
ထန်းတက်ဝန်ထမ်းအလိုရှိသည်
ပြည်တွင်း၌သာခန့်ထားရန် . ."

"ဆိုပြီး သတင်းစာထဲကနေ ရိုးသားစွာနဲ့ ကြော်ငြာကြပါလို့ အကြံကောင်းပေးပါရစေလားကွာ"

လို့ ဆိုညည်းလိုက်ရင်ပဲ မန်ကျည်းပင်တန်းသားအပေါင်းက အမြုပ်တွေဝေဆာနေတဲ့ ရွှေဝါရည်ခွက်တွေကိုမြှောက်လို့ . .

"ချီး . . ယား"

ဆိုပြီး ဝမ်းသာအားရ သောင်းသောင်းဖြဖြကြီး ဟစ်ကြွေးလိုက်ကြတာကြောင့် . . .

ကျွန်တော်လည်း ခံခဲ့ရသမျှ ဝဋ်ဒုက္ခတွေကို ပြီးပြီးပျောက်





ပျောက် သဘောထားပြီး ပြည်ဖုံးကားချကာ ရှေ့ခရီးမှာဝဋ်ကြွေးအသစ်ထပ်ပြီး မတင်ချင်တော့လို့ အားလုံးနဲ့ ရောပြီး . .

"ချီး . . . ယား"

လိုက်လေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

# ချည်တိုင်ကိုပဲ လှမ်းပါသည်





## ချည်တိုင်ကိုပဲ လှမ်းပါသည်

(၁) [illegible]

[illegible]

[illegible]

[illegible]

www.burmeseclassic.com

www.burmeseclassic.com



လူးလဲ ထကာ မြစိမ်းရောင်တူညီဝတ်စုံဝတ်ရင်း သောင်းသောင်းဖျဖျနဲ့ မိုးကြိုယိမ်းကကာ 'ဝသန္တရာသီ' ကို လိုက်လိုက် လှဲလှဲ ကြိုဆိုနေကြတဲ့ အခါသမယမှာတော့ . . .

"အဟိတ်တိရစ္ဆာန်' ဖြစ်တဲ့ ခိုင်းနွားကြီးတွေတောင်မှ 'ချည် တိုင်' ကိုလွှမ်းကြသတဲ့။

အလွမ်းဓာတ်ခံရှိတဲ့ လူသားတွေအဖို့ ပြိုတော့မယ့်မိုးကို ကြည့်ရင်း ဘယ်ဆီကို လွမ်းရပါ့ . . ဖြစ်နေကြချိန်မှာ . .

လယ်သမား၊ ယာသမားတွေကတော့ လွမ်းဖို့တောင် သတိ မရကြဘဲ 'မိုးဇလ'က ဦးထွန်းလွင်တို့ ပြောသမျှကို တစ်လုံးမကျန် မြေဝယ်မကျမှတ်သားလို့ . . .

ဆောင်ရန်၊ ရှောင်ရန်တွေကို လိုက်နာပြီးသကာလ ထွန် ရေးငင်ကာ လယ်ယာလုပ်ငန်းကို အားကြိုးမာန်တက် လုပ်ကိုင်နေ ကြပြီပဲလေ . . .

မိုးအေးအေးမှာ ပရီးမီးယားဖလားတွေနဲ့ ပျော်မွေ့နေကြ မယ့် မြို့ကြီးသားတွေကတော့ လယ်ယာလုပ်ငန်းခွင်ဆိုတာ . .

"ယမထာ . . ရွှေကြိမ်လုံးရယ်နဲ့ . .
ထွန်တုံးကိုတဲ့ ခြေတော် တင် . .
နွားကြန်စုံယှဉ် . .
ပျိုးခင်းကိုဝင် . .
ကောင်းကင်က ရွှေပိန်ညင်းရယ် . .
မိုးခေါ်လို့ဆင်း . ."

ဆိုတဲ့ မူလတန်းသင်ရိုးညွှန်းတမ်းထဲက 'လယ်ထွန်မင်္ဂလာ သီချင်း'အတိုင်း . . .

လယ်သမား၊ ယာသမားတွေကတော့ ပိန်ညင်းငှက် ခေါ်လာ ပေးတဲ့ မိုးရေထဲမှာ ဗိုက်တို့ရွှံ့ဖုံးအောင် နွားနဲ့ဖက်ရုန်းကန်ရင်း





အတုန်းကုန်းနဲ့ လယ်ထွန်နေကြပြီလို့ ထင်ရင်လည်း ထင်ကြပေမပေါ့ . . ။

သို့ပါသော်လည်း မြန်မာပြည်အလယ်ပိုင်းက ကျွန်တော်တို့ 'မန်ကျည်းပင်တန်း' ရွာသားတွေအဖို့ . . .

ရွာအရှေ့ဘက်က 'ခွေးလဖန်း'—ချောင်းထိပ်ကို ဆည်ပိတ် နိုင်ပြီဆိုကတည်းက ဆည်ရေကို လိုသလောက်ရနေတာကြောင့် . . .

မိုးခေါ်စရာမလိုတော့လို့ ရွှေပိန်ညင်းငှက်တောင် အလုပ် လက်မဲ့ ဖြစ်သွားတာကြာပါပြီကောလား။

အောင်ရေကိုလည်း မျှော်စရာမလိုတော့တာကြောင့် မြေကို အ အားမထားဘဲ နှစ်သီး၊ သုံးသီး စားချင်တိုင်းစားနိုင်တဲ့အတွက် (Time is Money) ဖြစ်ကုန်ကြတဲ့ . . .

လယ်သမား၊ ယာသမားတွေအဖို့ နေ့မအား၊ ညမနား ထွန်ယက်ကြမယ့် အရေးမှာလည်း . . .

'နွား' ကိုချည်း အားကိုးနေရင် ခါးချိုးထားသလိုဖြစ်တော့ မှာပေါ့။

အဲဒါကြောင့် အမြင်ကျယ်တဲ့ ကျွန်တော်တို့တစ်ရွာလုံးက 'လယ်ယာ-၁၆' ကို ခြေတော်တင်ခဲ့ကြတာလည်း ကြာပြီဆိုမှတော့ . . .

အငြိမ်းစားပေးထားတဲ့ ခိုင်းနွားကြီးတွေတောင်မှ အခု အချိန်မှပြန်ပြီး လယ်ထွန်ခိုင်းမယ်ဆိုရင်လည်း အနည်းဆုံး ရုန်းပုံ ရုန်းနည်းလောက်တော့ အနီးကပ် 'ကျူရှင်' ပြန်သင်ပေးမှ ဖြစ်တော့ မဗျ။

သို့ကလို . . လယ်သမား၊ ယာသမားတွေက စက်တွေသုံးပြီး စတိုင်လ်ကျကျ ဒူးနန့်ကာ မြေကြီးကရွှေသီးလိုက်တာကြောင့် . . .

'ကန်ရေ သောက်၊ မြက်ခြောက်စား၊ လယ်ကန်သင်းပိုးတို့



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းအုံးအိပ်တဲ့ နားပေါက်ကျယ်တဲ့ တောသား" ဆိုပြီး ...

ဟိုး ... ယခင်က နှိမ်ပြီး အခေါ်ခံခဲ့ရတဲ့ ကျွန်တော်တို့ရွာသား တွေလည်း ...

ယခုတော့ "အရှေ့တန်းလောက်၊ ထွက်တတ်လေလားနိုင်း တားပြီး အနီးလေးလာနဲ့ ရွှေ့ဖျော်နိုင်မှတာ ...

တိုင်းနားလက်ပ်တက်ရိုလုံး နားတက်ပတက်လည်း ယနေ့ကြီးတော့" လူတက်လျှို့တွေ ဖြေတ်နေချိန်မှာ ...။

ရွာအဆောက်အဦးမှာ ဝိုက်မနေ၊ ပိုးမနေတဲ့ မြေပြွတ်၊ မြေရှိင်း တွေလက်တလည်း မြေကြွတ်က ရွှေ့ထွက်လိုက်သည် ...

"ရေနုံးမယ့်" ဆိုသလားကလည်း အောက်လိုက်တယ်တော့ ဘောကသမိုးလက် တယ်နိုင်းတနိုင်းတက်ခဲ့တဲ့ ...

ကျွန်တော်တို့ မန်ကျည်းပင်တန်းရွာလေးလည်း မနေ့သာ ပင်ရှေ့မြို့မှာပေါက်လိုက်တယ် တစ်ရွာလုံး ကိုက်ကြောင်တယ်၊ တားစီး တဆိုတိုးနဲ့ မြို့တောက်တက်မတီ ကြိုးပွားလိုက်ကြိုးမှား ...

မနက်ဖြန် အိမ်ပေါ်ပိုးလေးလတောင် ရုပ်ပေါ်မြို့က်တစ္ဆေသောင်းတာ ငတ်တက်တဲ့ကြီး ရောက်နေသလားတို့ ပြောချင်လည်း ...

မြို့ကြီးသားတွေ ယိုးနိုင်ပါ့မလား ...။

ဒါတောင်မှတ ဖြားရာဘလိုး၊ လုံးရာက ပြန်ပြွားသွားပြန်တဲ့ တယ်ကျော်ကြီးနောက်တို့ တဆေတော့က်တောက်နဲ့ အမိလိုက်နေတဲ့ ...

ကျွန်တော်တို့ မန်ကျည်းပင်တန်းရွာလေးရဲ့ "မတောင်တရား" တိုးတက်မှုတက်တလည်း ...

တိုက်တာ၊ အိမ်ရာ အဆောင်၊ အဆောက်အအုံများလုပ်နိုင် ...

နိုင်ငံချစ်ပြြားတို့ ရှစ်ရှည်လွားပြီး အလုပ်လုပ်ရှင်း ခေါ်လာ ထွေ့အသေပြာတို့ ရှာဖွေကြတဲ့ ကျွန်တော်တို့ရွာသားတစ်စစ်တွေတောင် မှ ရွာသေးရှိမှာ တိုယ်သိအိမ်၊ တိုယ်ရှာ မှုတက်ဖိတွေထာတာပြောင်း ...





(google.com) 'ဂူဂဲလ်ဒေါ့ကွမ်း' ထဲဝင်ပြီး ရှာလမ်း မြေပုံ တို့ (Down Load) လုပ်ပြီး ကြည့်ကြရပြီဆိုမှတော့ ကျွန်တော်တို့ ရွာသားတွေရဲ့ ဆန္ဒပြောပြရရင်လည်း . . .

ဆော့ကစားသန်တဲ့ ကလေးတွေတောင် (Counter Strike) ကောင်တာမှ ကောင်တာ တစ်ပြားမှမလျှော့နိုင်ကြတော့တာမို့ . . .

ကလေးပီပီ ပြေးဟယ်၊ လွှားဟယ်၊ အော်ဟယ်၊ ဟစ်ဟယ်နဲ့ စီစီညံညံ ကလေးတွေ ဆော့ကစားသံကို ကြားချင်လွန်းလွန်းလို့ . .

'ထုပ်ဆီးတိုး၊ တူတူပုန်း၊ ဘုတ်တလုတ်တောက်တဲ့' အစရှိတဲ့ ရိုးရာကစားနည်းတွေကိုတောင်မှ သင်ရိုးမာတိကာထဲမှာ ပြဋ္ဌာန်းပေးစေချင်ကြသတဲ့။

ဩစတေးလျားကလာတဲ့ ပန်းသီး၊ ယိုးဒယားက ဆီးသီး၊ တရုတ်ပြည်က လိမ္မော်သီးက အစ . . .

တစ်ကမ္ဘာလုံးက ထွက်သမျှ သီးနှံမျိုးစုံနဲ့တကွ နိုင်ငံခြားဖြစ် စွန်းအဖုံဖုံကို ရွာမှာပင် စုံလင်စွာ ဝယ်ယူလို့ရနိုင်နေတာတောင်မှ ရွာတိုးတက်ပုံအလုံးစုံကို အားမရနိုင်ဘဲ . . .

ရွာနားကမြက် ရွာနွားမစားချင်တဲ့ လယ်ပိုင်၊ ယာပိုင် သူဌေးကြီး 'ဘိုးလေးကိုဖိုးကဲ့' တို့လင်မယားအကြောင်း ထပ်ဆောင်းလို့ ပြောပြရင်လည်း . . .

ဘိုးစဉ်ဘောင်ဆက် လယ်ယာလုပ်ငန်းနဲ့ ကျိကျိတက် ချမ်းသာလာခဲ့တဲ့ ဘိုးလေးကိုဖိုးကဲ့တို့ မြေပိုင်ရှင်လင်မယားခမျာ လည်း ခက်ခက်ခဲခဲနဲ့ သားရတနာလေး ဖွားမြင်လာတော့ သည်းသည်းကို လှုပ်လို့ပေါ့။

ဖွားမြင်လာတဲ့ တစ်ဦးတည်းသော ရင်နှစ်သည်းချာမလေး တို့ မျက်နှာတစ်ချက်မညိုးရအောင် မျက်နှာတစ်ချက်မမဲ့ရအောင် လိုချင်တာ အကုန်ဖြည့်ဆည်းပြီး အလိုလိုက် အကြိုက်ဆောင်တာ



www.burmeseclassic.com

www.burmeseclassic.com



ပိုးမွေးသလို မွေးခဲ့ကြပေမယ့် . . .

သားတစ်ယောက်အဖြစ် ချစ်၍တစေ အိမ်မှာနေပြီး ဗညာ ကို မသင်ယူခိုင်းမိလေတော့ မိဘနှစ်ပါးသေဆုံးသွားတဲ့နောက် ခွက် ကို စွဲရင်း သူတောင်းစားဘဝနဲ့ သေဆုံးသွားရှာတဲ့ အထည်ကြီးပျက် ကုဋေရှစ်ဆယ်သူဌေးသားအကြောင်းကလည်း တရားတော်ထဲမှာပါ သလို ဘကြီးကိုဖိုးကဲ့တို့ လင်မယားကလည်း . . .

စတေရှင်၊ မာဆတ်၊ ဘိလိယက်နဲ့ နိုက်ကလပ်ဆိုတာတွေ မပေါ်သေးတဲ့ ဟိုခေတ်မှာတောင် ကုဋေရှစ်ဆယ်သူဌေးသားက ဒေဝါလီခံပြီး ခွက်ဆွဲကာ သူတောင်းစားဘဝရောက်ရသေးရင် . .

"ပျော်စရာနဲ့အတူ ကုန်စရာတွေ ပေါပါတဲ့ အခုအနေအခါ မှာသာ သင်းကို အလိုလိုက်ပြီး သင်းစိတ်ကြိုက်သာထားရရင်တော့ ငါတို့ မိဘတွေက အရင်ဆုံးခွက်ဆွဲရမယ့် အရေးပေမို့ ပညာရေးကို ဦးစားပေးလေမှ . ."

ဆိုပြီး သားတစ်ယောက်အတွက် ပညာရေးကို အထောက် အပံ့ပြုကာ အားပေးလိုက်ပုံများ ရင်နှစ်သည်းချာ သားလှရတနာက ဆယ်တန်းအောင်တဲ့ အခါသမယ မိဘနှစ်ပါးမှာ ဝမ်းမြောက်လွန်းလို့ . . .

"ငါတို့ မိဘနှစ်ပါးရဲ့ ပညာရေးကို ပြန်တွက်စစ်ကြည့်ရင် နှစ်ယောက်ပေါင်းလို့ ကိုးတန်းတောင်မှ မအောင်ခဲ့တဲ့ ဘဝ၊

အခုတော့ တို့သားကြီးက ဆယ်တန်းကြီးတောင် အောင်မြင် သွားပြီဆိုမှတော့ မိဘထက်မြတ်တဲ့ 'အတိဇာတသား' အတွက် ဂုဏ်ပြုရမယ်ဟဲ့"

ဆိုပြီး မန္တလေးက နာမည်ကြီး အငြိမ့်သဘင်ကြီးကို ငှားကာ *ပွဲသဘင်ကို ခံယူလိုက်တာကလည်း တစ်ရွာလုံး မြိမ့်မြိမ့်သဲသဲပေါ့။*

သားတော်မောင်ပညာရေး အတွက် ရှေ့တစ်လှမ်းတိုးမယ်





ကြံတော့ သားလှရတနာကို သူများတွေထက် အသာကြီး သာစေချင် တာကြောင့် နိုင်ငံခြားပို့ပြီး ကျောင်းထားဖို့အရေး မျှော်တွေးဆတာ တာလည်း . . .

"လူတကာရဲ့ သားသမီး စင်္ကာပူလောက်ကို အထင်ကြီးလို့ စင်္ကာပူကို ပို့ပြီးကျောင်းထားကြတာ ရိုးနေပြီ။

စင်္ကာပူဆိုတာက နီးနီး လေးနဲ့ ကျဉ်းကျဉ်းလေး၊ တို့သား အလိမ္မာကို သူတို့တွေထက်သာအောင်၊ သူတို့တွေထက် ပိုဝေးပြီး အများကြီးလည်း ကျယ်တဲ့ အိန္ဒိယနိုင်ငံ 'ဒါဂျီလင်' အထိပို့ပြီး ကျောင်း ထားလိုက်မယ်ဟဲ့"

လို့ စီမံကြသေးပေမယ့် သားတော်မောင်က အင်္ဂလိပ်ဘာ သာက အစ၊ ဘာသာစုံကို လေးဆယ်မှာတစ်မှတ်တောင် မစွန်းဘဲ ထူးထူးချွန်ချွန် အောင်မြင်လာခဲ့တာကြောင့် မချိတင်ကဲနဲ့ သားလှ ရတနာကို ပြည်တွင်းတက္ကသိုလ်မှာပဲ ထားရတာပေါ့ . . .

ဟော . . ရင်နှစ်သည်းချာက ဘွဲ့ရပြန်တော့လည်း သည်း သည်းလှုပ်ပြီး ဘွဲ့ယူဖို့အရေးအတွက် ဘွဲ့ဝတ်စုံကို ငှားမဝတ်စေဘဲ အပိုင်ဝယ်ယူချုပ်လုပ်ဝတ်ဆင်စေသလို . . .

မိဘနှစ်ပါးကိုယ်တိုင်ကလည်း ရွာအလယ်က 'ကိုးတောင် ပြည့်စေတီ' လေးရဲ့ ဂေါပကတံဆိပ်ရင်ထိုးကြီးတွေကို ရင်ဘတ်မှာ ချိတ်ရင်း ပျော်တပြုံးပြုံးနဲ့ ဘွဲ့ယူသွားခဲ့ကြပုံများ တစ်ရွာလုံးက ပါးစပ် အဟောင်းသားနဲ့ပေါ့ . .

ဒါတောင်မှ ဘွဲ့ယူအသွားကို 'ဝင်းခင်း' ပြီး သွားမယ်ပြင်လို့ ရွာဦးကျောင်းဆရာတော်က . .

'ငါ့ရဲ့ ကြိမ်လုံးကို ကြည့်ထား' ဆိုကာ အတန်တန် တားမြစ် *တာကြောင့် ခများများမှာ အားမတန်လို့ 'မာန်လျှော့လိုက်ရတာ* တလား . .



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ယူပြီး ပြန်လာတော့လည်း ဧည့်ခန်းအလယ် အိမ်နံရံမှာ သားတော်မောင်ရဲ့ ဘွဲ့ရဓာတ်ပုံကြီးတွေတင်မက ဘွဲ့ဝတ်စုံကြီးပါ ချိတ်ဆွဲပြီး ပြသထားသဗျ။

သူတို့သားရဲ့ ဘွဲ့ဝတ်စုံကို တစ်ရွာလုံးမြင်ဖို့အရေး 'ဘုရားကိုးဆူ' လုပ်ပြီး တစ်ရွာလုံးကို ကျွေးမွေးတဲ့ သကာလမှာ . . .

သားတော် မောင်က ရှက်စနိုးဖြစ်နေတာကြောင့် ဘိုးလေးတိုဖိုးကဲ့ကိုယ်တိုင် သားရဲ့ ဘွဲ့ဝတ်စုံကို ဝတ်ရုံရင်း ဧည့်ခံနေလိုက်ပုံများ ရွာကခွေးတွေဆို သွားတွေကို ဖြားလို့ပေါ့ . . "

"ကိုင်း . . သားတော်မောင်ရဲ့ ပညာရေး ဆုံးခန်းတိုင်လို့ ဘွဲ့ကြီးတစ်ခုတောင် ရပြီးပြီမို့ ကြင်ယာစုံချင်ပြီလား . . "

လို့ လူပုံအလယ်မှာ မေးမြန်းလိုက်တဲ့အခါသမယမှာ သားလှလိမ္မာကလည်း . .

"အမိ၊ အဖတို့ကို ကျွန်ုပ်လှည့်ပြန်ပြီး လုပ်ကျွေးသမှုပြုချင်သေးတာကြောင့် မင်္ဂလာအရေးကို ဆိုင်းငံ့လို့ ထားပါရစေခင်ဗျား . . "

ဆိုပြီး ပြန်ပြောလိုက်တဲ့ သကာလ. . .

မိဘနှစ်ပါးမှာ ဝမ်း မြောက်လွန်းလို့ ဆွေ့ဆွေ့ခုန်လိုက်ပုံများ မင်းညီနောင်ရဲ့ကျား အမဲသားနဲ့ တွေ့လိုက်သလိုပ . . .။

သားတော်မောင် လုပ်ကိုင်ရန်အလုပ်အတွက် မိဘနှစ်ပါးက နဖူးပေါ်လက်တင် ဒူးပေါ်ခြေသလုံးတင်ပြီး အနှုလုံ ပဋိလုံ ဆင်ခြင်သုံးသပ်လိုက်တော့ . . .

မြေယာကို အားကိုးရတဲ့ လယ်သမားမျိုးနွယ်တွေဖြစ်ပေမယ့် ထွန်တုံးကို ခြေတော်တင်ခြင်း အမှုကတော့ ငါတို့လို သူဌေးသူကြွယ် လယ်ပိုင်ရှင်တွေနဲ့ မလျော်ကန်ပေဘူး . . .

ထို့အတူ လခစားအလုပ်ကိုလည်း မတူမတန် ထင်မြင်ဟန်ကြောင့် . .



ဘွဲ့ရခဲ့တဲ့ သားလှရတနာအတွက် ထိုက်တန်တဲ့ လုပ်ငန်းမြန်ပြည်တစ်ဝန်းလုံးမှာ မရှိတော့လေဟန်နဲ့ သက်ပြင်းကိုချရင်းခေါင်းငိုက်စိုက်ကျနေချိန်မှာ . .

တောင့်တတုန်းအခါ ပေါ်ထွက်လာ သတ္တဝါလေ့ စိတ်ချမ်းမြေ့ဆိုသကဲ့သို့ ဇနက္ကမင်းသား ခြေတော်ရင်း ဖုတ်သွင်းရထားဆိုက်ရောက်လိုက်သလို တိုင်းပြီးရက်တဲ့ ကမ္ဘလာ မိုးရွာတာနဲ့ အဆင်သင့်လိုက်ပုံက မြို့ကရောက်လာတဲ့ ပွဲစားကြီး (အေးဂျင့်) က . .

"ရွာမှာနေရင် ရွာအမြင်ပဲရှိမယ် . . ခေတ်မီမီ ကမ္ဘာကြည့်ကြည့်မြင်နိုင်ဖို့အရေးအတွက် နိုင်ငံရပ်ခြားကိုသွားပြီး လုပ်ကိုင်စေမှသာလျှင် လူဖြစ်ရကျိုးနပ်ပေမပေါ့"

ဆိုတဲ့ စေတနာစကားလေး ကြားလိုက်ရုံနဲ့ အမိ၊အဘတို့မှာဝမ်းသာအားရဖြစ်လိုက်ကြပုံများ. . .

'မဟာဒုတ်' တို့လင်မယား၊ မြတ် စွာဘုရားရဲ့ သပိတ်တော်ကိုရလိုက်သလို မြောက်ကြွ၊ မြောက်ကြွနဲ့ တစ်ရွာလုံးကို ထီမထင်ဟန်ပြနေတော့တာပေါ့။

"ဘဇာလုပ်ငန်းဆောင်တာကို လုပ်ကိုင်သမှုပြုရမယ်ဆိုတာကိုလည်း သဲသဲကွဲကွဲ မေးမြန်းသမှုပြုဦးမှပေါ့လေ . . . "

ဆိုပြီး တစ်ရွာလုံးက တိုက်တွန်းပြန်လေတော့ အိမ်ဦးခန်းမှာ မိန့်မိန့်ကြီးထိုင်နေတဲ့ ပွဲစားကြီးက . . .

"နတ်ဘုံ၊ နတ်နန်းတမျှ တိုးတက်သာယာနေတဲ့ ရေခြား၊ မြေခြားမှာ လုပ်ရမယ့်လုပ်ငန်းဆိုတော့ကာ ဇနပုဒ်က ရွာသူ၊ ရွာသားတွေ နားရှင်း၊ အမြင်ရှင်းအောင် ဘွင်းဘွင်းကြီးပြောရလျှင်ဖြင့် နတ်ပြည်ခြောက်ထပ်က လုပ်ငန်းလို့သာ သတ်မှတ်ကြပေတော့"

ဆိုပြီး တုံးတိကြီး မိန့်ဆိုသဟာကြောင့် ရေခြား၊ မြေခြားကို သွားဖူး၊ လာဖူး၊ လုပ်ဖူး၊ ကိုင်ဖူးသူ တချို့က . . .

www.burmeseclassic.com

www.burmeseclassic.com



"နတ်ပြည်ခြောက်ထပ်က လုပ်ငန်းဆိုတော့ မဟုတ်မှလွဲရော မိုးမျှော်တိုက်ကြီးတွေပေါ် တက်ပြီး သံချည်၊ သံကွေးလုပ်ရလေမလား ရေပိုက်၊ မီးသွယ်နဲ့ 'ဂျိုင်း၊ ဂဟေ' လုပ်ငန်းခွင်များ ဝင်ရလေမလား"

လို့ဆိုပြီး စေ့ငုချင်ကြသေးပေမယ့် . . .

ပီတိတွေဖုံးလို့ မိန့်မိန့်ကြီး ပြုံးရင်း မာန်တက်နေတဲ့ ဘိုးလေးကိုဖိုးကဲ့တို့ မိသားစုရဲ့ မျက်နှာအပြင် ပွဲစားကြီးရဲ့ တည်ငြိမ်ရင့်ကျက်တဲ့ ဣန္ဒြေ၊ စီးနင်းလာတဲ့ နောက်ဆုံးပေါ်ကား၊ လက်ကမချတမ်း ပွဲစားကြီးကိုင်ဆွဲထားတဲ့ ဆက်သွယ်ရေးဓရိယာပြင်ပ ခဏ၊ ခဏ ရောက်နေတဲ့ လက်တစ်ဆုပ်သာသာ ပစ္စည်းလေးရဲ့ အဟန့်တွေကြောင့် ရေငုံနှုတ်ပိတ်ပြီး ဆိတ်ဆိတ်သာနေကြရတော့တာပေါ့။

နောက်ဆုံးတော့ လှရတနာလည်း လေယာဉ်စီးပြီး ပြည်ပခရီးကို ထွက်ခွာသွားတဲ့ သကာလ မိဘနှစ်ပါးခမျာ မျက်ရည်စစ၊ စစ ကြားကနေလက်ပြရင်း ကျန်ရစ်ခဲ့ရပြီပဲလေ . . .

ဘာပဲဖြစ်ဖြစ် ရင်နှစ်သည်းချာ ပြန်လာလျှင်လည်း ပွဲစားကြီး(အေးဂျင့်) ကတိစကားအရ စားပြီး၊ သောက်ပြီး ပျော်ပျော်ကြီး သုံးစွဲပြီးသည့်တိုင် အပြန်ခရီးမှာ အနည်းဆုံး ရဟတ်ယာဉ် တစ်စီးတော့ အပိုင်ဝယ်စီးနိုင်တဲ့ ပမာဏအထိ စုဆောင်းမိကာပါလာမှာမို့ . . .

အတွင်းပစ္စည်းမပါသေးဘဲ ယာလေးကွက်နဲ့ နွားတစ်ရှဉ်းပြုတ်သည့်တိုင် ကြံ့ကြံ့ခံရင်း အပြုံးမပျက် မာန်တင်းနေတဲ့ ဘိုးလေးကိုဖိုးကဲ့ လင်မယားခမျာလည်း ယခုလို ဝသန္တကာလ ကိုးခွင်တိုင်းမှိုင်းအုံ့လို့ တစ်ဖြိုက်၊ နှစ်ဖြိုက် ရွာသွန်းလိုက်တဲ့ မိုးဖွဲဖွဲကြားမှာ သားတော်မောင်ရဲ့ အပြန်လမ်းကို မျှော်မှန်းဆကာ လွမ်းစမျက်ရည်ဝေသီနေတာကို မြင်တွေ့ရပြန်တော့လည်း တစ်ရွာတည်းသားပီပီ ကျွန်တော့်ရင်မှာ မချိတော့တာကလည်း အမှန်ပါ . .





သို့ပါသော်လည်း နတ်ပြည်ခြောက်ထပ်က နတ်ဘုံ၊ နတ်နန်းမှာ ပျော်ပျော်ကြီး စံစားနေတဲ့ ရင်နှစ်သည်းချာ သားလှရတနာလေးဘက်ကလည်း 'ဝက်စာကျင်း' ကဲ့သို့ အနံ့ပြင်းတဲ့ လူ့ပြည်၊ လူ့ရပ်ကဇာတိဌာနေ မန်ကျည်းပင်တန်းမြေနှင့်တကွ အမိ၊ အဘတို့ကိုပါ တစ်ချက်ကလေးမှ အောက်မေ့သတိရပါလေတော့မလားရယ်လို့ စိုးထိတ်စွာဖြင့် မိုးငွေ့ကို ရှုရင်း ကျွန်တော်တစ်ယောက် အတွေးလေလွင့်နေမိပါတော့တယ် ခင်ဗျား . .။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဇာတိချက်ကြွေ မန်ကျည်းပင်တန်းမြေရှိ အမိနှင့်အဘတို့ သိစေရန်မှာ တောင်တရုတ်ပင်လယ်ပြင်တွင် သန္ဓေတည်ပြီးမွေးဖွား လာခဲ့တဲ့ တိမ်စိုင်တိမ်လိပ်ကြီးတွေက မုန်တိုင်းအသွင် လျှပ်ပန်းဆင် ရင်း မလေးရှားနိုင်ငံ၊ တရင်ဂန်နူး (TEREN GANU) ပြည်နယ် ဒေသကို အငြိုးတကြီးနဲ့ မိုးလုံးမည်းမှုန် ရွာသွန်းဖြိုးနေတဲ့ အခါသမယ မှာ . . . . .

'ဘကုန်း' (ဘင်္ဂလားဒေရှ်နိုင်ငံသား) တွေနဲ့အတူ လက်ရည် တပြင်တည်းနဲ့ လယ်ယာလုပ်ငန်းခွင်ကို ဝင်နေရတဲ့ သားမောင်လူ ကလေး အဖြစ်ကလည်း . . . .

ပုံပြင်ထဲက 'လယ်ကြွက်မ လင်ရှာ' သလို အဆင့်မြင့်မြင့် ရလိမ့်နိုးနိုးနဲ့ မိုးတိမ်၊ နေမင်း လေပြင်းကအစ၊ ကျောက်ဆောင်၊ ကျွဲနဲ့ နဖားကြိုးပါမကျန် သမက်ဖမ်းဖို့ ကြံစည်ကြိုးစားရင်း နောက် ဆုံးတော့ ဒုံရင်း၊ ဒုံရင်း အမျိုးနွယ်တူ လယ်ကြွက်ထီးနဲ့ပဲ ညားခဲ့ရတဲ့ ပုံပြင်အတိုင်း . . .



ပွဲစားကြီးပါးစပ်ဖျားက လျှာအရိုးမရှိတိုင်း ပြောဖြဲခဲ့တဲ့ ခြောက်ထပ်က လုပ်ငန်းခွင်ဆိုတာကလည်း လတ်စသတ်တော့ လယ် ယာလုပ်ငန်းခွင်ပဲ ဖြစ်နေတာကြောင့် . . . .

လယ်သမားသားဟာ လယ်ယာလုပ်ငန်းနဲ့ပဲ ညားရုံမတ ခိုင်းသမျှကို မငြင်းဆန်နိုင်ဘဲ လူစင်စစ်က နွားအသွင်နဲ့ ရုန်းကန် လှုပ်ရှားနေရတော့တာမို့ . . .

အဘနဲ့အမေတို့ရေ . . အချိန်ရှိသမျှ ဟောဒီက 'သမန်း နွား'ကြီးကတော့ . . ချည်တိုင်ကိုပဲ လွမ်းနေသဗျ။ ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com






## ကျွန်တော် စီးချင်တဲ့ ဒိုဘာမင်

ငါးပိကို ချောကလက်ဆိုပြီး ညာကျွေးတဲ့ ပွဲစားကြီး (အေးဗျင့်)ရဲ့ အပြောကောင်းကောင်းနဲ့ သွေးဆောင်ဖြားယောင်းခဲ့တဲ့ စကားကို ဘဝင်လေဟပ်စွာနဲ့ အဟုတ်မှတ်ကာ ဆုံးဖြတ်ချက်စောပြီး ဘဝအသစ်စတော့မယ်ဟေ့လို့ ကြွေးကြော်ရင်း ဇာတိချက်ကြွေမန်ကျည်းပင်တန်းမြေကို မတူမတန်သလို ခြေစုံကန်ကာ ခွဲခွာနိမ်ခဲ့တဲ့ ကျွန်တော် တစ်ယောက် ပွဲစားကြီးကျွေးခဲ့တဲ့ ချောကလက်ကို တစ်ကိုက်ချင်းကိုက်ရင်း ငန်ကျိကျိ ဖြစ်လာတာတောင်မှ ချောကလက်ထဲကို ဆားအခပ်များလေသလားလို့ ရိုးသားစွာထင်မိတဲ့ အတီးအတ ထူထူထိုင်းထိုင်း ကျွန်တော့်မှာ တစ်တုံးလုံးကုန်မှ ငါးပိ စစ်စစ်ကေန်ဖြစ်ကြောင်း အလန့်တကြားနဲ့ ဘွားခနဲ သိလိုက်ရတဲ့ အချိန်မှာတော့ . . .

ကျွံခဲ့တဲ့ စကားများကို ပွဲစားကြီးက လွယ်ကူစွာနုတ်ယူသွားနိုင်ခဲ့ပေမယ့် ခြေကျွံခဲ့တဲ့ ကျွန်တော်ကတော့ သူများနိုင်ငံမှာ ငုတ်



www.burmeseclassic.com

www.burmeseclassic.com



တုတ်ကြီးသောင်တင်တဲ့အထိ လက်လွှန်သွားခဲ့ပြီမို့ ခံလိုက်ရသမျှကိုလည်း ဗုဒ္ဓဘာသာဝင်ပီပီ ဝဋ်ကြွေးလို့ သတ်မှတ်ကာ စာချုပ်သက်တမ်းပြည့်တဲ့အထိ မခံချိ မခံသာနဲ့ မချစ်သော်လည်း သူ့ရဲ့မြေကိုအောင့်ကာနမ်းရင်း လုံးပါးပါးခဲ့ရတဲ့ ဂုဏ်သိက္ခာအတွက် အရှက်ကြီးရှက်တာကြောင့် ရွာအပြန်မှာ ဖုံးဖုံးဖိဖိနဲ့ ကိုယ့်အကြောင်း ရွာကမသိအောင် ကြံဆောင်ရမှာ ဖြစ်လေတော့ . . .

လေးနှစ်ဆိုတဲ့ ကျွန်သက်အတွင်း ပခုံးမီးတောက်ပြီး ဖိနပ်ပေါက်ခဲ့တာက လွဲလို့ လူက ဒုံရင်း၊ ဒုံရင်းဆိုပေမယ့် ရွာအဝင် အမြင်လှအောင် ဟိုမှာ တစ်ခါမှ မဝတ်လိုက်ရတဲ့ ကုတ်အင်္ကျီဖားဖားကြီးကို အယားပြေဝတ်၊ ကြောင်လျှာသီးကို လည်မှာဆွဲပြီး ဟိုက ကောက်လာခဲ့တဲ့ နိုင်ငံခြားဖြစ် ထန်းခေါက်ဖာ စစ်စစ်ကို ထမ်းရင်း ရွာအဝင်လမ်းကို မြန်းလို့လာခဲ့ပြီလေ . . .

ဆီးလို့သာ ကြိုကြပေတော့ ဖော်သဟာတို့ရေ . . တို့တစ်တွေပြန်တွေ့ကြရင် ငါ့ဘက်ကတော့ နိုင်ငံခြားပြန်တို့ရဲ့ ဝတ္တရားရှိသည်နှင့် အညီ နိုင်ငံခြားပြန်မလေ့အတိုင်း မြန်မာစကားခပ်မေ့မေ့စတိုင်လ်ဖမ်းလို့ ဒွတ်ဒက် . . ရွှတ် . . ရှက် . . တွေ တံတွေးသကြန်ကျရင်း ဟိုမှာ ကိုယ်တိုင်ကြုံခဲ့ရတဲ့ ငရဲခန်းကို နတ်နန်းအသွင် ကလိန်စေ့ငြမ်းဆင်ကာ ဒင်းတို့တွေသွားရည်တမျှားမျှား ကျအောင် မစားရဝခမန်းပြောပြလိုက်မယ် . . . ဟဲ့ . . ဆိုတဲ့ စစ်မှန်တဲ့ စေတနာနဲ့ရွာပြန်လာခဲ့တာကြောင့် အရင်ဆုံးစတွေ့တဲ့ကောင်တော့ နားထဲကိုဝဲဆွဲပြီးသာမှတ်ပေတော့လို့ မာန်တင်းရင်း လှမ်းခဲ့တဲ့ ခြေလှမ်းများလည်း ရွာကို အပေါ်စီးက လှမ်းပြီးမြင်ရတဲ့ ပင်ညောင်ညိုတုန်းထိပ်က ရွာလမ်းညွန်ဆိုင်းဘုတ်နားရောက်ရင်ပဲ မိုးကြိုးတောင် စုန်းစုန်းချုပ်ပါပေါ့လား . .





ခြေလှမ်းကို ရှေ့ဆက်မလှမ်းခင် အလွမ်းပြေအနေနဲ့ တိုးရှေ့က မီးလေးမှိတ်တုတ်၊ မှိတ်တုတ်နဲ့ မြင်တွေ့ရမယ့် မွေးရပ်မြေမန်ကျည်းပင်တန်းသာစခန်းဆီ မှန်းဆလို့ လှမ်းမျှော်ကြည့်လိုက်ရင်ပဲ . . .

"အို . . အလို . . ဘုရား . . ဘုရား . . ငါ့အမြင်များ မှားပြီလားဟဲ့ . . နေ့နဲ့ ညနဲ့ မကွဲပြားလောက်အောင် ရောင်စုံမီးတွေထိန်ထိန်ငြီးနေတဲ့ မြို့ကြီးပြကြီးက မြေမှာပေါက်လိုက်သလို ငါ့ရွာရဲ့နေရာမှာ ငွားငွားစွင့်စွင့်ကြီး တည်ရှိနေပါလား ကွယ်ရို့ရဲ့ . ."

နေရာမှားပြီး ငါလာမိလေသလား . . လို့ သံသယအတွေးနဲ့စက္ခုနှစ်ကွင်းကို အတင်းဖြဲပြီး ရွာလမ်းညွှန်ဆိုင်းဘုတ်ကို ဖုန်သုတ်ပြီးဖတ်ကြည့်တော့လည်း မှုန်ရီဝိုးတဝါး အလင်းကြားမှာပင် ထင်ရှားနေတာက မန်ကျည်းပင်တန်းမှ မန်ကျည်းပင်တန်းစစ်စစ်ဖြစ်နေတာကြောင့် အံ့ဩဘနန်းနဲ့ ပါးစပ်ဟကာ ကြက်သေသေနေတုန်း ဖြန်းဆိုပြီး မီးရောင်မျိုးစုံလွှမ်းခြုံထားတဲ့ ရောမကားတစ်စီးက အနားမှာကျီ . . ခနဲ ထိုးရပ်ရင်း . .

"လမ်းအလယ်မှာ မိုးတိုးမတ်တတ်နဲ့ မားမားကြီးရပ်နေတဲ့တောသားယာဥ်စည်းကမ်း၊ လမ်းစည်းကမ်း၊ နကန်းတစ်လုံးမှ နားမလည်ဘူးလားကွ . . ဟေ"

လို့ ဒေါသတကြီး ကြုံးဝါးသံကြီးနဲ့ ကားပေါ်ကဆင်းလာသူကို အလန့်တကြားကြည့်လိုက်မိတော့ ထိုးထိုးထောင်ထောင်နဲ့ မိုးကြိုးကို မျှော်နေတဲ့ 'ပန့်' ကေသာက ခေါင်းလိမ်းဆီ 'ဂျယ်. .' ရနံ့တွေကို သင်းတပျံ့ပျံ့ထုတ်လွှတ်နေသလို . . ထရိုင် တီရှပ်နဲ့ သနိုးကွာတားဘောင်းဘီကလည်း ကိုယ်ပေါ်မှာ နေသားတကျ နေရာယူထားပြီး နိုင်ငံခြားဖြစ် ခြေနင်းကြီးကို စတိုင်လ်တင်းတင်းနဲ့ စီးနင်းရင်း



www.burmeseclassic.com

www.burmeseclassic.com



ဘော်ဒီစပရေးနဲ့တွေ သင်းပျံ့ကြိုင်လှိုင်နေတဲ့ မြို့ကြီးသားဟန်ပန် အတိုင်း 'ဂိုက်' ပေး ကြွမ်းပြနေသူ ကိုလှစိမ်းက အပြေးအလွှားနဲ့ အနားကပ်လာပြီး . .

"ဟာ . . ငါ့ကောင်ကြီးပါလားဟ . . ပြန်လာခဲ့ပြီလားကွ"

လို့ ဝမ်းသာအားရ တရင်းတနှီးနှားရင်းကို တီးရင်း နှုတ်ဆက်လိုက်မှသာ ငှက်ပစ်၊ ပုစွန်နှိုက်၊ ကြွက်ရိုက်ဖော် ရိုက်ဖက် ငယ်သူငယ်ချင်း မဲလုံးမှန်းသိလိုက်ရသလို ဘကြီးရှောက်ပေါင်းအိမ်မှာ စာရင်းငှား(သူရင်းငှား) လုပ်ရင်း နွားနဲ့ဖက်ရုန်းနေရတဲ့ အနီမဲလုံးကို ဘယ်တန်ခိုးရှင်က တောင်ဝှေးနဲ့ထိုးလို့ ချက်ချင်းကြီးအသွင်ပြောင်းကာ ခြေထောက်မြေမထိ ကြီးပွားဘိသနည်းလို့ ဝမ်းသာပီတိဖြင့် စေ့ငုမလို့ကြံတုန်း မဲလုံးက ကျွန်တော့်ပခုံးကို တအုန်းအုန်းပုတ်ရင်း . .

"လေးနှစ်တိတိ ရွာမှာမင်းမရှိဘဲ ကင်းကွာနေတုန်း ငါတို့ရွာငယ် ဇနပုဒ်ရဲ့ဇာတာစန်းလင် တဟုန်းဟုန်းတက်ချက်ကို လည်း ငါ့ကောင်ကြီးသွားရည်ကျအောင် ငါအရင်ပြောပြချင်သေး သကွ . . ရွာအရှေ့ဘက်က 'ခွေးလင်ဗန်း' ချောင်းထိပ်ကို ဆည်ပိတ်နိုင်သမို့ တစ်သီးစားတွေက၊ နှစ်သီး၊ သုံးသီး စားချင်တိုင်း စားကြရလို့ လယ်သမား၊ ယာသမားများ လက်ခမောင်းတဖျောင်းဖျောင်းခတ်ပြီး မြေကြီးက ရွှေသီးနေချိန်မှာ ရွာအနောက်ရိုးက စိုက်မရ၊ ပျိုးမရတဲ့ မြေလွတ်၊ မြေရိုင်းတွေကနေ ထွက်လိုက်တဲ့ ရေနံ လျှံချင်တိုင်းလျှံဆိုတော့ လက်ဖျားငွေသီးနေတဲ့ တို့ရွာကလေးရဲ့ တိုးတက်ပုံ အလုံးစုံကို ခရေစေ့တွင်းကျ ပြောပြရင်လည်း တစ်ထောင့်တစ်ည ထက် လျော့နိုင်စရာ အကြောင်းမရှိတာကြောင့် တစ်နေကုန် နွားနဲ့ဖက်ရုန်း၊ တစ်ကိုယ်လုံး ရွှံ့နွံဖုံးပါမှ ထမင်းဝခဲ့ရတဲ့ ငါလို သူရင်းငှား





တစ်ယောက်တောင် ဒီလို . . ဒီလို ဒီဇိုင်းအသစ်တွေနဲ့ ပြောင်းလဲဖြစ်ခဲ့တာကိုသာ ကြည့်ပေတော့ ငါ့ကောင်ရေ . ."

ဝမ်းသာမှုနဲ့ အံ့သြမှုအပေါင်းသရဖူဆောင်းပြီး ပါးစပ်အဟောင်းသားဖြင့် ခြေဆုံး၊ ခေါင်းဆုံး မဲလုံးကိုကြည့်မိသလို သူ့စီးတော်ယာဉ်ကိုလည်း ကြည့်ရင်း . . ကြည့်ရင်း အမျိုးအစား မခွဲခြားတတ်တော့တာမို့ . .

"မင်းရဲ့ ဝတ်ပုံဆင်ပုံ မြင်ရရုံနဲ့ ရွာတိုးတက်ပုံကို အရှင်လတ်လတ်ကြီး ငါခန့်မှန်းမိပါပြီ မဲလုံးရယ် . . အဲဒါကြောင့် နိုင်ငံခြားတအခုမှ ပြန်လာခဲ့တဲ့ မလည်မဝယ် ငါ့ကိုလည်း အသိကြွယ်စေအောင်လို့ မင်းရဲ့စီးတော်ယာဉ်ဟာ . . ဘာအမျိုးအစား၊ ဘာ . . ကားလဲဆိုတာ လင်းစမ်းပါဦး မဲလုံးရဲ့ . ."

"ဩော် . . ဒါလား . . ပြည်တွင်းဖြစ်ကိုချစ်ပြီး၊ ပြည်တွင်းဖြစ်ကိုမှ အားပေးချင်ကြတဲ့ ငါတို့ရွာသားတွေအကြိုက် ပြည်တွင်းဖြစ်စက်မှုဇုံဂျစ်လေကွာ။ အင်ဂျင်နဲ့ဂီယာဘောက်စ်က 'တူးစီတာဘို' ဆိုတော့ ဆွဲအား၊ ရုန်းအားပြိုင်စံရှားပေါ့ . . ရှေ့တန်း၊ နောက်တန်းတလည်း တောင်းအေ့စ်တန်းတွေကြီးပဲဆိုတော့ အားမနာတမ်းအခိုင်းခံသမို့ အကြမ်းခံ၊ ရေစိမ်ခံပြည်တွင်းဖြစ်စက်မှုဇုံဂျစ်က ငါတို့အတွက် မရှိမဖြစ်ဟ ငါ့ကောင်ရ . ."

ကြားလိုက်ရတဲ့ သတင်းစကားကြောင့် ဝမ်းသာပီတိ နိုးတွင်းချဉ်ဆီ ထိသွားပြီး မျက်မမြင်ပုဏ္ဏားဆင်ကို စမ်းကြည့်သလို ကျွန်တော်လည်း တယုတယဖြင့် စက်မှုဇုံဂျစ်ကားကြီးကို ပွတ်သပ်ကြည့်ရင်း . .

"ရှန်မို့ဒိုင်းစနဲ့ ဒွာန်ကရိုဏ်းကျနေတဲ့ ဖင်ထိုင်ကြီးတွေကိုထအိစက်အိစက်နဲ့ ထိုင်ချင်စရာကောင်းလှသလို ပါဝါစတီယာရင်ဟာ



www.burmeseclassic.com

www.burmeseclassic.com



လည်း လာပါဝင်ပါနဲ့ ဖိတ်ခေါ်နေသယောင် ဖမ်းစားနေရုံမက ကား အသွင်အပြင်နဲ့ ဆင်ယင်ထားတဲ့ ပြောင်ပြောင်လက်လက် စက်မှုဇုံ တံဆိပ်တွေနဲ့ အရောင်စုံလင်းလက်ပြီး ရှုမငြီးတဲ့ မီးကြီး၊ မီးသေးတွေ က နတ်ပန်းရထားနဲ့ မယွင်းမှားစရာ အလှချင်းပြိုင်နေသလို ကား ဘေးပတ်လည်မှာ ချိတ်ဆွဲထားတဲ့ ပေါက်ပြား၊ ရဲတင်းများလည်း လယ်မြေ၊ ယာမြေနဲ့ လုပ်ကိုင်စားနေကြတဲ့ ငါတို့ရွာသားတွေအတွက် ဂုဏ်ပြုအမှတ်တံဆိပ်ကို ခတ်နှိပ်လိုက်လေသလားလို့ ထင်မြင်မိလို့ ငါ့မှာ အားရဝမ်းသာရှိလိုက်ပါဘိတော့တယ် . . မဲလုံးရယ်"

"အိုး . . ဒါက ဘာဟုတ်သေးလို့လဲ . . ငါ့ကောင်ရဲ့ . . ရေနံ တွင်းပေါ် ခွထိုင်မိတဲ့ ငါတို့ကာလသားခေါင်းဒူကြီးရဲ့ စီးတော်ယာဉ် 'ပြည်ဂျေးရိုး'ကားကို မင်းမြင်ရုံနဲ့တင် လက်ဖျားခါသွားမယ်ကွ"

"ငါ့ရဲ့မှတ်ဉာဏ်တစ်ထွာ၊ တစ်မိုက်မှာ ပါဂျေးရိုးကားပဲရှိ သမို့ ပြည်ဂျေးရိုးကားအကြောင်း ရှင်းပြပါဦးဟဲ့ ငါ့ကောင်ရဲ့"

"ခေတ္တရာစက်မှုဇုံက ထုတ်လုပ်လိုက်တဲ့ ကားကြီးကလည်း 'နီပွန်' ပြည်ဖြစ် ပါဂျေးရိုးကားရဲ့ စံချိန်၊ စံညွှန်းလက်ရာကအစ တစ်ထပ်တည်းကျသလို သေသပ်လှပတာကြောင့် ဝယ်ယူပြီး စီးနင်း သူအပေါင်းက နှစ်ထောင်းအားရရှိလွန်းလို့ ခေတ္တရာပြည်မြို့ကို ဂုဏ်ပြုလို့ 'ပြည်ဂျေးရိုး' လို့ခေါ်ကြသဟဲ့ . . ငါ့ကောင်ရဲ့ . . နီပွန် စစ်စစ်ကိုမှ ချဉ်ခြင်းတပ်တဲ့ စီးသူအချို့ကလည်း ဉာဏ်ကူကာအခွံ့ ချိန်းသမို့ 'ဝင်ကစွပ်' လို့လည်း ခေါ်ကြသေးသကွ . . ငါ့ကောင်ရ"

"ရွာနဲ့ခဏတာကွာရုံနဲ့ တစ်သက်စာလောက် ခေတ်နောက် ကျသွားတဲ့ ငါ့ကောင်ကြီးအတွက် တစ်လက်စတည်း ဆက်ပြီးရှင်းလင်း ပြရရင် မားမခါးထိုးပြီး တောတိုး ထင်းခုတ်ရတဲ့ 'နွားတို' ဒင်း . . အခု စီးနေတာကာ 'ဒိုဘာမင်' ဒင်းရဲ့ရည်းစားလုဖက် 'မောင်စိုး' ကလည်း အားကျမခံ အပြိုင်ဝယ်စီးတာက 'ဒိုဘာမင်ကြီး' ကွ"





"နုံနဲ့လှတဲ့ ငါ့ရဲ့အသိဉာဏ်မှာ မှတ်တမ်းတင်ထားတာတာ ဒိုဘာမင်ဆိုတာက ခွေး၊ အဲဒီ့ ခွေးကလည်း ခွေးဖြစ်တာတောင်မှ ခွေးဖြစ်ရှုံးပြီး ခွေးလုံးမလှအောင် အမြီးဖြတ်ခံထားရလို့ နန့်ပြစရာ အမြီးမပါတဲ့ ခွေး 'ငုံးတိ' ကြီးဟ . . ဒါကိုများ ဟိုနှစ်ကောင်က စီး စရာရှားလို့ နိုင်ငံခြားခွေးဆိုပြီး ဂုဏ်ပြိုင်ကာ တကူးတကမှာယူပြီး စီးပြနေကြလားကွ . . ဟေ . ."

"ဒင်းတို့တွေ ဂုဏ်ပြိုင်လို့ တကူးတကစီးပြနေတဲ့ ဒိုဘာမင် ဆိုတာက ခွေးမဟုတ်ဘူး . . ကားဆိုမှ ကားအစစ် . . ဟိုး . . ယခင် ကတည်းက 'ဖင်ကောက်' ဆိုပြီး နာမည်ဆန်းနဲ့ မြန်မာပြည်တစ်ဝန်း မှာ ကျော်ကြားခဲ့တဲ့ 'တိုယိုတာ' ရှေ့ယက် 'ဗင်' ကား မင်းသိတယ် မဟုတ်လား . ."

"သိပါပြီကောလား မဲလုံးရယ် . . ရောက်ခါစက တို့လမ်းတွေ နဲ့ အလွမ်းမသင့်လို့ ကားအောက်ပိုင်းပြင်တဲ့ ဝပ်ရှော့ဆရာတွေ တောင် 'ဒူးဇစ်ဘုရင်' ဘွဲ့တွေခံယူပြီး ပါးစပ်စို အိပ်ဖောင်းခဲ့သေး တယ် မဟုတ်လား . ."

"ဟုတ်လိုက်လေ . . ငါ့ကောင်ရယ် . . အဲဒီ ဖင်ကောက်နေ တဲ့ ရှေ့ယက်ဗင်ကားရဲ့ နောက်ခန်းကိုဖြတ်ပြီး စက်မှုဇုံကနေ ဒီဇိုင်း အဆန်းထွင်ကာ ထုတ်လုပ်လိုက်တော့ အမြင်ဆန်းသွားတဲ့ ရှေ့ယက် ဗင်ကားလည်း 'ဒိုဘာမင်' ဆိုပြီး ဟိုးဟိုးကျော်သွားတာပေါ့ကွာ"

ဒါတင်မကဘူး။ ခရီးအကြမ်း၊ အချောအမွေ့ သက်တောင့် သက်သာနဲ့ ခန့်ခန့်ညားညား သွားလာနိုင်တဲ့ တံခါးငါးပေါက်ပါ 'ဟိုင်း လတ် ဆပ်ဖ်ကား' ကြီးကိုတောင် နောက်ခန်းဖြတ်ပြီး စတိုင်လ်အသစ် နဲ့ အသွင်ပြောင်းလိုက်လေတော့ သုံးစွဲသူအပေါင်းရဲ့ 'ဟတ်' Heart ကို ထိချက်ပြင်းလိုက်ပုံများ ဒိုဘာမင်ကြီး ဆိုပြီး ဈေးကွက်မှာ အလှူ အယက်နဲ့တောင် ဝယ်ကြရသကွဲ့ ငါ့ကောင်ရဲ့ . ."



www.burmeseclassic.com

www.burmeseclassic.com



"အလိုလေးလေး . . ကြားရ . . ကြားရ ဝမ်းသာပီတိနဲ့ နှစ်ထောင်းအားရရှိလိုက်ပါဘိတော့တယ် . . မဲလုံးရယ် . . ကားအကောင်းကြီးကို အမြီးဖြတ်လို့ ဒီဇိုင်းအဆန်းနဲ့ အမြင်ကောင်းအောင် အသွင်ပြောင်းလိုက်မှ ဟိုး ဟိုးကျော်ကာ လူကြိုက်များပြီး လူရာဝင်သွားခဲ့တဲ့ ဒိုဘာမင်ကားတွေကို ဂျပန်ကို ပြန်ပြီး အိပ်စပို့ (Export) သာလုပ်လိုက်ရရင်တော့ အဲဒီ့က ကားဒီဇိုင်နာတွေ မချိတင်ကဲနဲ့ သူတို့ ညံ့ချက်ကိုသူတို့ သိပြီး 'ဟာကာကီယိ' တောင် လုပ်ကုန်ကြမယ်ထင်သကွဲ့ မဲလုံးရဲ့ . ."

မဲလုံးက ပြုံးပြုံးကြီး ခေါင်းညိတ်လိုက်ရင်း လမ်းအလယ်တွင် ကျွန်တော် ချထားသည့် နိုင်ငံခြားဖြစ် ထန်းခေါက်ဖာကြီးကို မြင်သွားပြီး . . .

"ရေခြားမြေခြား တိုင်းတစ်ပါးအထိ မင်းတို့တွေ လွယ်ကူစွာ သွားနိုင်ပြီး ဒေါ်လာငွေကြေးကို သက်သောင့်သက်သာနဲ့ ရှာဖွေနိုင်အောင် ကိုယ်တိုင်ကိုယ်ကျ စွမ်းစွမ်းတမံနဲ့ အနစ်နာခံပြီး ကြံဆောင်ပေးခဲ့တဲ့ ပွဲစားကြီးခမျာလည်း စေတနာမှန်တဲ့ ကံတရားကြောင့် အများအကျိုးဆောင်ဖို့ သူ့အကျိုးတွေအောင်ချက်ကလည်း ကားမျိုးစုံကို တစ်စီးပြီးတစ်စီး ထည်လဲစီးနိုင်တဲ့အထိ ကြီးပွားနေသလို ငါတို့များမှာ မုဒိတာတောင် ပွားမိပါတယ် ငါ့ကောင်ရယ်"

ပွဲစားကြီးရဲ့ ကူညီစောင်မမှုနဲ့ မင်းတစ်ယောက် မြေခြားမှာ ခြေချရင်း စိတ်အေးချမ်းသာ မပင်မပန်းနဲ့ ဖွေရှာလာခဲ့တဲ့ ငွေအသပြာတွေကလည်း ဟောဟိုက အိတ်နဲ့အပြည့်အသိပ်ပါလာခဲ့ပြီဆိုတော့ ကိုင်း . . . ငါ့ကောင်ကြီးရေ . . နိုင်ငံခြားပြန်ဆိုတဲ့ ဂုဏ်ရောင်ထွန်းပြောင်ကာ အရောင်လက်စေဖို့အတွက် မင်းဝယ်ယူကာ စီးပြချင်တဲ့ ကားက ဘာအမျိုးအစားလဲဆိုတာ ဟုတ်တိုင်းမှန်ရာ ပြောပြစမ်းပါဦးကွာ . ."





မုဒိတာဖုံးနေတဲ့ မဲလုံးရဲ့ ရီးသားတဲ့ မျက်လုံးများက ကျွန်တော့်နှလုံးသားကို စွဲကိုင်လှုပ်ရမ်းကာ ဟုတ်တိုင်းမှန်ရာ ဖြောင့်ချက်ပေးဖို့ ဖိအားတွေ ပေးသလို ဖြစ်လာတာကြောင့် 'သူများနဖူးတချွေးနဲ့ ခြေဆေးချင်'တဲ့ ပွဲစားကြီးရဲ့ တစ်နပ်စားညာဉ်ကြောင့် သောင်ပြင်မှာ အလွှတ်ခံလိုက်ရသလို ဒုက္ခတွေ ဗရပွ၊ ဝေဒနာတွေ အနန္တနဲ့ လူသားတစ်ယောက်ရဲ့ဖြစ်ကြောင်းကုန်စဉ်ကို မချန်မချွင်း အရင်းအမှန်အတိုင်း မဲလုံးကို ဖွင့်အံလိုက်ရင်း . .


"ငါ့ရဲ့ ရင်တွင်းချဉ်ခြင်းတပ်စွာနဲ့ ငါစီးချင်တဲ့ ကား အမျိုးအစားကို ပြောပြရရင် အမြီးကျက်အမြီးစား၊ ခေါင်းကျက် ခေါင်းစားရုံမက အစိမ်းလိုက်ပါစားလွန်းလို့ လူစင်စစ်ကနေ အမြီးပေါက်ခဲ့တာတောင် ရှက်ရကောင်းမှန်းမသိဘဲ လူအမြင်တောင်းအောင် စိန်စီရွှေကွပ်ရုံမက ပလတ်စတစ်ဆာဂျရီနည်းနဲ့ ကျပ်စည်းကာ ဖြောင့်ခဲ့ပေမယ့် တစ်သက်လုံး လိမ်ကောက်ပြီး ဖြောင့်လို့မရတော့တဲ့ ပွဲစားကြီးရဲ့ အမြီးကြီးကို အရင်းကနေဖြတ် . . ."

"ဒင်းရဲ့ လည်ကုတ်ကို ခွရင်း . . ဒင်းရဲ့ အမြီးကြီးနဲ့ ဒင်းရဲ့ ကျောပြင်ကို အားရပါးရ ပြောတင်ကာ ဒိုဘာမင်ကြီးဆိုပြီး ဒင်းတိုသာ တက်စီးချင်ပါသကွဲ့ မဲလုံးရဲ့ . . ."

လို့ ညည်းတွားရင်း နိုင်ငံခြားဖြစ် ထန်းခေါက်ဖာကြီးတိုဖွင့်ကာ ရသမျှကို သိမ်းကျုံးကာ ပြန်ကောက်ထည့်လာခဲ့ရတဲ့၊ တိုးပဲ့နေတဲ့ ဂုဏ်သိက္ခာအပိုင်းအစတွေကို သက်သေလုပ်လို့ အရှုပ်ထုပ်ကြီးကို ဖြေပြလိုက်မိလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com




## တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲ

မြန်မာပြည်အလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသရဲ့ နွေဦးရာသီမှာ ပူလောင်အိုက်စပ်ခြင်းဆိုတဲ့ တာဝန်ကြီးကို တစ်နေ့တာ ထမ်းဆောင်လို့ ပြီးသွားလေတဲ့ ဘာဏုရာဇာနေမင်းကြီးက တစ်ထောင်သောရောင်ခြည်ကို ဖုတ်ဖက်ခါရင်း အနောက်ဂေါယာကျွန်းကို ယွန်းဖို့အတွက် ရွာထိပ်က ကိုပိန့်ထန်းတောကြီးနောက်ကို ဝင်ပုန်းဖို့ ကြိုးစားနေတဲ့အချိန်. . .

အပူချိန်လျော့ပါးသွားတာကို အခွင့်ကောင်းယူပြီး လေပြည်အေးလေးက တစ်ချက်တစ်ချက် သုတ်လိုက်လေတော့ လေအနေ့မှာ တညီတညွတ်တည်း ယိမ်းကနေကြတဲ့ မန်ကျည်းပင်၊ တမာပင်တွေကလည်း မန်ကျည်းရနံ့၊ တမာရနံ့တွေကို တသင်းသင်းထုတ်လွှင့်နေသလို ပုရစ်ဖူးလေးတွေ စိစိရီရီထွက်ပြူစ ပင်အိုပင်ပျိုတွေပေါ်မှာလည်း ဘာသာဘာဝ မြူးတူးပျော်ပါးစွာဖြင့် အိပ်တန်းတက်တေးတွေကို ငှက်ငယ်လေးများက သံပြိုင်သီဆို ကျူးရင့်လို့နေကြတဲ့အခါသမယမှာတော့. . .



www.burmeseclassic.com

www.burmeseclassic.com



ရွာရဲ့အနောက်ဘက်တံခါးကနေ ဖုန်လုံးကြီးတွေ တလိမ့်လိမ့်နဲ့အတူ နွားအုပ်ကြီးတွေကလည်း ချိတိုင်ရှိရာကို ပြန်လာကြပြီပဲလေ. . .

သို့ကလို ပသာဒကျကျ သဘာဝအလှအပတွေနဲ့ ပြည့်စုံနေတဲ့ ကျွန်တော်တို့ မန်ကျည်းပင်တန်းရွာကလေးရဲ့ နွားရိုင်းသွင်းချိန်ကို အရှုပ်ဆိုးအကျည်းတန်သွားစေတဲ့ အဖြစ်အပျက်တစ်ခုက ရုတ်ချည်း ဖြစ်ပွားလို့လာပါလေတော့တယ်. . .

"သရဲကြီး. . . သရဲကြီး. . . တစ္ဆေကြီး. . . တစ္ဆေကြီး. . . သဘက်ကြီး. . . သဘက်ကြီး. . ."

လို့ ဆူညံစွာအော်ဟစ်ရင်း အပြေးအလွှားနဲ့ ရွာထဲကိုဝင်လာတဲ့ နွားကျောင်းသားလေးများအသံနဲ့အတူ လန့်ဖျပ်ပြီး ဂမူးရှူးတိုး ကြောက်လန့်တကြားနဲ့ ပြေးလွှားလိုက်ကြတဲ့ နွားအုပ်ကြီးရဲ့ 'တဘူးဘူး. . . တဘောဘော. . . 'အော်သံ၊ နှာမှုတ်သံ၊ ခွာသံတွေဟာ မန်ကျည်းပင်တန်းတစ်ရွာလုံးကို သွက်သွက်ခါပြီး သိမ့်သိမ့်ကိုတုန်သွားတာပေါ့. . .

"သားရေ. . . သမီးရေ. . . အကေး. . . တို့. . ပုလေးတို့ လာ မြန်မြန် အိမ်ပေါ်ကိုတက်ပါတော့လား"

စသည်ဖြင့် စသည့်ဖြင့် သားသည်အမေတွေက သူ့ကလေးတွေကို အော်ဟစ်ဆွဲရုန်းခေါ်ဝေါ်သံ . . .

"ဘာလဲဟ. . ဘာဖြစ်လာကြတာလဲဟ. . မောင်းထုကြပါတော့လား . . လူစုကြပါတော့လား . . ကာလသားမှန်သမျှ ရရာလက်နက်စွဲပြီး . . ရွာအနောက်တံခါးကို အမြန်သွားကြပါတော့လား"

စသည်ဖြင့် စသည်ဖြင့် တပ်လှန့်လူစုသံတွေ တစ်ရွာလုံးကို အဝီစိပွက်လိုက်သလို ဘဝင်ညံသွားပါတော့တယ်။

နွားရိုင်းသွင်းချိန် အပြင်မထွက်နဲ့. . .





ဖုတ်သဘက်တွေ လိုက်တတ်တယ်. . .
ဖုတ်သဘက်တွေ ကြောက်တဲ့ဆေးကို
ဘုန်းဘုန်းပေးလို့ရှိပါတယ်. . .
ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ ရွတ်တော့. . .
ဖုတ်သဘက်တွေ ပြေးလိမ့်မယ်. . .
ရွတ်ကွယ်. . . ရွတ်ကွယ်. . .

ဆိုတဲ့ ငယ်စဉ်တောင်ကျေး ကလေးဘဝက နှုတ်ဝယ်ရွရွရွတ်ဆို ခဲ့ရဖူးသော ဆရာကြီးမင်းသုဝဏ်ရဲ့ ကဗျာလေးကို ဖျတ်ခနဲအတိရသွားလို့ 'သဝေမပါ ကိုးဂါထာကို ရွတ်ဖတ်ရင်း အိမ်နံရံမှာတရိုတသေချိတ်ထားတဲ့ အဘိုးရဲ့ ငှက်ကြီးတောင်ဓားကြီးကို သွားဆွဲဖို့အလုပ် မွေးသဖခင်ကျေးဇူးရှင်က လက်ဦးမှုကိုရယူသွားလေတော့ မီးဖိုထဲကိုသွားပြီး အဘွားရဲ့အမွေအနှစ်ဖြစ်တဲ့ ကြက်သွန်နွှာ အသားလှီး၊ ခရမ်းချဉ်သီးကို နုတ်နုတ်စဉ်းတဲ့ လက်သုံးတော်ဓားမတိုကိုယူဖို့ပြင်ပြန်တော့လည်း မွေးသမိခင်က. . .

'နှင့်အရွယ်က ဓားကိုင်ရမယ့်အရွယ်မဟုတ်ဘူး'လို့ ဗိုလ်တိုအာဏာသုံးလိုက်တာကြောင့် အမေ့ရဲ့ ယောင်းလက်စ ငရုတ်ဆုံထဲက ငရုတ်သီးဖတ်တွေနဲ့ ရဲရဲတောက်နေတဲ့ တစ်ထွာသာသာ ငရုတ်ကျည်ပွေ့ကြီးကို အားမာန်အပြည့်နဲ့ ကိုင်ဆွဲရင်း ရဲရင့်တဲ့ခြေလှမ်းများနဲ့ အိမ်ဝိုင်းထဲမှအထွက်. . .

"ဟာ. . . ဘာမှမဟုတ်ဘူးဟေ့. . ဘာမှမဟုတ်ဘူး. . ."

"လေးကို ရွာကိုပြန်လာတာဟေ့ . . . လေးကို ရွာကိုပြန်လာတာဟ"

လို့ ဝမ်းသာအားရ ကြွေးကြော်သံကြီးက ရွာအနောက်တံခါးဘက်ကထွက်ပေါ်လာတာကြောင့် တစ်ရွာလုံး သက်ပြင်းချရင်းရောက်ရာနေရာမှာရပ်လို့ ရွာအဝင်လမ်းကို စေ့ငုမိကြတော့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



လေးကိုဆိုသူက ရွာအရှေ့ဖျားမှာ တိုက်ခံအိမ်ကြီးနဲ့နေတဲ့ ကြေး ရတက် ထွေးလေးကိုကျော်ပုနဲ့ ကြီးတော်မိဖြားကြီးတို့ရဲ့သားကြီး ဖြ ရသဖြစ်သလို ကျွန်တော်တို့မန်ကျည်းပင်တန်းရွာသားစစ်စစ်ဖြစ်ပေ မယ့် သူက ခေသူတော့မဟုတ်ဘူး . .

ဘိုးဘွားဘီဘင် အဆက်ဆက်က ယခုထက်တိုင် လယ်ယာ လုပ်ငန်းအပြင် နွားမွေးမြူရေးလုပ်ငန်းနဲ့ပါ ချမ်းသာကြွယ်ဝနေတဲ့ သူ့မိဘနှစ်ပါးရဲ့ အရိပ်အာဝါသအောက်မှာ ထမင်းပွဲရှေ့ရောက် ဒူး နှန့်ပြီး ထိုင်စားနိုင်သော်ငြားလည်း မြို့ကို အရောက်အပေါက်များတဲ့ လူရည်လည်သူ ကိုရင်လေးကိုက အမြင်ကျယ်လေတော့ မိဘလက် ငုတ်လက်ရင်း လုပ်ငန်းဟာ သူ့အတွက် စာမဖွဲ့လောက်ဘူးတဲ့ . .

မိဘရဲ့ ကြွယ်ဝမှုဟာလည်း ဝါးလုံးခေါင်းထဲမှာ လသာသ လောက်ပဲရှိလို့ သူ့အလှည့်မှာ အဇ္ဈေါအထက်ကောင်းကင်မှာ ထွန်း လင်းတဲ့ စန္ဒာငွေလမင်းလို အတိုင်းအဆမရှိအောင် ကြွယ်ဝချမ်းသာ ရမှသာလျှင် ကျေနပ်နှစ်သိမ့်နိုင်လိမ့်မယ်လို့ သန္နိဋ္ဌာန်ချထားတဲ့ သူလေ။

အဲဒါကြောင့် ယောကျ်ားတံခွန်လူရည်ချွန် ကိုလေးကိုက ကောင်းကင်တမွတ် ကြယ်ကိုဆွတ်မယ့်အရေးမှာ သူ့ကိုယ်စွမ်းဉာဏ် စွမ်းရှိသမျှနဲ့ လုပ်ဆောင်ကာ စီးပွားရှာဖို့အရေးအတွက် အရင်းအနှီး ထုတ်ပေးပါတော့ဆိုပြီး ခြံထဲကနွားတွေကို မျက်စောင်းထိုးကာ မိဘ နှစ်ပါးထံ လက်ဝါးဖြန့်လေတော့ . . .

မိဘထက်မြတ်တဲ့ 'အတိဇာတသား' အတွက် လိုချင်တာ မှန်သမျှ ရစေမဟလို့ ကြီးတော်မိဖြားကြီးက ထဘီကို တံခွန်ထူတာ ကြောင့် တစ်ရွာလုံးလက်ညှိုးထိုးမလွဲလောက်အောင် အမျိုးများတဲ့ ကြီးတော်မိဖြားကြီးရဲ့ အသိုင်းအဝိုင်းအတွင်းမှာ ရောက်နေရရှာတဲ့ ထွေးလေးကိုကျော်ပုမှာ မယားကိုကြောက်ရတာက တစ်မျိုး၊ သား





ကို ဖျောင်းဖျလို့မရတာကလည်း တစ်ပိုင်းဆိုတော့ ကြိတ်မနိုင်ခဲမရ နဲ့ ဒေါသနဲ့သောကတွေ ငယ်ထိပ်အထိရောက်နေသော်ငြားလည်း အားမတန်လို့ မာန်လျှော့ကာ ခမည်းပေးထားတဲ့ နွားဗိုက်ကလေး ဆောင် မချန်ဘဲ တစ်ခြံလုံးကျွတ် ရှိသမျှနွားတွေကိုရောင်းပြီး သား ဆော်မောင် လက်ထဲထည့်ပေးလိုက်ရတော့တာပေါ့။

လိုအပ်တဲ့ အရင်းအနှီးရပြီဆိုတာနဲ့ သားလှလိမ္မာ ကိုရင် လေးကိုကလည်း သူပြန်လာရင် တစ်ရွာလုံးသိမ့်သိမ့်တုန်သွားစေရ မယ်လို့ ကြုံးဝါးကာ မြို့မှာရှိတဲ့ သူ့ရဲ့အဆက်အသွယ်ကောင်းနဲ့ ရေ ခြားမြေခြားနိုင်ငံရပ်ခြားအထိ သွားရောက်ကာ စီးပွားတွေရှာလိုက် တာ တစ်ခါလည်သာသာနဲ့ ပြန်ရောက်လာပြီဆိုတော့ တစ်ရွာလုံးက အုန်းအုန်းကျွက်ကျွက်နဲ့မျက်တောင်မခတ်ဘဲ ကိုရင်လေးကို လျှောက် လှမ်းလာမယ့် ရွာအနောက်တံခါးကို မျှော်မှန်းပြီးကြည့်နေကြစဉ်မှာပဲ

တဖြည်းဖြည်း ငြိမ်သက်သွားတဲ့ဖုန်လုံးကြီးများအတွင်းမှ ထရွေ့ရွေ့ထွက်ပေါ်လာသူ ကိုရင်လေးကို ကိုမြင်လိုက်ရတဲ့သကာအလ အံ့သြလွန်းလို့ အားလုံးပါးစပ်အဟောင်းသားနဲ့ပေါ့ . . .

တစ်နှစ်အတွင်း ချက်ခြင်းအသွင်ပြောင်းသွားတဲ့ ကိုရင်လေး တိုရဲ့ ပုံသဏ္ဌာန်ကလည်း နွားကျောင်းသားလေးတွေ ကြောင်လန့် ပြီး ထွက်ပြေးမယ်ဆိုလည်း ပြေးလောက်ပါပေါ့ရဲ့။

ဂုညင်းဒိုးသီးလောက် ကြီးတဲ့ဘီးလုံးတွေတပ်ထားတဲ့ နိုင်ငံ ခြားဖြစ် ထန်းခေါက်ဖာအိတ်ကြီးကို ပခုံးပေါ်မှာ ထမ်းထားသူ ကိုရင် လေးကိုရဲ့မျက်နှာဟာလည်း အိတ်နဲ့အပြည့် ငွေတွေပါလာပုံရလေ တော့ သူ့ငွေတွေကို ချေးငှားတောင်းရမ်းလုယက်မှာစိုးတဲ့ ငွေရှင် ကြေးရှင်ကြီးအတိုင်း အေးတိအေးစက်နဲ့ မျက်နှာကြောကြီးတင်းချက် ကလည်း မိုးမိထားတဲ့ ဘီလပ်မြေအိတ်ကြီးအတိုင်းပါပဲ။

တစ်ရွာလုံးကို သူတစ်ယောက်တည်း တင်ကျွေးထားရလေ



www.burmeseclassic.com

www.burmeseclassic.com



ဟန် မာရေကြောရေ ရှစ်ခေါက်ချိုး သူ့မျက်ခွက်ကြီးကို ပိုပြီးပေါ်လွင်ထင်ရှားအောင် ဘောင်ခတ်ပေးထားတဲ့ သူ့ခေါင်းမွေးတွေကလည်း မျိုးစေ့မအောင်တဲ့ ဖိုးသကြ(ဖိုးသွားကြ) ပြောင်းဖူးမွေးတွေသကဲ့သို့ ရွှေဝါရောင်တစ်ကွက်၊ အညိုတစ်ကွက်၊ အနီတစ်ကွက်နဲ့ ပခုံးကျော်တဲ့အထိ ဖွာလံကျဲကာ ရှည်လျားနေလေတော့ မိန်းမတွေသုံးတဲ့ ဘီးကုတ်ကြီးနဲ့ နဖူးပေါ်ကနေ ငယ်ထိပ်အထိရောက်အောင် နောက်ကိုလှန်ပြီး ဖိထားရသေးသဗျ။

ခြေမလောက်ကြီးတဲ့ ကျောက်ဖြူကြီးကို ငွေနဲ့ကွပ်ထားတဲ့ ဧရာမနားတောင်း(နားဋောင်း)ကြီးကို နားနှစ်ဖက်မှာ အလေးခံကာ ချိတ်ဆွဲထားတဲ့အပြင် သုံးတင်းဝင်ဆန်အိတ်လောက်နီးနီး ကြီးမားတဲ့ အနက်ရောင်တီရှပ်ဆိုတဲ့ အင်္ကျီကြီးကို သူ့ကိုယ်ပေါ်မှာလွှမ်းခြုံထားတာကြောင့် အင်္ကျီပေါ်မှာရေးသားထားတဲ့ 'No Money, No Honey' ဆိုတဲ့ ဗြိတိသျှစာတန်းကြီးကလည်း ထင်းလို့ပေါ့ . . .

သူ့အင်္ကျီမှာရေးသားထားတဲ့စာဟာ ဘာအဓိပ္ပါယ်လဲလို့ မွေးသဖခင်က ကျွန်တော့်ကိုလက်တို့ရင်း တိုးတိုးတိတ်တိတ်နဲ့ အားကိုးတကြီး မေးလာလေတော့ မူလတန်းကတည်းကနေ ကကြီး၊ ခခွေး အပြင် အေ၊ ဘီ၊ စီ၊ ဒီနဲ့ပါ နပန်းလုံးရင်းကြီးပြင်းလာခဲ့ရတဲ့ ကျွန်တော်ကလည်း . . .

"ငွေလည်း မရှိ၊ အချစ်လည်း မရှိတဲ့ ဖွတ်ကျားကြီး"

လို့ အဓိပ္ပါယ်ရတဲ့အကြောင်း ဖခင်ကြီးအလိုကျ မဆိုင်းမတွနဲ့ ဘာသာပြန်ပေးလိုက်ရပါသေးတယ် ခင်ဗျ။

ဂုဏ်ယူမှုတွေ ဝင်းဝင်းလက်နေတဲ့ မျက်ဝန်းအစုံနဲ့ မွေးသဖခင်က ကျွန်တော့်ကိုကြည့်ကာ ခေါင်းတညိတ်ညိတ်လုပ်ပြီး ဘေးပတ်ဝန်းကျင်ရှိ လူထုကို ထပ်ဆင့်ပြီးဖြန့်ဝေသမှုပြုနေတဲ့အချိန်မှာ





ကျွန်တော့်မျက်ဝန်းအစုံကတော့ ကိုရင်လေးကိုထံမှ မခွာနိုင်တော့ပါဘူး . . .

မခွာနိုင်အောင် ဆွဲဆောင်နေတဲ့သူ့ရဲ့ဝတ်ပုံစားပုံက ဆင်တို ထူးခတ်လို့ရလောက်တဲ့အထိ ကြီးမားသော သံမဏိဆွဲကြိုးကြီးကို တီရှပ်အင်္ကျီပေါ်မှာ ပြောင်ပြောင်လက်လက်ဆွဲထားတဲ့အပြင် ဘယ်ဘက်လက်မှာတစ်ဆယ်သားလောက်နီးနီး အလေးချိန်စီးမည့် ပလတ်စတစ် နာရီကြီးကို ဝတ်ထားသလို ညာဘက်လက်မှာကလည်း တြင်းကြေ၊ နဝင်းကြေအဖြစ် ပျူပုတီးစေ့နှစ်ဆယ့်ခုနစ်လုံးကို ကြိုးနဲ့သီပြီး ပတ်ထားသေးတယ်လေ။

ခန္ဓာကိုယ်အောက်ပိုင်းကိုလည်း အိတ်ကပ်ပေါင်းများစွာနဲ့ တိုးလို့တွဲလောင်းကြိုးတွေပါတဲ့ ဘောင်းဘီလက်စက ပွပွကြီးကိုဝတ်ဆင်ထားတာကြောင့် မိဆိုင်ဖဆိုင် ခြေသလုံးမွေးတွေကလည်း အထင်းသားနဲ့ ပေါ်လွင်နေတာကို ပိုပြီးတော့ လူမြင်စေအောင်လို့ 'လက်ာဒီပ ချစ်သူ' ရုပ်ပြဇာတ်လမ်းထဲက 'ရာဝဏ' ခေါ် 'ဒသဂီရိ' စီးထားတဲ့ ကျိုးတို့ကျဲတဲ ကြိုးသိုင်းခြေနင်းကြီးကို စီးထားပြန်သေးတယ်လေ။

သို့ကလို လူလွန်မသားစတိုင်နဲ့ ဂိုက်ပေးကြမ်းနေတဲ့ ကိုရင်လေးကိုက မည်သူ့ကိုမှနှုတ်မဆက်၊ မည်သူ့ကိုမှ ဂရုမစိုက်ဘဲ မနွေး၊ မမြန်သော ခြေလှမ်းတွေနဲ့ ရွာအတွင်းဝင်လာပြီး သူ့အိမ်ရှိရာကို ရှေးရှုကာ သွားလေတော့ ကျွန်တော်တို့မန်ကျည်းပင်တန်း ရွာသူရွာသားအပေါင်းခမျာမှာလည်း ပထမဆုံးသော နိုင်ငံခြားပြန်လူသားဆိုသဟာကို အရှင်လတ်လတ်ကြီး မမြင်ဖူး၊ မတွေ့ဖူးကြတာကြောင့် အချင်းချင်းလက်တို့ကာ ကိုရင်လေးကိုနောက်ကနေ တကောက်ကောက်လိုက်ကြရတော့တာပေါ့။



www.burmeseclassic.com

ရွှာအရှေ့ပိုင်းက သူတို့တိုက်ခံအိမ်ရောက်တဲ့သကာလ . . သားတော်မောင်ကို မြင်တွေ့လိုက်ရတဲ့ ထွေးလေးကိုကျော်ပုခမျာ သူ့အသားသူလိမ်ဆွဲရင်း အိပ်မက်လေလား၊ လက်တွေ့လားလို့ အံ့ဩသမှုဖြစ်နေချိန်မှာ . . .

"ဟိုင်း . . ဒက် . . ဟောင်း ဒူး ယူ ဒူး . . အိုင် အမ် ဖိုင်း . . ဘေဘေ . . မာရဲ့လား . . သားလည်း တော်တော်မာပါသည်"

လို့ ဗြိတိသျှလိုတစ်မျိုး၊ အမိမြန်မာစကားနဲ့တစ်ဖုံ ကိုရင်လေးကိုက နှုတ်ခွန်းဆက်သလိုက်တာကြောင့် ဖခင်ကြီးထွေးလေးကိုကျော်ပုတစ်ယောက် မျက်လုံးပြူးမျက်ဆံပြူးနဲ့ သမ္မုဒ္ဒေဂါထာတော်ကြီးကို အမြီးအမောက်မတည့်အောင် ရွတ်ဆိုရင်း မှင်သက်သွားချိန်မှာ မွေးသမိခင်ကြီးတော်မိပြားကြီးက ဝမ်းသာအယ်လဲနဲ့ အပြေးအလွှားထွက်လာပြီး . . . .

"လာစမ်းဟဲ့ . . အမေ့သား . . အမယ်မင်း ထွားလိုက်တာ . . တစ်နှစ်အတွင်း ချက်ခြင်းပြောင်းသမို့ အမေပြားတောင်မမှတ်မိဘူး . . ငါ့သားလှ ပြန်လာကြောင်းကို ပန်းသပြေ ညောင်ရေလောင်းလို့ နေ့တိုင်းပဲဆုတောင်းရတယ် သားမောင်ရယ် . . . "

လို့ လွှမ်းလွှမ်းဆွတ်ဆွတ်ကြီး ပြောဆိုကာ ထွေးပွေ့လိုက်တဲ့သကာလ . . ကိုရင်လေးကိုကလည်း သူထမ်းလာတဲ့ အိတ်ကြီးကိုချရင်း . . .

"အိုး . . မာမီ . . အိုင်မစ်ယူ . . အိုင်လဗ်ယူ . . အိုး . . အမေပြား . . နေ့တိုင်း အချစ်မပြယ် သတိရလျက်ပါ ခင်ဗျာ"

လို့ ဗြိတိသျှလို တစ်ဖုံ၊ တကောင်းအဘိရာဇာသာကီဝင်စကားနဲ့တစ်မျိုး နှုတ်ဆက်ပဏ္ဏာပြုလိုက်တာကြောင့် တစ်ရွာလုံး တအံ့တဩနဲ့ပေါ့ . . .

သို့ကလို သားအမိ၊ သားအဖတွေ နှုတ်ဆက်ပြီးကြတာနဲ့





ကိုရင်လေးကိုက အိမ်ရှေ့မှာချထားတဲ့ ထန်းဝက်လက်တုလားဆိုင်ပေါ်မှာ မိန့်မိန့်ကြီးနေရာ ယူလိုက်လေတော့ အမိအဘနဲ့တကွ ရွာသူရွာသားတွေအပေါင်းလည်း သင့်ရာကနေ ခစားရတော့တာပါပဲလေ။

"သဝဲသား အစ် ဆိုးဘက် မာမီ . . ဥတုသပ္ပါယတ မရှိတာပါဘူး အမေပြားရယ် . . ဖဲရီး . . ဖဲရီး ဟော့(ထ်) အဲ . . အင်း . . အရမ်းပူပြင်းတဲ့အပြင် . . ဟိုဒင်း . . ဟိုဟာ . . လေ . . ချွေးတွေဒလဟောထွက်တာကို ဘယ်လိုခေါ်ပါလိမ့်"

ဆိုပြီး အိမ်ခေါင်မိုးတံစက်မြိတ်ကို မော့ကြည့်ကာ တွေဝေသွားချိန်မှာပဲ မာတာမိခင်က ပျာပျာသလဲနဲ့ . . .

"ရေခြားမြေခြားမှာ အနေကြာလို့ သားကြီးဩရသတဲ့ မြန်မာစကားတွေတောင် မေ့လျော့သွားပါရောလား။ ပူပြီးချွေးတွေထွက်ရတာကို 'အိုက်' တာလို့ ခေါ်သကွဲ့ . . . သားမောင်ရဲ့ . ."

လို့ အတိုင်အဖောက်ညီညီပြောဆိုကြပြန်လေတော့ . . တစ်ရွာလုံးရှိသမျှလူတွေတင်မက ဖခင်ကြီးထွေးလေးကိုကျော်ပု ကိုယ်တိုင် ပါးစပ်အဟောင်းသားနဲ့ပ ဖြစ်နေဆဲမှာ . . .

"သင့်ခယူ . . မာမီ . . ဖဲရီး . . ဖဲရီး . . သင်္ခယူ"

သားမောင် မေ့လျော့သွားတဲ့ စကားလုံးကို ပြန်လည်ဖော်ပြပေးတဲ့အတွက် အတိုင်းမသိ အနှိုင်းအစမရှိအောင် ကျေးဇူးဥပကာရ တင်ရှိကြောင်းပါ မွေးသမိခင် အလွန်အင်မတန်အေးမြချမ်းစိမ့်သော ရေသန့်တစ်ဘူးကို ကမ်းလင့်ပါကပိုမိုပြီးကျေးဇူးတင်ရပါလတ္တံ့။

ဆိုပြီး ညည်းညည်းညူညူပြောလိုက်ပြန်တာကြောင့် ကြီးတော်မိပြားကြီးလည်း ပြေးပြေးလွှားလွှားဖြင့် . . .

"အနုတ်စုတ် ကုပ်စုတ် ရွာငယ်ဇနပုဒ်မှာ ရေသန့်ဘူးဆိုသဟာမရှိဘြားသော်လည်း သားမောင်ရွှေသွေးရဲ့ ချင်ခြင်းအာသီသအတွက် အမေတတ်စွမ်းသမျှ ဖြည့်ဆည်းပေးပေတော့အံ့ . . "



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောဆိုကာ သောက်ရေအိုးထဲမှ ရေများကို ဘိလပ်ရည်ပုလင်းခွံဟောင်းလေးထဲသို့ ထည့်သွင်းပြီးမှ ကိုယ်တိုင်လက်ရောက်ပေးဆက်လိုက်တာနဲ့ ခမျာကြီးကလည်း သူ့အမေနို့ ဂုတ်ကျားစို့သလို ပုလင်းကို ပါးစပ်က မခွာဘဲ 'တဂွတ် . . ဂွတ် . . " မော့သောက်ပြီးမှ . . .

"သန့်ခယူ ဖဲရီးမတ်ချ်၊ ရှဲရှဲနီ၊ အရိုဂတ်တော ကိုဗိုင်းမတ်ပါ မာမီ . . . ယခုလို ချမ်းစိမ့်အေးမြသောရေကို ပေးဆက်တဲ့အတွက် ရေအကျိုးတစ်ရာ့တစ်ပါးနဲ့ ပြည့်စုံစေရန်အလို့ငှာ ဗြိတိသျှ တရုတ်နဲ့ ဂျပန်အစရှိတဲ့ ဘာသာစကားကြီးသုံးမျိုးဖြင့် ကျေးဇူးတင်ရှိလိုက်ပါသည် အမေပြား . . ."

လို့ ကျေးဇူးတော်ကို မိန့်မြွက်ကာဖော်ပြလေတော့ ရေအကျိုးဆယ်ပါးကို တစ်ရာ့တစ်ပါးအထိ ရောက်ရှိသွားအောင် ဘာသာစကား ကြီးမျိုးစုံကို ပိုင်နိုင်တတ်ကျွမ်းတဲ့ ကိုရင်လေးကိုအတွက် သူ့အမေကြီးတော်မိပြားကြီးကလည်း နှစ်ထောင်းအားရဖြစ်၊ တစ်ရွာလုံးကလည်း အံ့တွေဩနေချိန်မှာ ဖခင်ကြီးထွေးလေးကိုကျော်ဂုကတော့ ရင်ဘတ်စည်တီးတဲ့အဖြစ်တောင် ရောက်ရှိနေပါပြီ။

ကျွန်တော်တို့ရွာလေးရဲ့ အမိကာရ လူတွင်ကျယ်ကြီး ဘထွေးကိုဘိုစန်းက ကိုရင်လေးကို အနားသွားပြီး ခစားရင်း . . .

"ဒါနဲ့ မောင်ရင်သွားရောက်လုပ်ကိုင်ခဲ့တဲ့ နိုင်ငံခြားဆိုသဟာကြီးမှာ ဥတုသပ္ပါယမျှတပြီး စပါး၊ နှမ်း၊ ပြောင်း အထွက်ကောင်းရဲ့လားကွဲ့ . . ."

ဆိုပြီး မေးမြန်းလိုက်တာနဲ့ ထန်းပက်လက်ကုလားထိုင်ကိုရာဇပလ္လင်သဖွယ် ခန့်ခန့်ကြီးမင်းမူနေတဲ့ ကိုရင်လေးကိုက . . .

"အိုး . . မေးမှမေးရက်ပလေဗျာ . . ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီးတဲ့ ဂရိတ်နိုင်ငံကြီးကပဲ ရာသီဥတုကို ကြိုက်သလိုဖန်တီးနိုင်တဲ့





အပြင် စိုက်တဲ့ပျိုးတဲ့နေရာမှာလည်း ခေတ်မီလွန်းတာကြောင့် ဇနဗုဒ် . သားတွေ နားရှင်း၊ အမြင်ရှင်းအောင် ပြောပြရလျှင်ဖြင့် . . .

ဟိုဗျာ . . စပါးစေ့လေးတွေကို မြေကြီးပေါ် ပစ်ချထားတာလေ . . အဲ . . အဲ . . အဲဒါ ဘယ်လိုခေါ်ပါလိမ့် . . အဲ . . အင်း"

မြန်မာစကားမေ့လို့သွားပြန်တဲ့ သားလူလှအတွက် အမေပြားကလည်း ဂုဏ်ယူစွာဖြင့် ဝင်ထောက်ပေးပြန်သဗျ။

"ပျိုးကြဲတာပေါ့ သားလူလှရယ် . . ."

"အိုး . . ဟုတ်ပါရဲ့ မေ့တတ်လိုက်တာ။ အဲဒီ စပါး ပင်လေးတွေ ပေါက်လာပြီး တစ်တောင်မရှိတရှိမှာ စပါးပင်ရဲ့ အမြစ်ပါ့ပါအောင် ဖြည်းညင်းစွာဆွဲယူတာဗျာ . . အဲဒါ . . အဲဒါ . ."

"ပျိုးနုတ်တာပေါ့ မေ့သားမောင် . . ."

"အိုး . . မေ့တယ် . . မေ့တယ် . . နုတ်ထားတဲ့ အပင်လေးတွေကို ဟိုဗျာ . . ဗွက်ထနေတဲ့ အကွက်ကြီးထဲမှာ တစ္စပ် စွပ်ထိုးထည့်တာလေဗျာ . ."

"ကောက်စိုက်တာကွဲ့ သားမောင်ရဲ့ . . ."

"အိုး . . ဟုတ်တယ် . . ဟုတ်တယ် . . အဲ . . အပင်တွေကြီးလာပြီ . . စပါးတွေ သီးလာတဲ့အချိန်မှာ ကောက်ကောက်ကွေးကွေး မားလိုဟာကြီးနဲ့ လှီးတာကရော . . ."

"ကောက်ရိတ်တာကွယ် . . သားလှရယ် . ."

"အိုး . . အဲဒါ . . အဲဒါ . . အဲ . . နောက်ပြီးတော့"

ကိုရင်လေးကိုရဲ့ စကားတောင်မဆုံးသေးဘူး။ ကြီးတော်မိပြားကြီးရဲ့မောင် အငယ်ဆုံးဖြစ်သလို စိတ်မြန်လက်မြန်နဲ့ စိတ်နောက်လက်ပါ ရှိလွန်းတဲ့ ဘကြီးမဲလုံးက တောက်လျှောက်ကြီးပြောချလိုက်တယ်လေ။

"ကောက်ရိတ်ပြီး စည်းထားတာကို ကောက်လှိုင်းလို့ခေါ်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ မြေကြီးကို ပြောင်အောင်ရှင်းထားတာကို တလင်းလို့ခေါ်တယ်။ တလင်းထဲမှာ ကောက်လှိုင်းတွေကို ဖြန့်ပြီး နွားနဲ့နင်းကာ အစေ့ချွေတာက တလင်းနယ်တာ၊ ကြွေလာတဲ့ စပါးစေ့တွေကို အမှော်အဖျင်းမပါအောင်လို့ ဆန်ကောကြီးထဲမှာထည့်ပြီး မွှေတာက စပါးလှေ့တာ။ ရလာတဲ့စပါးတွေကို ပုတ်တောင်းအကြီးစားထဲမှာ ထည့်တာက ကျီသွင်းတာ၊ ကျီထဲက စပါးကိုယူပြီး မောင်းထဲမှာထည့် ထောင်းတာက စပါးဖွတ်တာ။ ဖွတ်ထားတဲ့ စပါးကို အကွဲအကြေမပါတဲ့ ဆန်ချည်းပဲကျန်အောင် ဆန်ကနေ ထမင်းဖြစ်သွားတာ . . ကိုင်း အစ်မပြား ခင်ဗျားသား ပြန်မှတ်မိသွားအောင် ထမင်းကိုဝါးပြီး ခွံ့ကျွေးလိုက်ဦးလေဗျာ . . . ”

လို့ဆိုတော့ ကြီးတော်မိပြားကြီးက သူ့မောင်ဘကြီးမဲလုံးကို တစ်လှည့်၊ သားတော်မောင်ကိုတစ်လှည့် ပြုံးပြုံးကြီးကြည့်နေချိန်မှာ မွေးသဖခင်ထွေးလေးကိုကျော်ပုကတော့ ကိုကြီးကျော်ကို အရက်ဖြတ်ဆေးတိုက်လိုက်သကဲ့သို့ မထွေးနိုင်မအန်နိုင်ကိုဖြစ်လို့ပေါ့။ တစ်ရွာလုံးကလည်း ပါးစပ်အဟောင်းသားနဲ့ပဲလေ။

သို့သော်ငြားလည်း နိုင်ငံခြားပြန်ကြီးကတော့ ဝမ်းမြောက်စွာနဲ့ ထန်းပက်လက်ကုလားထိုင်ပေါ်က ခုန်ထရင်း . . .

“အိုး . . အောရိုက် . . အောရိုက် . . အောရိုက် . . ဘကြီးမဲလုံး ပြောပြလေမှပြန်ပြီး သတိရတော့သဗျ။ အဲ . . အဲလို စပါးစေ့လေး မြေကြီးပေါ်ပစ်ချတာကစပြီး အိုးထဲကဆန်ဖြစ်သွား တဲ့အထိ လုပ်ငန်းဆောင်တာအဆင့်ဆင့်ကို လူရဲ့လက်နဲ့လုံးဝမထိဘဲ စက်တွေနဲ့ချည်းလုပ်ဆောင်နိုင်တဲ့ နိုင်ငံကြီးဆိုတော့ကာ စပါးခင်းကြီးတွေ သန့်စွမ်းချက်ကတော့ အဲဒီက စပါးခင်းကြီးထဲကို ရွာထိပ်က ကင်းတဲသွားချထားလိုက်ရင်တောင်မှ ကင်းတဲကိုမြင်ရမယ်မထင်ပေါင်ဗျာ”





လို့ လွှမ်းလွှမ်းဆွတ်ဆွတ်ကြီးပြောချလိုက်တာနဲ့ တစ်ရွာလုံးလည်း ရင်သပ်ရှုမောကို ဖြစ်သွားတော့တာပါပဲ။

ဖြစ်လည်းဖြစ်လောက်ပါပေရဲ့။ ရွာထိပ်ကင်းတဲက ပေနှစ်ဆယ်သာသာ အမြင့်ဆိုတော့ ရင်စို့သာသာအမြင့်ရှိတဲ့ ထွန်းရွှေဝါ၊ ဆင်းသီရိ၊ မနော်ဟရီ အစရှိသဖြင့် အမိမြေက စပါးမျိုးတွေထက် အသာကြီးသာ၊ အမြင့်ကြီးမြင့်နေတာကြောင့် စပါးပင်ဟာ ဒီလောက်ကြီးမြင့်သွားရင် အပင်အောင်လွန်းလို့ အသီးမှာအားလျော့ပြီး အဖျင်းအမှော်တွေပဲ သီးလေတော့မလားဆိုတာက တစ်မျိုး။

ဂရိတ်နိုင်ငံကြီးက စပါးပင်ဆိုတော့ကာ အဖျင်းအမှော်တွေတော့သီးမှာမဟုတ်ဘူးဆိုပြန်လျှင်လည်း ဒီလောက်မြင့်မားသန်စွမ်းတဲ့ စပါးပင်ဟာ တံစဉ်တိုးမှာမဟုတ်လို့ လွှနဲ့ပဲတိုက်ဖြတ်ရလေမလား။ စပါးပင်ကို လူကိုယ်တိုင်ရိတ်ရင် စပါးပင်ပိလို့ လူသေလေမလား။ ဟယ်လီကော်ပတာ လို့ခေါ်တဲ့ ရဟတ်ယာဉ်ရဲ့ပန်ကာဒလက်နေရာမှာ တံစဉ်တွေချိတ်ပြီး စပါးခင်းထဲမောင်းဝင်ကာရိတ်ရလေမလား။ အဲဒီအပင်ကထွက်တဲ့ စပါးကိုဆန်ဖွတ်ပြီးလို့ ရလာတဲ့ဆန်တစ်စေ့ဟာ စလယ်ဝင်အိုးနဲ့မှ ဆန့်ပါတော့မလား . . .

စသည်ဖြင့် စသည်ဖြင့် တစ်ရွာလုံး တိုးတိုးတိုးတိုးနဲ့ စပါးပြဿနာကို အဖြေရှာနေကြစဉ်မှာ လက်ရဲဇက်ရဲရှိတဲ့ ဘကြီးရွှောတ်ပေါင်းက ထန်းပက်လက်ကုလားထိုင်နောက်နားမှာ ချထားတဲ့ နိုင်ငံခြားဖြစ် ထန်းခေါက်ဖာအိတ်ကြီးကို ဖွင့်ကြည့်ဖို့ ကြိုးစားနေပြီလေ။

ကျွန်တော်တို့ မန်ကျည်းပင်ရွာရဲ့ ဂုဏ်ဆောင် ပထမဦးဆုံးသော နိုင်ငံခြားပြန်ကြီးက သူ့အိတ်ကို လှည့်မကြည့်ဘဲ တစ်ရွာလုံးကို သနားတယ်ဆိုတဲ့ မျက်နှာပေးနဲ့ ဂိုက်ပေးနေစဉ်မှာ လူတွင်ကျယ်ကြီး ဘထွေးကိုဘိုစန်းကလည်း ခမျာကြီးကို မော်ဖူးရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင် ပြောသမျှ စကားတိုင်းမှာ လှိုင်လှိုင်ကြီးသုံးစွဲသွားတဲ့ စကားအစိပ္ပါယ်ကိုလည်း မြန်မာမှုပြုကာ ဘာသာပြန်ပေးလေမှ ငါတို့အများမှာ နှစ်ထောင်းအားရနဲ့ ဝမ်းမြောက်နိုင်မယ် ဆိုတာကိုလည်း သတိပြုပါဦးလေ . ."

လို့ သတိပေးစကားပြောကြားလိုက်လေတော့ နိုင်ငံခြားပြန်ကြီးခမျာ အငိုက်မိသွားလေသလား မသိ . . .

"အဲ . . . အင်း . . အဲဒါက . . အဲ . . အင်း . . ."

နဲ့ . . အအ အိပ်မက်အပြောရခက်သလိုဖြစ်သွားပြီးမှ လည်ချောင်းရှင်းတဲ့ ချောင်းဟန့်သံနဲ့ ဣန္ဒြေဆည်ရှာ်း . . .

"အဟမ်း . . အဟမ်း . . အဟွတ် . . အဲ . . မြန်မာစာ၊ မြန်မာ ဝေါဟာရကလည်း အရှားသားဆိုတော့ အိုး . . မြန်မာမှုပြုရတာ သိပ်မလွယ်လှပမယ့် . . အတီးအတ ရှာသူရှာသားအပေါင်းရဲ့ အကျိုးစီးပွားအတွက် ရှာကြံကာစကားလုံးဖလှယ်ပေးရလျှင်ဖြင့် 'ကျွတ် ကျွတ် ကျွတ်' လို့ စုပ်သပ်သလိုက တစ်မျိုး၊ အားမလို အားမရ 'တောက်' လို့ တက်ခေါက်သလိုက တစ်မျိုး၊ စိတ်ရှုပ်ရှုပ်လိုက်တာ၊ စိတ်ညစ်လိုက်တာ၊ အစရှိတဲ့ အလိုမကျတာက တစ်နည်း။

သူ့စကားမဆုံးခင်မှာပဲ ဘကြီးမဲလုံးရဲ့သားလေး အခါလည်သာသာ ပါလေပုဆိုတဲ့ ကလေးလေးက အရိပ်သုံးပါးကို နားမလည်ဘဲ ကလေးပီပီ ဆော့ကစားချင်တဲ့ စိတ်နဲ့ သူ့လက်ထဲမှာ ကိုင်စွဲထားတဲ့ ကြေးချူလေးကို ကလောင်ကလောင် . . တတောင်တောင်မြည်အောင် လှုပ်ယမ်းနေလေတော့ . . နိုင်ငံခြားပြန် ကိုရင်လေးကိုရဲ့ စကားစလည်း ပြတ်သွားသလို တစ်ရွာလုံးကလည်း ပါလေပုလေးကို မျက်စောင်းထိုးကြတော့တာပေါ့။

မကျေနပ်လို့ ပါလေပုကို မျက်စောင်းသာထိုးဝံ့ကြတယ်။





ကိုယ်ထိလက်ရောက် သဟောက်သဟနဲ့တော့ မငေါက်ငမ်းဝံ့ကြတာက ပါလေပုရဲ့ အဖေ ဘကြီးမဲလုံးဆိုတာကလည်း လူသာပုတယ်။ စိတ်က မရှည်တတ်တဲ့အပြင် မဟုတ်လျှင်မခံ။ ဟုတ်လျှင် ပိုဆိုးပြီး သူ့ဒေါသထွက်လို့ကတော့ ကျောသား၊ ရင်သား မခွဲခြားဘဲ လက်စကောင်းကောင်း ခြေစကောင်းကောင်းနဲ့ နှာနှပ်ယူရတဲ့အထိ ဆုံးမတတ်တဲ့ လက်မရွံ့ကြီး မဟုတ်လား . . .

ဒါကို အတွင်းသိ အစင်းသိဖြစ်တဲ့ ကိုရင်လေးကိုကလည်း ဘယ်ငေါက်ရဲမလဲ။ ဒါပေမယ့် ခင်ဗျာ ဘကြီးမဲလုံးရဲ့သား သူနဲ့တစ်ဝမ်းကွဲညီလေး ပါလေပုကို စေ့စေ့ကြည့်ရင်း တအံ့တသြဖြစ်သွားပြီးနောက် ပါလေပု လှုပ်ယမ်းနေတဲ့ ချူလေးကို လက်ညှိုးထိုးရင်း . . .

"အိုး . . မိုင် ဒီယာ ဘေဘီ . . အို ချစ်လှစွာသော ကလေးငယ် . . တချွင်ချွင်မြည်သံတွေပေးတဲ့အထိ သင်လှုပ်ယမ်းပြနေသော ဝတ္ထုလေးဟာ ဘာလေးလဲဆိုတာ ပြောပြလျှင်ဖြင့် ကျေးဇူးတင်ရပါလတ္တံ့ . . ."

လို့ အမေးတော်ရှိလိုက်တော့ တစ်ရွာလုံးမှာ 'ဟာခနဲ' တိုးဖြစ်သွားတော့တာပေါ့။ ဘယ့်နှယ်ဗျာ မိဘဘိုးဘွားဘီဘင်ကစပြီး လယ်ယာလုပ်ငန်းကိုလုပ်တော့ နွားနဲ့ဖက်ပြီး ရုန်းရတာက တစ်မျိုးစီးပွားဖြစ် နွားမွေးမြူရေးခြံကြီးထောင်ထားလေတော့ နွားမျိုးစုံနဲ့ကြီးပြင်းလာခဲ့တဲ့ ကိုရင်လေးကိုက နွားလည်ပင်းမှာချိတ်ဆွဲရတဲ့ 'ချူ' ကို မသိတော့ဘူးတဲ့။

ရေခြားမြေခြားမှာ တစ်ခါလည်နီးပါးနေခဲ့ရလို့ မြန်မာစကားနဲ့ ကျန်တာတွေကို မေ့ရင်ထားပါတော့။ သူလေးဘက်သွားအရွယ်ကနေ မူလတန်းကျောင်းတက်ခါနီးအရွယ်အထိ အိမ်မှာငြိမ်ငြိမ်မနေဘဲ ဖိုးသွားသည်သွား၊ ဟိုဝင်သည်ထွက် လုပ်လွန်းလို့ သူ့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာရှိတယ်။ ဘယ်နေရာမှာ ရောက်နေတယ်ဆိုတာသိရအောင် သူ့မိဘနှစ်ပါးက သူ့ခြေထောက်မှာ ချူဆွဲပေးခဲ့တာကို တစ်ရွာလုံး အသိမဟုတ်လား . . .

အဲဒါကြောင့် ငယ်ငယ်လေးတည်းက ချူနဲ့ရင်းနှီးလာတဲ့ အပြင် နိုင်ငံခြားမသွားခင်အထိ ချူသံတလွင်လွင်ပေးတဲ့ နွားအုပ်ကြီးကြားထဲမှာ ကြီးပြင်းလာခဲ့ရတဲ့ သူက ချူကို မေ့ပစ်လိုက်ပြီဆိုတော့ တစ်ရွာလုံးကို ငုတ်တုတ်မေ့ရောပဲ။

ငုတ်တုတ်မမေ့တဲ့သူက လက်ရဲဇက်ရဲဘကြီးရှောက်ပေါင်းလေ။ သူ့လက်ထဲမှာ အသင့်ပါလာတဲ့ ဓားမတိုနဲ့ နိုင်ငံခြားဖြစ် ထန်းခေါက်ဖာအိတ်ကြီးကို ကလန့်ဖွင့်လိုက်တော့ အိတ်ကြီးပွင့်သွားပြီး အထဲက ထွက်လာတာတွေက ဝတ်ထားပြီးသားအကျႌ၊ ဘောင်းဘီအဟောင်းတွေကို လုံးထိုးထည့်လာတာသာဖြစ်ပြီး ငွေနဲ့တူတာဆိုလို့ အကြွေစေ့တောင် ပါမလာဘူး။

သားတော်မောင်က 'ချူ' ကိုမသိလို့ ဘာလေးလဲဆိုပြီး အမေးရှိလာတဲ့အချိန်မှာ မင်းညီနောင် ဝက်သားနဲ့တွေ့သလို ဆွေ့ဆွေ့ခုန်သွားတဲ့ ထွေးလေးကိုကျော်ပုက သားတော်မောင် အိတ်အတွင်းက ပစ္စည်းတွေကို အရှိကိုအရှိအတိုင်း အနီးကပ်မြင်တွေ့လိုက်ရတဲ့ သကာလ စပါးခွံဘွိုင်လာစက်ကြီး မီးပေါင်ပြည့်သွားသကဲ့သို့ 'ရှူးရှူးရှဲရှဲ' ဖြစ်ကာ မျက်နှာကြီးတစ်ခုလုံး ရဲပဒေါင်းခတ်သွားပြီး နတ်ပူးသလို တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လှုပ်စွာဖြင့် . . .

"ဝတ်ပုံ၊ စားပုံ၊ ပြောပုံ၊ ဆိုပုံကအစ ငါနဲ့ နည်းနည်းမှ မတူ့သလို ငါ့သွေးတစ်စက်မှ မပါဘူးဆိုတာ ငါကောင်းကောင်းကြီး ရိပ်မိပြီ . . ."

လို့ ညည်းညူရင်းမှ . . .

ကိုယ့်ဗိမာန်ထဲမှာ မြတ်စွာဘုရားသီတင်းသုံးနေတာကို သိ





လိုက်ရတဲ့ အာဠာဝကဘီလူးကြီးအတိုင်း စကြဝဠာတံတိုင်းတောင် ခဲ့တင်ထပ်လောက်တဲ့ အသံနက်ကြီးနဲ့ . . .

"ဒီ . . ဒီကောင် . . ငါ့သားအရင်းမဟုတ်ဘူး . . နင် ဘယ်လင်ငယ်နဲ့ရမွေးတာလဲ။ မှန်မှန်ပြောစမ်း မိပြားကြီး . . ."

လို့ ငယ်သံပါအောင် အော်ရင်း တစ်သက်လုံးမော်တောင်မကြည့်ဝံ့တဲ့ သူ့မိန်းမကြီးတော်မိပြားကြီးကို ဖနောင့်နဲ့ပြေးပေါက်လိုက်တာကြောင့် တစ်ရွာလုံးမှာ . . 'ဟာ . . ခနဲ' ဖြစ်သွားပြီး ဆွဲချိန်တောင် မရလိုက်ဘူးလေ . . .

ဒီအချိန်မှာ လူပုသလောက် စိတ်ကလည်း လက်တစ်ဆစ်သာရှိတဲ့ ကြီးတော်မိပြားကြီးရဲ့ မောင်အငယ်ဆုံး ဘကြီးမဲလုံးကလည်း ပွဲတိုးဖူးထားတဲ့ အတွေ့အကြုံတွေက များလွန်းဇလတော့ 'ဖျတ် . . ခနဲ' ခုန်ထရင်း . . .

"ဆွေခုနစ်ဆက် . . မျိုးခုနစ်ဆက် . . အမည်းစက်မရှိတဲ့ ငါတို့ အမျိုးတွေ မျက်ခွက်အိုးမည်းသုတ်ရက်တဲ့ကောင် သေပေရော့ကွာ . . ."

ဆိုပြီး သူ့အစ်မလင်ထွေးလေးကိုကျော်ပုကို ပြေးကန်တယ်လေ . .

ကံများဆိုးချင်တော့ ထွေးလေးကိုကျော်ပုကို ဝင်ဆွဲရင်း ဖျန်ဖြေဖို့ ကြိုးစားလိုက်တဲ့ လူတွင်ကျယ်ကြီး ဘထွေးကိုဘိုစန်းရဲ့ အသက်အန္တရာယ်နဲ့ အလွန်နီးစပ်တဲ့ ချက်ကောင်းကိုမှ သွားကန်မိတာကြောင့် ဘထွေးကိုဘိုစန်းခမျာ လေသံတောင်မှမထွက်နိုင်ဘဲ ခွေခနဲကို လဲကျသွားတော့တာပေါ့။

ပဋ္ဌာမြေလူးသလို မြေကြီးပေါ်မှာ ဖျတ်ဖျတ်လူးရင်း 'တဂစ် . . ဂစ် တဂေ့ . . ဂေ့' ဖြစ်နေရှာတဲ့ ဘထွေးကိုဘိုစန်းကို ထူမပေးဖော်မရဘဲ လက်ထဲက ဓားမတိုကို လေထဲမှာ ဝှေ့ယမ်းရင်း . .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . ငါ့အစ်ကို နှစ်ဝမ်းကွဲဘိုစန်းကို မဲလုံးက သေကြောင်းကြံတာ ငါတို့အမျိုးတွေ ကြည့်နေရက်သလားကွ ဟေ . . "

လို့ ဘကြီးရှောက်ပေါင်းရဲ့ တိုက်ပွဲခေါ်သံကြီးကြောင့် လက်သည်းဆိတ်က လက်ထိပ်ပါနာသည့် သူတို့အမျိုးတွေအကုန်လုံး 'ဝှန်းခနဲ' ထကာ လက်ထဲမှာကိုင်စွဲထားတဲ့ တုတ်၊ ဓား လက်နက်တွေကို ဝှေ့ယမ်းကြတော့တာပါပဲ။

အင်း . . ခက်ပုံများ ပြောပြရရင် ဘထွေးကိုဘိုစန်း၊ ဘကြီးရှောက်ပေါင်းနဲ့ ဘကြီးမဲလုံးတို့ကိုယ်တိုင်က ဘယ်ဘက်က လှည့်စပ်စပ်၊နှစ်ဖက်စပ်ရင်နှစ်ဖက်တော်တဲ့ အမျိုးအရင်းကြီးတွေဖြစ်သလို . .

ကျွန်တော်တို့ မန်ကျည်းပင်တန်းတစ်ရွာလုံးက တစ်အိမ်နဲ့တစ်အိမ်၊ တစ်ယောက်နဲ့တစ်ယောက်၊ တစ်မိသားစုနဲ့တစ်မိသားစုပတ်ပြီး အမျိုးတော်ထားကြတဲ့ ဆွေမျိုးစုရွာကြီးဆိုတော့ တစ်ရွာလုံးက ယောကျ်ားမှန်သမျှ မတ်တတ်ရပ်ပြီးသား တိုက်ပွဲဝင်ရန် ဟန်ရေးပြပြီးသား ဖြစ်နေပေမယ့် ဘယ်သူက ဘယ်သူကို ဆော်ပလော်တီးရမှန်းမသိဘဲ ဖြစ်နေတော့တာပေါ့။

ဒါပေမယ့် မြေကြီးပေါ်မှာ လူးလှိမ့်နေတဲ့ ဘထွေးကိုဘိုစန်းကို နှိပ်ဟယ်၊ နင်းဟယ်၊ ကြိတ်ဟယ်၊ ချေဟယ်နဲ့ အပူတပြင်း လက်ပူတိုက်ပြုစုနေရှာတဲ့ ဒေါ်ကြီးကုလားမကတော့ သူ့လင်ခံစားလိုက်ရတဲ့ ဝေဒနာကို သူကိုယ်တိုင်ခံစားလိုက်ရသလို ယူကြုံးမရဖြစ်ပြီး ညစ်ညစ်စုတ်စုတ်စကားတွေ သူ့ပါးစပ်က ထွက်လာတာနဲ့တစ်ပြိုင်နက် . . .

တစ်ရွာလုံးရှိသမျှ မိန်းမတွေ ကလော်ပြီးဆဲလိုက်ကြတာများ အဝီစိပွက်တာထက်အဆတစ်ရာသာပေမယ့် ဘယ်သူက ဘယ်သူ့ကို ဆဲနေမှန်းတောင် မသိတော့ပါဘူးဗျာ . . ယောကျ်ားခြေရာကို ကျော





ကော့အောင် ခံလိုက်ရတဲ့ကြီးတော်မိပြားကြီးတောင်မှ ထဘီစွန်တောင်စွဲပြီး . . .

"ဟဲ့ . . ကောင်မတွေ သတ္တိရှိရင် နာမည်တပ်ပြီး ပြောင်ဆဲပါလား . . ဟိုလူ့စောင်း၊ ဒီလူ့စောင်းနဲ့ မရှင်းမရှင်းတော့ ဆဲမယ်မကြံနဲ့ ပါးကျိုးသွားမယ် ဘာမှတ်သလဲ . . . "

နဲ့ ဝင်ပြီး ဆဲသေးသဗျ။ သို့ကလို ယောကျ်ားများဆွဲ၊ မိန်းမအော်ဆဲလုပ်ရင်း ဘဝင်ညံနေချိန်မှာ . . .

"ဟိတ် . . . ရပ်လိုက်ကြစမ်း . . . "

လို့ အောင်မြင်ခန့်ညားသည့် ဩဇာသံကြီးနဲ့ ဟန့်တားလိုက်တဲ့ အမိန့်စကားကြောင့် အားလုံးလှည့်ကြည့်လိုက်ကြတော့ အိမ်ဝင်းတံခါးအဝမှာ မားမားကြီးရပ်နေသူက ကိုရင်နှစ်ပါးခြံရံပြီးကြွလာတဲ့ ရွာဦးကျောင်းဆရာတော်ကြီးပါပဲ။

ဆရာတော့် အသံကြားလိုက်တာနဲ့ တစ်ရွာလုံး လက်ထဲမှာကိုင်စွဲထားတဲ့ လက်နက်တွေကိုချပြီး ပြားပြားဝပ်လို့ ရှိခိုးပူဇော်လိုက်လေတော့ ပဋ္ဌာမြေလူးရင်း မိန်းမအပြုအစုအယုအယကို လူသိရှင်ကြားခံယူနေသူ လူတွင်ကျယ်ကြီး ဘထွေးကိုဘိုစန်းတောင်မှ ငေါက်ခနဲ ထကာ လက်အုပ်ချီလိုက်ချိန်မှာ ကြောင်တိကြောင်တောင် ငေါင်တိငေါင်တောင်နဲ့ နိုင်ငံခြားပြန်ကြီးကလည်း လက်စုံဆယ်ဖြာကို ဦးထိပ်မှာမိုးလိုက်ပေမယ့် ထန်းလက်ပလ္လင်တော်ပေါ်က ဆင်းပေးဖော်တော့မရဘူးခင်ဗျ။ ရေခြားမြေခြားမှာ တစ်ခါလည်းသာသာကြီးတောင် နေလာခဲ့ရလေတော့ 'ဂါရဝေါစ' ဆိုတဲ့ မြန်မာ့ဓလေ့ကို မေ့သွားပြန်ပြီထင်ပါရဲ့။

လူလား ပြိတ္တာလား မကွဲပြားလောက်တဲ့ နိုင်ငံခြားပြန်ကြီးကို ထင်ထင်ရှားရှား မြင်လိုက်လျှင်ပဲ ကိုရင်လေးနှစ်ပါးခမျာ ကြောက်



www.burmeseclassic.com

www.burmeseclassic.com



လန့်တကြားဖြစ်ကာ ဆရာတော်ရဲ့သင်္ကန်းစကို အားကိုးတကြီးဆွဲကိုင်ရှံမက ဆရာတော်နောက်ကို ဝင်ပြီးကွယ်လိုက်ကြတယ်လေ။

သုသာန်တစပြင်မှာ ဓူတင်ကျင့်ကြံခဲ့တဲ့ ဆရာတော်ကိုယ်တိုင်တောင်မှ ဆံပင်နီကြောင်ကျား၊ အဝတ်အစား ဖိုးရိုးဖားရားနဲ့ အူယားစရာကြီးက ထန်းပက်လက်ခုံပေါ်မှာ ပေကပ်ကာ မင်းမူရင်း လက်အုပ်ချီမိုးနေတာကို မြင်လိုက်ရပြန်တော့ မျက်မှောင်တော်တော်ကျုံ့သွားသေးတာပေါ့။

သတ္တဝါအများကို ရင်ဝယ်သားနဲ့မခြား သနားလွန်လွန်းလို့ ဖုတ်ပြိတ္တာ၊ တစ္ဆေ၊ ပေတကဲ့သို့ လူအမြင်မတင့်တယ်သော သတ္တဝါတွေကိုတောင်မှ ချေချွတ်ဖို့အရေးအတွက် သုသာန်ဓူတင်ကျင့်ဆောင်ခဲ့သူ ဆရာတော်ကြီးခမျာ ထိုင်ရာကမထ ငူငူကြီးဖူးမြော်နေတဲ့ သတ္တဝါကြီးကိုတော့ ငါချွတ်လို့ဖြင့် ကျွတ်တန်းဝင်မယ့် ကျွတ်ထိုက်သူ မဟုတ်ပေဘူးလို့ ရွှေအားတော်တောင်ငယ်သွားတယ် ထင်ပါရဲ့။ သနားကရုဏာစိတ်တွေနဲ့ ဉပေက္ခာတရားကိုပဲ နှလုံးသွင်းလိုက်လေသလားမသိ ဖြည်းညင်းစွာဖြင့် ခေါင်းယမ်းလိုက်ပြီးမှ . . . .

အချိန်အခါမဲ့ ရွာအတွင်းသို့ကြွချီပါက သာသနာ့ဝန်ထမ်း သံဃာတော်တွေမှာ အပြစ်ဖြစ်လို့ ဒေသနာကြားကာ အာပတ်ဖြေရမယ် ဘာကို သိငြားသော်လည်း မိုးအထိညံအောင် တစ်ခဲနက်ဆူပွက်တဲ့အော်သံတွေအပြင် အကြောင်းကြီးလို့ မောင်းတီးရတဲ့အထိ ရွာအတွင်းမှာ ဘဇာအရေးများကြုံတွေ့နေရလေသလဲရယ်လို့ စိုးရိမ်စိတ်နဲ့ ကြွလာခဲ့ရတဲ့အကြောင်းကစပြီး ဘယ်အမှုကို ဘယ်သူကပြုလို့ တစ်ရွာလုံးက တုတ်၊ ဓားဆွဲရင်း ဆဲရေးတိုင်းထွာနေကြလေသနည်းဆိုပြီး အမေးတော်က ရှိလာပြန်ပါတယ်။

ရွာသူရွာသားအပေါင်းမှာလည်း လေသံတောင်မှ ကျယ်ကျယ်မဟဝံ့ဘဲ ဖြစ်ကြောင်းကုန်စင်ကို နွားရိုင်းသွင်းချိန်မှာ နွား





ကျောင်းသားလေးတွေလန့်ပြီး ပြေးလာတာကစလို့ တစ်ရွာလုံး ရဲ့ကြီးရှစ်ထပ်ကို ဖြတ်လမ်းက ချိတက်ဖို့ ပြင်နေတဲ့အထိ နတ်သံနှောပြီး မချွင်းမချန်လျှောက်တင်လျှင်ပဲ ဇာတ်လမ်းအစ နိုင်ငံခြားပြန်ကြီးက ဆိုတာ ဘွားဘွားကြီးသိသွားတဲ့ ဆရာတော်က ပရိသတ်အပေါင်းကို ဝေ့ဝဲကြည့်ရင်း ဟိုးနောက်ဆုံးမှာ ခေါင်းပေါင်းစ တလှုလှုနဲ့ ဆရာဘမော်ကိုမြင်လျှင် မြင်ခြင်း . . .

"ဟဲ့ . . ဒကာဘ . . မောင်မင်းရှိလျက်သားနဲ့ ဒီလိုအဖြစ်ဆိုးကြီးကို လက်ပိုက်ပြီးကြည့်နေရက်တယ်ဆိုတော့ ရာဇဝင်ရိုင်းလိုက်လေကွယ်။ မောင်မင်း ဆည်းပူးထားတဲ့ ပညာရပ်က ဒီလိုနေရာမျိုးမှာ အသုံးမချရင် ဘယ်သွားသုံးဦးမှာလဲ။ ပညာကို သေရွာအထိ ယူသွားဖို့ စဉ်းစားမယ် မကြံလေနဲ့ . . .

ဟော ဟို ထန်းပက်လက်ခုံပေါ်က လေးကိုခမျာ ဘာတွေဖြစ်လို့ ဘာတွေဖြစ်နေတာလဲ ဆိုတာ မောင်မင်း မသိတာတော့ ဟုတ်ဟန်မတူပါဘူး . . ."

လို့ ဆရာတော်က မိန့်လိုက်လျှင်ပဲ မျက်နှာကြီးဝင်းဝင်းလက်သွားတဲ့ ဆရာဘမော်က လက်အုပ်ချီ မပျက် ရှိရှိလေးထရင်း

"နားနဲ့မနာ ဖဝါးနဲ့နာ လျှောက်ထားပါရစေ ဘုရား။ မောင်လေးကိုမှာ စွဲကပ်နေတာ ပယောဂဆိုတာ တပည့်တော်ရဲ့ရဲကြီးလျှောက်ထားဝံ့ပါသော်လည်း အုပ်ထိန်းသူမိဘက မအပ်နှံလေတော့ တပည့်တော်မှာ မချင့်မရဲနဲ့ဒီအတိုင်း လက်ပိုက်ပြီး ကြည့်နေရကြောင်းပါ ဘုရား . . ."

လို့ ဘွင်းဘွင်းကြီး လျှောက်တင်လိုက်လေတော့ တစ်ရွာလုံးလည်း အခုမှ ခေါင်းတညိတ်ညိတ်နဲ့ ဘဝင်ကျသွားပြီပဲလေ။

ဆရာဘမော်ဆိုတာကလည်း ခေသူတော့မဟုတ်ဘူး နကန်ကြီး (နွားကန်ကြီး၊ နွားကိုချည်သောကြိုး) တစ်ခွေ၊ နှင်တျှင်



www.burmeseclassic.com

www.burmeseclassic.com



(ထမ်းပိုးကျည်း၊ နွားလည်ကုတ်ပေါ်မှ လှည်းထမ်းပိုးချော်ထွက်မသွားစေရန် ထမ်းပိုးတွင် အပေါက်ဖောက်၍ နွားလည်ပင်းဘေးတစ်ဖက်တစ်ချက်စီကို သပ်လျှိုထားသော ဝါးသဲ၊ ဝါးအကျစ်စားဖြင့် လုပ်ထားသည့်တုတ်) တစ်ချောင်းနဲ့ပယောဂကုလာခဲ့တာ ကြာပါပြီကောလား။ ဆရာဘမော်ရဲ့ ပညာအစွမ်းကြောင့် လူကိုပြုစားတတ်တဲ့ မောက်လုံး၊ မောက်ပြား၊ ဇော်ဂနီ၊ ဇော်ဂနက်၊ အိမ်ဒလိမ့်စုန်း၊ ချေးစားစုန်း သာမက ကျွတ်အို၊ ကျွတ်ပျင်း၊ ကျွတ်နားပင်းနဲ့ ဖုတ်ပြိတ္တာတစ္ဆေ ပေတ မှန်သမျှ ကျွန်တော်တို့ရွာမှာ ခေါင်းတောင် မထောင်ရဲကြဘူး။

တစ်မြန်နှစ်က ဟိုဘက်ရွာမှာ ဆရာဘမော်တစ်ယောက်သူတတ်ထားသမျှ ပညာကုန်ကို ဆရာစားမချန်ဘဲ လက်စွမ်းပြပြီးအထူးကုအနေနဲ့ ပယောဂအထုတ်ကောင်းလိုက်တာ လက်လွန်၊ ခြေလွန်ဖြစ်ကုန်လို့ ဟိုအထဲကပြန်ထွက်လာတာကလည်း ဘာကြာသေးတာမှတ်လို့ . . .

ဟော . . အခုတော့ တိုင်းပြီးယက်တဲ့ ကဗ္ဗလာမိုးရွာတာနဲ့ အစဉ်သင့်နေပြီ မဟုတ်ပါလား . . .

ဆရာတော်ကြီးက ကိုရင်လေးကိုရဲ့ မိဘနှစ်ပါးကို တစ်ချက်လှည့်ကြည့်ရင်း . . .

"တကယ့် . . တကယ် အမျိုးစပ်ပြရရင် လေးကိုဆိုတာ ငါ့ရဲ့တူအရင်း ဖြစ်သလို ငါက မိဖြားကြီးနဲ့မဲလုံးတို့ရဲ့ အစ်ကိုအရင်းခေါက်ခေါက်ကြီးဆိုတာကို တစ်ရွာလုံးလည်း သိပြီးသားကပဲ။ သို့သော်ငြား လောကီထုံပွတ် လူတို့ဇာတ်မှာ နည်းနည်းလေးမှ ငါဝင်မပါချင်ဘူးဟေ့ . . ."

လို့ ခပ်စပ်စပ် မိန့်လိုက်တာနဲ့ ဆရာဘရဲ့ လက်ဆကိုသိထားကြတဲ့ မိဘနှစ်ပါးခမျာ ပါးစပ်အဟောင်းသားနဲ့တစ်ခွန်းမှ မဟာ





ခင်မှာပဲ တူတော်မောင် လေးကိုကြောင့် ခေတ်အဆက်ဆက်ထနေ ယခုထိတိုင် အပျိုရည်မပျက်၊ မှဲ့တစ်ပေါက်တောင် အစွန်းအထင်း မရှိခဲ့လေတဲ့ မျိုးကောင်းမျိုးသန့် သူတို့မျိုးရိုးကြီးကို ယောက်ဖတော် ကျော်ပုက လင်ငယ်နေတဲ့ အမျိုးဆိုပြီး လူထူထူမှာ ပိုးစိုးပတ်စက် အပြောခံထားရလို့ ရင်မချိအောင် နာရှာလေတဲ့ ဘကြီးမဲလုံးက . .

"ကိုယ့်တူ . . ကိုယ့်သား အကျိုးစီးပွားအတွက် လူကြီးသူမနေရာကနေ တပည့်တော်အပ်နှံလိုက်ပါမယ် ဘုရား . . "

လို့ အသံကျယ်ကြီးနဲ့ ဦးအောင်လျှောက်ထားလိုက်လျှင်ပဲ . .

"ကြားရဲ့လား ဒကာဘ . . လေးကိုမှာ စွဲကပ်နေတဲ့ ပယောဂဟာ ဘာလဲဆိုတာ သေသေချာချာ စိစစ်ပြီး နှင်ထုတ်ပေတော့ မောင်မင်းက အစွမ်းနဲ့မရရင် ငါ့ကျောင်းမှာ ပရိတ်ရေ . . လာယူလှည့် . . ."

လို့ မိန့်ရင်း ကိုရင်နှစ်ပါးခြံရံကာ ကျောင်းကိုပြန်ကြွဖို့အတွက် ချာခနဲလှည့်ထွက်ရှုံ့ရှိသေးတယ်။

"တင်ပါ့ဘုရား . . စိတ်ချတော်မူပါ ဘုရား . . "

ဆိုပြီး အောင်မြင်ဝံ့ကြွားတဲ့ အသံကြီးနဲ့ လျှောက်တင်လိုက်ရင်း ဝမ်းသာအားရဟန်အပြည့်နဲ့ ဝတ်ထားတဲ့တိုက်ပုံအကျီလက်တိုလက်မောင်းအရင်းအထိ ရောက်အောင်ပင့်တင်နေတာများ ပညာရဲရင့်ပွဲလယ်တင့်ဆိုတဲ့ ဆိုရိုးစကားဟာ ဆရာဘမော်အတွက်များထားခဲ့လေသလားလို့တောင်မှ အောက်မေ့မိပါရဲ့ . . .

ဆရာဘမော်က မတ်တတ်ရပ်လျက်ကြီးမှာပဲ ဆယ်ဖြာသောလက်ကို နဖူးထိပ်မှာ ပန်ဆင်ရင်း ကျယ်တစ်လှည့်၊ တိုးတစ်ချီနဲ့ တောက်လျှောက်ကြီး ရွတ်ဖတ်နေလိုက်တာများ 'နမောတဿ' ဆိုတဲ့ စကားတစ်လုံးကိုပဲ တစ်ရွာလုံးမှာ နားလည်ကြပေမယ့် အားတိုးထကြီးနဲ့ ဆရာဘမော်ကို ဝိုင်းပြီးကြည့်နေကြတာပေါ့ . .



www.burmeseclassic.com

www.burmeseclassic.com



အားရအောင် ရှုတ်ဖတ်ပြီးသွားတာနဲ့ သူ့ခါးမှာခေါက်တွန့်ချည်ထားတဲ့ နကန်ကြိုးကို ဖြေကာ နှစ်သိန်းလေးသောင်းအထုရှိတဲ့ မဟာပထဝီမြေကြီးကို ငြိုးသူ့ရန်ဘက်အလား အားရပါးရ ဖနောင့်နဲ့ ပေါက်ကာ ရင်း . . .

"ဒီထက်ဘာဝင် အောက်အဝိစိ ရှိရှိသမျှဆိုင်ရာအပေါင်းက ငါ့တပည့် လေးကိုမှာဖွဲ့ကပ်နေတဲ့ လက်သည်ပယောဂကို မလှုပ်နိုင်အောင် တုပ်နှောင်က ၁ ချုပ်ကိုင်ထားလိုက်ကြစမ်း။ ငါဆရာဘရဲ့ အမိန့်ချုပ် . . ဆရာချုပ် . . ."

လို့ ကြောက်မက်ဖွယ်အသံကြီးနဲ့ ဟိန်းဟောက်ရင်း နကန်ကြိုးအခွေကြီးနဲ့ ကိုရင်လေးကို့ကို ပစ်ပေါက်လိုက်တဲ့သကာလ အနည်းငယ် အလှမ်းဝေး'လေတော့ ကြိုးခွေကြီးက ကိုရင်လေးကိုနားမရောက်ဘဲ မလှမ်းမကမ်းမှာ ကျသွားတော့တာပေါ့ . . .

ကြောက်တတ်၊ လန့်တတ် စိတ်အားငယ်တတ်တဲ့ လူတွေကတော့ မျက်စိကိုစုံမှိတ်ထားချိန်မှာ ကျွန်တော်ကတော့ မျက်နှာကို လက်နှစ်ဘက်နဲ့ ကွယ်ရင်း လက်ချောင်းတွေကြားက ချောင်းကြည့်မိနေတယ်လေ။ အထက်ဘဝဂ်အောက်အဝိစိ ရှိရှိသမျှ ဆိုင်ရာပိုင်ရာတွေက မြေကြီးကိုခွဲပြီး 'ဘွားခနဲ' ပေါ်လာလေမလား မိုးပေါ်က 'ဝုန်းခနဲ' ကျလာလေမလားဆိုတာကို သိချင်ဇောကပ်နေတာကိုး။

ဒါပေမယ့်ဗျာ ကြိုးခွေနဲ့ အနီးဆုံးနေရာမှာရှိနေတဲ့ လက်ရဲဇက်ရဲ ဘကြီးရှောက်ပေါင်းက မဆီမဆိုင်ကြိုးခွေကြီးကို ကောက်ပြီး ကိုရင်လေးကို ကို ဝက်တုပ်တုပ်တာ မြင်လိုက်ရပြန်တော့ ကျွန်တော့်မှာ မစဉ်းစားတတ်အောင်ကို ဖြစ်သွားမိတာကလည်း အမှန်ပါ။

ကျွန်တော့်လိုပါပဲ ကြိုးခွေကြီးက သူ့အလိုလိုထပြီး ပတ်လိုက်လေမလားလို့ တအံ့တဩဖြစ်နေရှာတဲ့ ကိုရင်လေးကိုခမျာလည်း ကြောင်တက်တက်နဲ့ဆိုတော့ ရုန်းချိန်တောင်မရလိုက်ပါဘူး။





နောက်ဆုံး ပိတ်ကြိုးကို ဘူးလည်သီးခပ် ချည်နှောင်အစသိမ်းပြီးချိန်မှာ ဆရာဘမော်က သူ့ခါးနောက်မှာ ထိုးထားတဲ့ တစ်တောင့်ထွာသာသာ နပိုးကျင်ကို ဆွဲထုတ်ပြီး ရင်ကော့ကာ လျှောက်လာလိုက်တာများ တကယ့်ကို အားရစရာကြီးပါပဲ။

သူ့ဆီကို ဦးတည်ပြီးလာနေတဲ့ ဆရာဘမော်ကို မြင်လိုက်လျှင်ပဲ ကိုရင်လေးကိုခမျာ တဆတ်ဆတ်တုန်ပြီး သူ့အမေကြီးတော်ဒေါ်ပြားကြီးဆီ အားကိုးတကြီးနဲ့လှည့်ကြည့်ရင်း . . .

"လုပ်ပါဦး မာမီပြားရဲ့ . . ဒီအတိုင်းကြည့်နေတော့မှာလား"

လို့ အလန့်တကြားပြောလိုက်လေတော့ ကြီးတော်မိပြားကြီးက ပျာပျာသလဲနဲ့ ဘာလုပ်ရမှန်းမသိဖြစ်သွားချိန်မှာ ဆရာဘမော်က ခေါင်းကိုဖြည်းညင်းစွာယမ်းလို့ ကြီးတော်မိပြားကြီးကိုကြည့်ကာ

"မိပြား . . နင့်သားမှာ ပူးကပ်နေတဲ့ အစွဲဟာ ပေါ့သေးသေး မဟုတ်ဘူးနော် . . ဆယ့်နှစ်ကြိုးလောက်သာတတ်တဲ့ ရွာသူထက် အများကြီးအဆင့်မြင့်တဲ့ တစ်ပြည်သူ ဟဲ့ . . တစ်ပြည်သူ . . ."

ဆိုပြီး တိတိကျကျကြီး ပြောပြလိုက်တာကြောင့် တစ်ရွာလုံး 'ဟာခနဲ' ဖြစ်သွားသလို မွေးသမိခင်ကြီးတောင်မှ နောက်ကိုတွန့်သွားသဗျ။

ဟုတ်တယ်လေဗျာ။ ရွာသူတောင်မှ ဆယ့်နှစ်ကြိုးတပ်သေးရင် တစ်ပြည်သူက ဘယ်နှကြိုးတပ်မလဲဆိုတာ တွေးသာကြည့်ကြပေတော့ပေါ့။ ကျွန်တော်က မတွေးတတ်လို့ ဘေးနားမှာရှိတဲ့ ဘိုးလေးကိုဖိုးကဲ့ကို ထပ်မေးမိတော့ . . .

"အလှူပွဲတွေမှာ သီချင်းလိုက်တီးပေးတဲ့ ပိပိရဲ့ ဒုံမင်းတကြိုးတွေထက်တောင် များမယ်ထင်ပါရဲ့ ငါ့ကောင်ရာ . ."

လို့ နှစ်ကိုယ်ကြား တိုးတိုးတိတ်တိတ်ပြောတာကြောင့် ဒုံမင်းမှာ ကြိုးဘယ်နှချောင်းရှိပါလိမ့်မလဲဆိုပြီး မနည်းကြီးကို စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



နေတုန်းမှာပဲ ကိုရင်လေးကိုက ကြောက်လန့်တကြားနဲ့ . . .

"ဟေ့ . . လူကြီး ခင်ဗျား ကျုပ်အနားကပ်မလာနဲ့နော်။ ကျုပ်မှာ ဘာပယောဂမှ မရှိဘူး . . ."

စကားတောင်မဆုံးသေးဘူး။ ဆရာဘမော်က နပိုးကျင်နဲ့ လက်ပြန်ရိုက်လို့ ဖျောင်း . . ခနဲ ကိုမြည်သွားချိန်မှာ . . .

ကိုရင်လေးကိုက 'အား . . ခနဲ' အော်လိုက်သလို . . .

"ကျွန်မသားလေးသေပါပြီတော့ . . ."

ဆိုတဲ့ ကြီးတော်မိပြားကြီးရဲ့အသံကလည်း တစ်ထပ်တည်းပါပဲ။ ဆရာဘမော်ကတော့ ပြဇာတ်တွေထဲက လူကြမ်းမင်းသားကြီးအတိုင်း ခြောက်ကပ်ကပ်အသံကြီးနဲ့ ရယ်သံပေးရင်း . . .

"ဟင်း . . ဟင်း . . ဟင်း . . ငါ့ဆေးကြိမ်လုံးရဲ့ ဒဏ်ကို နင့်သားမခံရဘူး။ ပူးကပ်နေတဲ့ မိစ္ဆာပဲခံရမှာဟ မိပြားကြီးရ။ အဲဒီတစ်ပြည်သူမိစ္ဆာမထွက်သွားရင် ဒဏ်ရာတွေ၊ ဝေဒနာတွေ အကုန်လုံးတစ်ခါတည်းယူသွားလိမ့်မယ်။ ဘာမှစိုးရိမ်ပူပန်မနေနဲ့ . . ."

လို့ သွေးအေးအေးနဲ့ ရှင်းပြနေသေးသဗျ။ ထူထဲလှတဲ့ ဘောင်းဘီ လက်စကကြီးကြောင့်သာ ကိုရင်လေးကို့ကို စွဲကပ်နေတဲ့ မိစ္ဆာသက်သာရာရသွားတာပဲလို့ ကျွန်တော်တွေးနေဆဲ လက်ရှိ အနေအထားက ကယ်မယ့်သူမဲ့သလို တကယ်ဆော်ရင် ကျိုးပဲ့တဲ့အထိ ခံရတော့မယ်ဆိုတာကိုလည်း ကောင်းကောင်းကြီးသိသွားပုံရတဲ့ ကိုရင်လေးကိုက ဒူးထောက်ရင်း . . . .

"ကြောက်ပါပြီ ဆရာရဲ့ . . ထွက်ပါပြီ ဆရာရဲ့ . . ဗွားလား . . လား . . ဟင် . . အမေ . . အို . . တစ်ရွာလုံးပါလား . . ကျွန်တော် ဘာဖြစ်သွားတာလဲ ဟင် . ."

လို့ ကြောင်တိကြောင်တောင် မျက်နှာငယ်လေးနဲ့ ကိုရင်လေးကိုက ပြောလိုက်လေတော့ တစ်ရွာလုံးလည်း နပိုးကျင်တစ်ချက်





ထမ်းလိုက်ရုံနဲ့ ဆရာဘမော်ရဲ့ အစွမ်းကို မျက်ဝါးထင်ထင်တွေ့ရှိသွားတာကြောင့် ဝမ်းသာအားရနဲ့လက်ခုပ်သံညံမစဲ အားပေးနေတုန်းမှာပဲ . . .

"တော် . . တိတ် . . တိတ်လိုက်ကြစမ်း . . ဒါ မာယာတွေ . . အဲဒါ မာယာတွေ . . ဟဲ့ . . တစ်ပြည်သူ မိစ္ဆာမ ဒါ နင့်မာယာအကုန်ပဲလား . ."

ဆိုပြီး ငယ်သံပါအောင် ဝေါက်ငမ်းလိုက်တဲ့ ဆရာဘမော်ရဲ့ အသံကြီးကြောင့် တစ်ရွာလုံး ငြိမ်သက်သွားပုံက မီးခဲပေါ် ရေလောင်းလိုက်သလို 'ရှဲ ရှဲ' သံတောင် မထွက်နိုင်တော့ဘူး ခင်ဗျ။

ဒူးထောက်ထားတဲ့ ကိုရင်လေးကိုမှာ ပါးစပ်ကြီးအဟောင်းသားပွင့်ပြီး အံ့အားသင့်နေပုံများ ဖားလတက်ကို နွားနင်းမိထားတဲ့အတိုင်းပါပဲ။ ဒါပေမယ့် အံ့အားသင့်ချိန် သိပ်မရလိုက်ပါဘူး။ ဆရာဘမော်ရဲ့ စင်ရော်တောင်၊ စွန်သုတ်၊ စလွယ် အစရှိတဲ့ တုတ်သိုင်းကွက်တွေကြားမှာ ယုန်ခုန်၊ ကြောင်လျှောက်၊ သမင်လည်ပြန်အကွက်တွေနဲ့ ရှောင်တိမ်းရင်း 'ဖုန်းခနဲ' . . 'အားခနဲ' 'ဖျန်းခနဲ' . . 'အီးခနဲ' နဲ့ ကြိုးက လွတ်တဲ့ 'ဂျင်' လို မွှေ့မွှေ့ကို ယမ်းနေတာများ ပွဲကြမ်းချက်ကတော့ အနားမှာရှိတဲ့ သူတွေတောင် စက်ကွင်းမလွတ်လို့ အနင်းခံရသူခံရ၊ အရိုက်ခံရသူခံရနဲ့ အဝီစိဖွတ်တတ်သလို ရုတ်ရုတ်သဲသဲကို ဖြစ်လို့ပေါ့။

အဲဒါ ဘကြီးရှောက်ပေါင်းအပြစ်ပဲလေ။ သူ့ဟာသူ သတ်ဆိုင်ရာက ချည်နှောင်ရမယ့်ကိစ္စကို လက်ရဲဇက်ရဲနဲ့ သူကဝင်ပါတာကိုး။ အခုတော့ ကောက်ညှင်းကျည်တောက်လို ခန္ဓာကိုယ်နဲ့ လက်မှာသာ ကြိုးတုပ်ခံရပြီး ခြေထောက်နှစ်ချောင်းက မိမွေးတိုင်၊ ဖမွေးတိုင်း ပြေးလွှားလို့ရနေတဲ့ ကိုရင်လေးကိုရဲ့ အစွဲချွတ်ပွဲကြီးမှာ ဆရာဘမော်တောင်မှ လက်စွဲတော်နပိုးကျင် လွတ်ကျသွားရတဲ့အထိ



www.burmeseclassic.com

အမောဆို့သွားရပြီဆိုတော့ တစ်ရွာလုံး ဒဏ်ရာမရတဲ့သူ ရှိပါဦးတော့မလားဗျာ။

ပွဲတိုးဖူးပြီး အတွေ့အကြုံရှိတဲ့ ဘကြီးမဲလုံးတောင်မှ ချိုစောင်းမှာ တစ်ချက်၊ နံစောင်းမှာတစ်ချက်နဲ့ မချိမဆန့်ခံလိုက်ရပြီမဟုတ်လား။ အဲဒီတော့လည်း လူတွင်ကျယ်ကြီး ဘထွေးကိုဘိုစန်းတစ်ယောက် ဒုတိယအကြိမ်မြောက် ပဍာမြေလူးတဲ့ကိစ္စကို ဘယ်သူမှ စိတ်မဝင်စားကြပေမယ့် သူနဲ့ဘေးချင်းကပ်လျက်မှာ သူ့မိန်းမဒေါ်ကြီးကုလားမခမျာလည်း သူမရဲ့ ပခုံး၊ ကျောပြင်နဲ့ ငယ်ထိပ်ပါမကျန် အားရအောင် ခံထားလိုက်ရလေတော့ တသိမ့်သိမ့်ရှိုက်ငိုရင်းလက်ကလေးနှစ်ဖက်ကို ဆန့်တန်းလို့ခါးလေးကော့နေတာများ ကိန္နရီလေး‚ကနေသလို ကြွကြွရွရွလေးမို့ စန္ဒကိန္နရီ ဇာတ်ထုတ် ကနေရော့သလားဆိုပြီး တစ်ရွာလုံးလည်း ဝေဒနာကြားကနေအားတင်းကာငေးကြည့်မိပြန်တာပေါ့။

ညို့သကျည်းမှာ တစ်ချက်ထိထားတဲ့ ဘကြီးရှောက်ပေါင်းကလည်း သူ့ခြေထောက်ကို သူကြပ်ဖုထိုးလို့ ပါးစပ်မအားရတဲ့ ကြားထဲက . . .

"ဆရာတော့်ကျောင်းမှာ ပရိတ်ရည်သွားယူကြပါဟ . . "

လို့ ဆော်ဩနေသေးတယ်လေ။ ဒါပေမယ့် ဒီအိမ်ဝိုင်းအတွင်းမှာ ထူထူထောင်ထောင်နဲ့ ပြေးနိုင်လွှားနိုင်သူဆိုလို့ ကိုရင်လေးကိုတစ်ယောက်ပဲ ကျန်တော့တာမဟုတ်လား။ အဲဒါကြောင့်လည်း အိမ်ဘေးမှာကပ်လျက်ရှိတဲ့ နွားတင်းကုပ်ခေါင်မိုးပေါ်မှာ ကိုရင်လေးကို ကားရားကြီးခွနေနိုင်တာပေါ့။

ဩော် . . လက်မှာကြိုးတုပ်လို့ ခြေသာလှုပ်နိုင်တဲ့သူက နွားတင်းကုပ်ခေါင်မိုးပေါ်မှာ ကားရားခွကြီး မင်းမူနိုင်တယ်ဆိုတော့





တစ်ပြည်သူမိစ္ဆာရဲ့ အစွမ်းကလည်း အံ့မခန်းပါလားလို့ ကျွန်တော်တွေးနေဆဲမှာပဲ . . .

"အိး . . ခနဲ . . ဟီး . . ခနဲ . . "

ဝမ်းပန်းတနည်း လှိုက်လှိုက်လှဲလှဲ ငိုရှိုက်သံကြီးက တင်းကုပ်ခေါင်မိုးပေါ်က ကျယ်လောင်စွာထွက်ပေါ်လာလို့ အားလုံးခေါင်းမော့ကြည့်လိုက်တော့ . . .

"အို . . အဘနဲ့အမေနဲ့တကွ ရွာသူရွာသားအပေါင်းတို့ခင်ဗျား . . ကျွန်တော့်မှာ ဘာမစွဲမှ မရှိပါဘူးခင်ဗျ . . အိး . . အိး . .

ကျွန်တော့်ကြောင့် အခုလို တစ်ရွာလုံးထိပ်ပေါက်ခေါင်းကွဲဒိုးလိုးပက်လက်လဲတဲ့အထိ ဖြစ်သွားရတာကို အစအဆုံးရှင်းပြရရင်

မင်းလို အသိဉာဏ်ခေတ်ရှေ့ရောက်နေတဲ့ လူစွန့်စားမျိုးတချော်ချော်မြော်ခြားမှာ ခြေချကာ စီးပွားရှာလို့ကတော့ ဇာတိကတောင်မှ ဩချရလိမ့်မကွဆိုပြီး ဟဒယနှလုံးကို သကာရည်ဖုံးတဲ့စကားလုံးထွားထွားကြီးတွေနဲ့ မြှောက်ပေးခဲ့တဲ့ ပွဲစားကြီး(အေးဂျင့်)ကြောင့်ပါခင်ဗျ . . အိး . . အိး . . ရှုတ် . . ရှုတ် . . .

သူ့စကားကို ယုံစားမိလို့ နွားတစ်အုပ်ကိုရောင်းထုတ်ပြီးရသမျှငွေတွေ သူ့ဆီပုံအပ်ကာ မီးစိမ်းပြမိတဲ့ ဟောဒီက ငမိုက်သားခမျာ ပတ်စ်ပို့စာအုပ်ကို ကိုင်ရင်း ဗြိတိသျှစကားပြောသင်တန်းတွေလိုမ့်တက်ခဲ့ရတာကလွဲလို့ တစ်ခါလည်းသာသာကြာတဲ့အထိ ဘယ်ကိုမှမရွေ့ရသေးပါဘူး ခင်ဗျ . . ရှုတ် . . ရှုတ် . . .

ကတိစကားအတိုင်း ပို့မပေးနိုင်ရင် ငွေပြန်ပေး၊ ပြန်မပေးလို့ကတော့ ပွဲကြမ်းပြမယ့် မန်ကျည်းပင်တန်းသားကွ။ ဘာမှတ်နေသလဲ . . ဆိုပြီး ဘီလူးကြိမ်း ကြိမ်းမောင်းလိုက်မှတစ်ပတ်အတွင်းသွားရစေမယ်လို့ ကတိပေးသဗျ . . အိး . . "



www.burmeseclassic.com

www.burmeseclassic.com



အို . . ဘာပြောကောင်းမလဲ . . တစ်ရွာလုံး ကိုယ့်ဝေဒနာ ကိုယ်တောင် ဂရုမစိုက်နိုင်ပါဘူး။ လက်ခုပ်သံတဖျောင်းဖျောင်းနဲ့ အားပေးမိတော့တာပေါ့။ မဟုတ်ရင် မခံတဲ့ မန်ကျည်းပင်တန်းသား တွေပဲဗျာ။ ဒါမျိုးတော့ ဘာရမလဲ . . .

"ကတိပေးထားတဲ့နေ့မှာ အတိအကျပါပဲ . . ပွဲစားကြီးက ကျွန်တော့်ကို လေယာဉ်ပေါ်တင်ပေးတာကြောင့် လွန်တာရှိရင် ဝန္ဒာမိပါ ပွဲစားကြီးဆိုပြီး ဦးသုံးကြိမ်တောင်မှ ချခဲ့ပါသေးတယ်ခင်ဗျ . . . ရှုတ် . . ရှုတ် . . ."

အို . . . ဒီနေရာမှာလည်း လက်ခုပ်သံ ညံမစဲပဲလေ။ ကျွန်တော်တို့မန်ကျည်းပင်တန်းသားတွေက လုပ်ရဲရင်ခံရဲတယ်။ မှားရင်လည်း တောင်းပန်ရဲတယ် မဟုတ်လား . .

"လေယာဉ်ပျံဆိုသဟာကြီးကို ပထမဦးဆုံးအကြိမ်စပြီး စီးရလေတော့ ရင်တွေခုန်ပြီး စီးကောင်းလွန်းလို့ ကတိတည်တဲ့ ပွဲစားကြီး အပြောအတိုင်း တစ်နှစ်အတွင်း ငါပြန်ရမယ့်ငွေတွေကို ကျစ်ကျစ်ပါအောင်စုထားရင် လေယာဉ်ပျံတစ်စီးတောင် ဝယ်စီးနိုင်မယ် ဆိုမှတော့ တစ်ရွာလုံးစီးလို့ရတဲ့ လေယာဉ်ပျံကြီးဝယ်ပြီး တစ်ရွာလုံး နဲ့အတူ လျှောက်စီးကြမယ်လို့တောင်မှ ရည်မှန်းချက်တွေချမိခဲ့ပါ သဗျ . . . အီး . . ရှုတ် . . ရှုတ် . . ."

အို . . စကားတောင်မဆုံးသေးဘူး . . တစ်ရွာလုံးကို လက်ခုပ်သံက ဖုံးပေါ့။ တစ်ယောက်ကောင်းစားရင် တစ်ယောက်ကိုမမေ့တဲ့ မုဒိတာအပြည့်နဲ့ ကျွန်တော်တို့ မန်ကျည်းပင်တန်းသားတွေ စရိုက်က ဒါမျိုး . . .

"လူမျိုးခြားတွေနဲ့အတူ လေယာဉ်တစ်စီးတည်း လက်ရည်တစ်ပြင်တည်း စီးလိုက်ရတော့ ဝမ်းသာပီတိတွေ ဖုံးနေလို့ လေယာဉ် ဆိုက်တဲ့အထိ ဘေးဘီကိုတောင်မှ မကြည့်မိပါဘူး ခင်ဗျ။ ဟိုဘက်





လေဆိပ်ကိုရောက်တော့ လာကြိုတဲ့သူမရှိလို့ ယောင်လည်လည်ဖြစ်နေပေမယ့် လေဆိပ်ထဲက ဝန်ထမ်းတွေရဲ့ ပုံပန်းသဏ္ဌာန်ကလည်း အရှေ့တောင်အာရှသားအချင်းချင်းဆိုတော့ မြန်မာတွေနဲ့ ရုပ်ရည်ရူပကာက ဆင်တူနေတာကြောင့် အယုတ်အလတ်အမြတ်မရွေး ဖော်ရွေတဲ့ အပြုံးနဲ့ နွေးထွေးစွာကူညီတတ်တဲ့ မြန်မာတို့ရဲ့ စရိုက်နဲ့ တူလေမလားဆိုတာက တစ်ကြောင်း၊ တစ်နှစ်လုံးနီးပါး သင်ယူထားတဲ့ ဗြိတိသျှစကားကို ဒီနေရာမှာမှ မသုံးရင် ဘယ်နေရာများသုံးဦးမှာလဲဆိုတာက တစ်ကြောင်းကြောင့် မေးမြန်းသမှုပြုလိုက်ရင်ပဲ . . အီး . . အီး . . ဝါး . . အီး ဝါး . . ."

ခမျာကြီးက စကားမဆက်ဘဲ လှိုက်လှိုက်လှဲလှဲ ငိုကြွေးနေတာကြောင့် တစ်ကြောင်း၊ တစ်ရွာလုံးလည်း ဘာလုပ်ရမှန်းမသိဘဲ အားကိုးတကြီးနဲ့ ဆရာဘမော်ကို လှမ်းကြည့်ကြတော့ အမောဆို့လို့ ဟောဟဲဆိုက်နေရှာတဲ့ ဆရာဘမော်ခမျာလည်း သိက္ခာတော့အကျမခံဘဲ ရှိသမျှအားအင်ကို အကုန်သုံးလို့ . . .

"ဘာဖြစ်သလဲ . . အမှန်အတိုင်းပြောစမ်း . . ငါ ဆရာဘ အမိန့် . ."

ဆိုတဲ့ စကားကို အသက်ပြန်နှစ်ခါရှူလို့ သုံးခါနားပြီး ပြောသေးသဗျ။ အဲ . . ဒီအခါကျမှ နွားတင်းကုပ်ပေါ်မှာ သရဖူဆောင်းနေတဲ့ မောင်မင်းကြီးသားက . . .

"အီး . . အီး . . ကျွန် . . ကျွန်တော်ရောက်နေတာက . . နိုင် . . နိုင်ငံခြားမဟုတ်ဘဲ . . ပုဂံညောင်ဦးလေဆိပ်ကြီးဗျ . . အီး . . အီး . . အီး . . ."

နားမလည်ပါ။ ကျွန်တော်ကအစ တစ်ရွာလုံးက နားမလည်ပါ။ ဘယ့်နှယ်ဗျာ . . ရေခြားမြေခြားကိုသွားဖို့ လူမျိုးခြားတွေနဲ့အတူ တစ်လေယာဉ်တည်းစီးသွားတဲ့ သူက ဘောက်မဲ့ကြောင့် ပုဂံညောင်ဦး



www.burmeseclassic.com

www.burmeseclassic.com



ကိုရောက်သွားရတာလည်း လေယာဉ်မှားပြီးစီးမိလေသလား။ ဒါမှ
မဟုတ် တစ်ပြည်သူမိစ္ဆာရဲ့မာယာကွန်ယက်က ဒင်းမလွတ်ကင်းသေ
လို့လား။ နဝေတိမ်တောင်ဖြစ်နေတဲ့ တစ်ရွာလုံးက ထုံးစံအတိုင်း
ဆရာဘမော်ကိုပဲ ကြည့်ကြရပြန်တာပေါ့။

ကိုရင်လေးကိုမှာ စွဲကပ်နေတဲ့ မိစ္ဆာပယောဂထွက်မထွက်
တော့မသိ။ ကိုယ်တိုင်ကတော့ အသက်ထွက်လုမတတ် အငမ်းမရ
အသက်ရှူနေရရှာတဲ့ ဆရာဘမော်ခမျှာလည်း မျက်လုံးကြီးစုံမှိတ်၊
ခေါင်းတညိတ်ညိတ်လုပ်ရင်း တစ်စုံတစ်ရာကို စဉ်းစားနေသလို ရွတ်
ဖတ်နေသလိုလိုနဲ့ ကာယိန္ဒြေကို ထိန်းရင်း အမောဖြေပြီးမှပဲ . . .

"ပုဂံညောင်ဦးနဲ့ နိုင်ငံခြားဆိုသဟာက နတ်ပြည်နဲ့အဝီစိ
လောက်တောင် ကွာခြားသမို့ မဟုတ်တမ်းတရားတွေ ပြောမယ် မကြံ
နဲ့ . . ဟောဟဲ . . . ဟောဟဲ . . ဟုတ်တိုင်းမှန်ရာသာ ပြောစမ်း
. . ငါဆရာ ဟောဟဲအမိန့် . . ."

လို့ အသက်မထွက်ခင် တစ်ချက်လောက်တော့ ညစ်အော်
လိုက်သေးတာမို့ ခေါင်မိုးပေါ်မှာ ကားရားကြီးခွနေတဲ့ကောင်က မျက်
ရည်ကို ဒူးနဲ့ရအောင်သုတ်ရင်း . . .

'မာယာတစ်သိန်း အပလိန်းအနန္တနဲ့ ဒေဝဒတ်ရဲ့တပည့်
သာဝကစိဥ္စမာနရဲ့ လက်ဦးဆရာဖြစ်တဲ့ ပွဲစားကြီးက ကလိန်စေ့
ငြမ်းစင်ကာ စနစ်တကျအကွက်ချပြီး ယုတ်မာလိုက်ပုံက ဟောဒီမှာ
မင်းသိပ်သွားချင်တဲ့ ရေခြားမြေခြားနိုင်ငံခြားကို သွားမယ့်လေယာဉ်
ကြီး၊ အားရအောင်စီးပေတော့ဆိုပြီး လူမျိုးခြားတွေအပြည့်ပါတဲ့ ပုဂံ
ညောင်ဦးသာရောက်တဲ့ လေယာဉ်ပေါ်ကိုတင်ပေးလိုက်တာကြောင့်

မန်ကျည်းပင်တန်းသား လူစွန့်စားကြီး ကျွန်တော်တစ်
ယောက် ရှိသမျှငွေတွေ ကုန်ရုံမက ပြည်တွင်းဖြစ် ပလူခုံရှိတဲ့ ပုဂံ
ညောင်ဦးလေဆိပ်မှာ ကိုယ့်ရဲ့ 'အ' ချက်၊ 'နုံ' ချက်၊ အသုံးမကျ





ချက်တွေကို အထုပ်ဖြေသလို ဖြစ်ခဲ့ရတာကြောင့် သွေးပျက်ပြီး
တယောင်ချောက်ချားနဲ့ ရွာကိုပြန်လာမိကာမှ အကုသိုလ် သူငယ်နာ
မစင်လေတော့ ဆရာဘမော်ရဲ့ နပိုးကျင်တုတ်သိုင်းနဲ့ မရှိတဲ့ပယောဂ
အထုတ်ခံလိုက်ရတာမို့ ပြေးစရာမြေမရှိဘဲ နွားတင်းကုပ်ခေါင်မိုးပေါ်
မှာ ကျွန်တော်ငုတ်တုတ်ကြီး သောင်တင်နေတာပါ ခင်ဗျ အီး . . အီး
. . အီး . ."

လို့ ဇာတ်စုံခင်းကာ အားရပါးရ ငိုရှုံ့ကြွေးပြလေမှ တစ်ရွာ
လုံးလည်း သံဝေဂတွေရသွားကြသလို မိဘနှစ်ပါးခမျာလည်း ကုန်ခဲ့
ရသမျှအတွက် ရေစက်ချလိုက်ရတော့တာပေါ့ ခင်ဗျ။

ဘာပဲဖြစ်ဖြစ်ပေါ့လေ။ ကိုရင်လေးကိုတစ်ယောက်ကတော့
ကျွန်တော်တို့ မန်ကျည်းပင်တန်းရဲ့ ပထမဦးဆုံးသော နိုင်ငံခြားပြန်
လူသားမဖြစ်ခဲ့ပေမယ့် ထူးထူးခြားခြားဝေဟင်ခရီးမှာ လေယာဉ်စီး
ပြီး ဘုရားစုံဖူးခဲ့ရလေတော့ . . .

မန်ကျည်းပင်တန်းရဲ့ ပထမဦးဆုံးသော ခြေထောက်မြေ
မထိ ပုဂံညောင်ဦးပြန်လူသားအဖြစ် စံပြုထိုက်တဲ့ လူထူးလူဆန်း
တစ်ယောက်အနေနဲ့ မန်ကျည်းပင်တန်းရဲ့ရာဇဝင်မှာ စာတင်လို့
သွားခဲ့ကြောင်းကတော့ . . . .

"သွားပါများ ညောင်ဦးရောက် . . ."

"သွားတော့ နိုင်ငံခြား၊ ပြန်လာတာ ပုဂံက . . ."

"ကိုယ်စီးတဲ့လေယာဉ် ပုဂံမှန်းမသိ၊ နိုင်ငံခြားမှန်းမသိ"

စသည့် စသည့် စကားပုံ အသစ်အဆန်းတွေက ကျွန်တော်
တို့ မန်ကျည်းပင်တန်းမြေမှာ တင့်ဆန်းလို့ ဝေဆာလျက်ရှိနေပါတော့
တယ် ခင်ဗျာ . . . . .

www.burmeseclassic.com

www.burmeseclassic.com



# လက်ကျန်ရိုက်ချက်



## လက်ကျန်ရိုက်ချက်

"ပျော်ရာမှာမနေ၊ တော်ရာမှာနေ" ဆိုတဲ့ ရှေးထုံးကြီးတို့ တည်ကိန်းပြုကာ "တစ်ရွာမပြောင်း သူကောင်းမဖြစ်" ဆိုတဲ့ သုံးခွတ်တစ်ခွက်တင် ဘဝအောင်မြင်ရေး လမ်းညွှန်ချက်နဲ့မြှောက်ထိုးပင့်တော်လုပ်ပြီး ရောသမမွှေတဲ့ စကားလုံးထွားထွားကြီးတွေနဲ့ သွေးဆောင်ကာစည်းရုံးလိုက်တဲ့ ပွဲစားကြီး(အေးဂျင့်)နဲ့ ဟဒယရွှင်မြူးဖွယ်ရာ အပြောအဆိုတွေကြောင့် ကုန်းခေါင်ခေါင်အညာတောသား ကျွန်တော်တစ်ယောက် ထွန်တုံးပေါ်ကနေ ခုန်ဆင်းမိတာကလည်း .. အင်း . . .

ထွန်တုံးပေါ်က ခုန်ဆင်းတာချင်းအတူတူ ဗဟုသုတအရာမှာ ဝမ်းစာပြည့်ရုံမက တစ်ဖက်ကမ်းခတ်တဲ့အထိ ကျွမ်းကျင်ပိုင်နိုင်ကာ မှတ်မှတ်သားသားရှိခဲ့တဲ့ 'ကိုရင်ငညို' ကတော့ မိတ္ထီလာကန်ပေါင်ရိုးက နတ်သမိုင်းကို ခရေစေ့တွင်းကျသိရှိလို့ ပြောပြနိုင်ရုံမက မျက်ဝါး ထင်ထင်ရှုမြင်နိုင်အောင်ပါ တူးဖော်ကာ သက်သေပြနိုင်လို့ လေတော့ Certificate နဲ့ဘွဲ့လက်မှတ်အထောက်အထားပြနိုင်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း 'ဝန်ဇင်းဖိုးရာဇာ' အဖြစ် ဟိုးဟိုးကျော်ကာ ရင်ကော့ခေါင်းမော့နိုင်ခဲ့ပါပေတယ် . .

ကိုယ့်မှာတော့ ဖုတ်ပူမီးတိုက်ရက်တိုသင်တန်းလေးတွေကမန်းကတန်းတက်ခိုင်းပြီး လက်လှမ်းမီသမျှ Certificate လေးတွေသာ ယူဆောင်ခိုင်းခဲ့လေတဲ့ ပွဲစားကြီးရဲ့ ဒေါ်လာစားဉာဏ်ကြောင့် ခေါင်းမော့နိုင်ဖို့ နေနေသာသာ ရင်တောင်မကော့နိုင်ဘဲ ခါးကျိုးလုမတတ် ကုန်းရုန်းရင်း ရေခြားမြေခြားမှာ နင်းပြားကြီးဖြစ်ခဲ့ရတာကလည်း ကံကိုပဲ ရိုးမယ်ဖွဲ့ပါရစေတော့ . . .

ပံသုကမ္ဗလာမြေပြင်လွှာကြီးတစ်ခုလုံးကိုတောင်မှ မမြင်ရလောက်အောင် ထိုးထိုးထောင်ထောင် ပြောင်ပြောင်လက်လက်နဲ့ မျက်စိတစ်ဆုံးဖုံးလွှမ်းထားတဲ့ အလူမီနီယံကွန်ကရစ်ဖုန်းဆိုးတောကြီးအတွင်း အောက်ဆုံးအဆင့်မှာ ကျင်လည်ကျက်စားခဲ့ရတာ လေးနှစ်တိတိကြာမြင့်ခဲ့ပြီဆိုမှတော့ . . .

စက္ကူနှစ်ကွင်းကလည်း မြစိမ်းရောင်ကမ္ဗလာကြီးကို လွှမ်းခြုံထားမယ့် လယ်ယာစိုက်ခင်းတောတောင်ရေမြေသဘာဝအလှအပတွေကို တွေ့ချင်မြင်ချင်၊ ကြည့်ရှုချင်တဲ့ အာသီသချင်ခြင်းတွေ တပ်ခဲ့တာလည်း နေ့စဉ်နှင့်အမျှပါပဲလေ . . .။

ကြည်ပြာရောင်အဆင်းနဲ့သန့်ရှင်းကြည်လင်နေတဲ့ အပြာရောင်မိုးကောင်းကင်ကြီးတစ်ခုလုံးကို မွဲခြောက်ခြောက်၊ မှိုင်းတိုင်းတိုင်း အရောင်ပြောင်းသွားတဲ့အထိ စက္ကန့်နဲ့အမျှ မီးခိုးမှိုင်းတိုက်နေကြတဲ့ စက်ရုံခေါင်းတိုင်ကြီးတွေနဲ့ စက်ဆီရနံ့တွေ ထုံသင်းနေတဲ့ တစ်ပတ်နွမ်းလေထုကိုပဲ နေ့ညမပြတ် ရှူရှိုက်နေရလေတော့ ဒဏ်ရာအနာတရဖြစ်နေတဲ့ ရင်ဘတ်ထဲက အဆုတ်ကြီးကတောင် . . .

တမာရနံ့၊ မန်ကျည်းရနံ့တွေ သင်းပျံ့ကြိုင်လှိုင်နေမယ့် ဇာတိချက်ကြွေ မန်ကျည်းပင်တန်းမြေရဲ့ ရွာအဝင်လမ်းက လေနု





အေးလေးလို အငမ်းမရ တမ်းတနေမိခဲ့တာလည်း အချိန်နဲ့အမျှပဲပေါ့ . .

သတ္တုနဲ့လျှပ်စစ်တို့ ပေါင်းစပ်ဖွဲ့သီထားတဲ့ ယန္တရားတွေရဲ့ အသက်မပါတဲ့ သံစဉ်တွေကိုသာ အချိန်နဲ့အမျှ ကြားနေရလေတော့ တီတီတာတာနဲ့ ခွန်းဖွဲ့သီနေကြတဲ့ ကျေးငှက်သာရကာတွေ၊ လေပြည်အလာမှာဆော့ကစားရင်း ညင်းသဲ့သဲ့အသံတွေပေးနေကြတဲ့ သစ်ဝင်၊ ဝါးပင်တို့ရဲ့ သဘာဝဂီတသံစဉ်တွေကိုလည်း နှစ်ဖက်သော နားသောတက ငတ်မွတ်စွာနဲ့မျှော်လင့်တောင့်တခဲ့ရတာကလည်း ကြာပါပြီကောလား . .

ဟော . . အခုတော့ လေးနှစ်ဆိုတဲ့ စာချုပ်ကြီးပြည့်လျှင်ပြည့်ခြင်း နာရီမဆိုင်း၊ မိနစ်တောင် မဆိုင်းဘဲ ချည်တိုင်ကလွတ်လိုက်တဲ့ ဟိုအကောင်ကြီးလို ဒရောသောပါး ဝမ်းသာအားရနဲ့ ဇာတိမြေကို အပြေးပြန်လာခဲ့တဲ့ ကျွန်တော့်မှာလည်း ရွာကိုပြန်ရောက်ရင် နိုင်ငံခြားပြန် ခေတ်မီလူသားအဖြစ် ပွဲတိုးချင်တာကတစ်ကြောင်း၊ သဘာဝအခြေကို အတင်းမပြောင်းဘဲ ပသာဒလှအောင် ဆွဲဆောင်မှုအား ကောင်းကောင်းနဲ့ အလှကြီးလှနေမယ့် ရွာနီးချုပ်စပ်ရွာ့ပတ်ဝန်းကျင်ကို ဘောင်ခတ်ကာ မှတ်တမ်းတင်ချင်တာက တစ်ကြောင်းကြောင့် ပခုံးပူပြီး ဖိနပ်ပေါက်တဲ့အထိ ရုန်းကန်လှုပ်ရှားရင်း စုဆောင်းထားတဲ့ ချွေးများစွာထဲကနေ ကုတ်ကပ်ပြီး ဒစ်ဂျစ်တယ်ကင်မရာဆိုသဟာကိုလည်း ရအောင်ဝယ်ပြီး ပါအောင်ယူလာခဲ့သဗျ။

အခုအချိန်ဆို ဇာတိချက်ကြွေ မန်ကျည်းပင်တန်းမြေမှာ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ရွာဦးဘုရားပွဲတော်ကျင်းပချိန်နဲ့ ကွက်တိကြီးတိုးနေမှာမို့ လေးနှစ်တင်းတင်းကင်းကွာခဲ့ရတဲ့ ရွာရဲ့အလှအသဘာဝကျကျတွေကို မှတ်တမ်းတင်ပြီး အလွမ်းဖြေလိုက်မတွေ့ရိုးစိတ်ဆန္ဒတွေနဲ့ ဘယ်မှာမှမနားဘဲ တောက်လျှောက်ကြီး ခရီးနှင်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဇာတိဌာနေ မန်ကျည်းပင်တန်းမြေဆီသွားတဲ့ လမ်းအကွေ့ကို ကွေ့ခနဲဝင်လို့ ရွာလမ်းညွန်ဆိုင်းဘုတ်နံဘေးက ပင်ညောင်ညိုနား တောင်ရောက်လာပါပကောလား . .။

"အလို . . နေပြောက်တောင်မထိုးလောက်အောင် စိမ်းစိမ်းစိုစို မှိုင်းမှိုင်းညို့ညို့နဲ့ ပင်ညောင်ညိုအရိပ်အောက်မှာ မတ်တတ်ရပ်ရင်း ငါ့ကို စူးစူးစိုက်စိုက်ကြည့်နေသူဟာ ဘကြီးရှောက်ပေါင်းပါလားဟ . ."

"ဟာ . . ငါ့ကောင်ကြီး ပြန်လာပြီလားဟ . ."

လို့ အာလုတ်သံ ပြင်းပြင်းနဲ့ဝမ်းသာအားရ နှုတ်ဆက်လိုက်တဲ့ ဘကြီးရှောက်ပေါင်းအသံကြားလိုက်ရရင်ပဲ ရွာမဝင်ခင် ဧွေဆော်ဦး ကြွားစရာလူတော့ တွေ့ပြီဟလို့ ပီတိတွေနဲ့ . . . .

"ဟုတ်ကဲ့ ဘကြီးရေ . . ဘုရားပွဲအမီကို ပြန်လာခဲ့တာဗျ"

လို့ ခွန်းတုံ့ပြန်ရင်း ပခုံးပေါ်က ထမ်းလာတဲ့ နိုင်ငံခြားဖြစ် ထန်းခေါက်ဖာအိတ်ကြီးကို ချလို့ ကင်မရာကိုနှိုက်ယူနေစဉ်မှာပဲ ဘကြီးရှောက်ပေါင်းက ကျွန်တော့်ပခုံးကို အားရပါးရပုတ်ရင်း . . .

"ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်ဌာနေက တစ်နှစ်မှာတစ်ခါသာ ကျင်းပတဲ့ ဘုရားပွဲတော်ကို မမေ့မလျော့နဲ့တကူးတက အချိန်မီ ပြန်လာတယ်ဆိုတော့ ဝမ်းသာလိုက်တာ ငါ့ကောင်ရာ . ."

"ဩော် . . ဘကြီးရှောက်ပေါင်းရယ် . . ရွာနီးချုပ်စပ်တင်မက တစ်နယ်လုံးမှာပါ ဟိုးဟိုးကျော်တဲ့ ကျွန်တော်တို့ မန်ကျည်းပင်တန်းရွာရဲ့ ဘုရားပွဲတော်ကိုတော့ တော်ရုံနဲ့ဘယ်လိုလုပ်ပြီး မေ့လို့ရပါ့မလဲ ခင်ဗျာ . . ."

လို့ပြောပြောဆိုဆိုနဲ့အိတ်အတွင်းကိုမွှေနှောက်လို့ ကင်မရာတိုရှာနေတာ ကင်မရာက အောက်ဆုံးမှာရောက်နေတယ်ထင်ပါ့ . . ရှာလို့ကမတွေ့။ ဘကြီးရှောက်ပေါင်းကတော့ သူ့အတွက် လက်





ဆောင်ကောင်းများ ပါလာလေသလို့ထင်မှတ်ဟန်နဲ့ ဝင်းဝင်းလက်လက်မျက်လုံးအစုံနဲ့ မျက်ခြည်မပြတ် ကျွန်တော့်ကိုကြည့်ရင်း . .

"ရေခြားမြေခြားကို သွားရောက်လုပ်ကိုင်ရတဲ့ နိုင်ငံခြားပြန်ကြီးဆိုပြီး ဘဝင်လေဟပ်ကာ တမင်တကာမေ့မပစ်လို့ကတော့ မေ့ရက်စရာမရှိတဲ့ ဘုရားပွဲတော်ကြီးမဟုတ်လား ငါ့ကောင်ရဲ့ . ."

"ကမ္ဘာ့ရာဇဝင်ကို ပြန်ကြည့်ရင် လက်ညှိုးညွှန်ရာ ရေဖြစ်ဆိုလို့ ငါတို့အလောင်းစည်သူမင်းတစ်ပါးပဲ ရှိခဲ့တာမဟုတ်လား။ အခုမြန်မာ့ရုပ်သံမှာ မကြာခဏပြပြနေတဲ့ ဂရင်းနစ်စံချိန်ဆိုသဟာသာအဲဒီတုန်းကရှိခဲ့ရင် အလောင်းစည်သူမင်းကြီးလည်း ဂရင်းနစ်စံချိန်ဝင်မဟာလူသားအဖြစ်နဲ့ ဟိုးဟိုးကျော်ခဲ့မှာတောင် မြင်ယောင်သေးတွ"

အို . . အလို . . ဘုရား . . ဘုရား . . ငါတို့ ရွာငယ်ဇနပုဒ်သားကြီး ဂရင်းနစ်စံချိန်တွေဘာတွေတောင် ပြောတတ်ဆိုတတ်နေပြီဆိုတော့ ငါ့ရွှေနားတော် လေချော်ရော့သလားဟဲ့ . . .

လို့ တအံ့တသြဖြစ်နေစဉ်မှာပဲ ဘကြီးရှောက်ပေါင်းက တိုးအဝေးရှိ မှုန်ပျပျမြင်နေရသော ကျွန်တော်တို့ မန်ကျည်းပင်တန်းရွာလေးဆီသို့ ဝေသီသော မျက်ဝန်းအစုံကိုကြည့်ရင်း . . .

"အလောင်းစည်သူမင်းကြီးက ဖောင်စကြာနဲ့တိုင်းခန်းလှည့်လည်ရင်း ငါတို့ရွာနားအရောက် တစ်ထောက်နားပြီး တည်ထားကိုးကွယ်ခဲ့တဲ့ ဘုရားဆိုတော့ ဘုန်းတန်ခိုးတောဇော်နဲ့ ပြည့်စုံရုံမက နာမည်ကလည်းကြီးပြီပေါ့ . . ငါ့ကောင်ရာ . . အဲဒါကြောင့် ဘုရားပွဲကျင်းပတဲ့ အချိန်တိုင်း ဘုရားပွဲတော်မှာ နွဲပျော်ဖို့အတွက် ရွာနီးချုပ်စပ်တင်မက တစ်နယ်တစ်ကျေးကပါ တကူးတကက လာကြသကွ . ."

"တစ်နှစ်မှတစ်ခါသာ ကျင်းပတာဖြစ်သလို လယ်သမားယာသမားတွေ လယ်ယာအလုပ်နားချိန်၊ ပဲနှမ်း စပါးပေါ်လို့ အချိန်ကျမှ ကျင်းပတာဖြစ်တာကြောင့် ဘုရားပွဲမှတစ်ပါး ဘယ်တို့မှ



www.burmeseclassic.com

www.burmeseclassic.com



သွားစရာမရှိလို့ အလုအယက်လာကြတာကိုလည်း ထည့်ပြောဦးလေ . . ဘကြီးရှောက်ပေါင်းရဲ့ . . . ”

“ဘာကြောင့်ပဲဖြစ်ဖြစ်ပေါ့ကွာ . . ဘုရားပွဲတော်ကို လာကြတာတောင်မှ တစ်ဦးကောင်းတစ်ယောက်ကောင်းနဲ့ ငါသွားရရင် ပြီးရောဆိုပြီး သံယောဇဉ်ကင်းကင်းနဲ့ ကျောကော့ပြီး သွားတတ်၊ လာတတ်တဲ့ လူစားမျိုးတွေမဟုတ်လေတော့ . . ‘ပေါင်းမိုး’ မိုးပြီး ကောက်ရိုးအပြည့်ခင်းထားတဲ့ လှည်းကြီးပေါ်မှာ စားအိုးစားခွက်တွေနဲ့တကွ အိမ်ရှိလူကုန်အစုံအစေ့ တစ်ယောက်မှမကျန်အောင် အပါခေါ်ပြီး လာကြတာမဟုတ်လား ငါ့ကောင်ရ . . . ”

“လူတင်ဘယ်ကမလဲဗျာ . . မွေးထားတဲ့ ခွေးတွေတောင်မှ လှည်းအောက်ကနေ လှည်းအရိပ်ကိုခိုပြီး တကောက်ကောက်နဲ့ပါလာသေးသဗျ . . . ”

“အဲဒါကတော့ ပြောစရာတောင်မှ မလိုပါဘူး ငါ့ကောင်ရာ . . ဦးဆောင်ဦးရွက်ပြုပြီး ရှေ့ဆုံးက သွားမယ့်လှည်းကြီးရဲ့ ပေါင်းမိုးထိပ်မှာ လသာမှန်အိမ်ကြီးကိုချိတ်၊ လှည်းမောင်းသူဘေးမှာ ‘မောင်းကြီး’ ကိုချိတ်ပြီး ‘တဒူဒူ’ နဲ့မောင်းသံပေးကာ လှည်းတပ်ကြီးကို ဖွဲ့လိုက်ကတည်းက လူမပြောနဲ့ ခွေးတွေတောင်မှ ပျော်လွန်းလွန်းလို့ အူသံ၊ ဟောင်သံတွေပေးပြီး လှည်းတွေအောက်ကိုဝင်လိုက်တဲ့ အချိန်မှာ လူနဲ့လက်ပွန်းတတီးနေလေ့ရှိတဲ့ ဗဟိုရ်(တိုက်ကြက်) ကြီးတွေတောင်မှ ပေါင်းမိုပေါ်ခုန်တက်ပြီး နေရာယူပြီးနေပြီလေကွာ . . ”

“ဟော . . ရွာထဲက လှည်းတွေထွက်လို့ လှည်းလမ်းမလမ်းဆုံကို ရောက်ရင်ပဲ ဟိုရွာ၊ သည်ရွာက ဘုရားပွဲတော်လာ လှည်းတွေနဲ့ ထပ်မံပေါင်းစုပြီး ရာနဲ့ချီတဲ့လှည်းတပ်ကြီးဖွဲ့ကာ စီတန်းလာလိုက်ကြတာများကွာ . . မျက်စိတဆုံး ဖုန်တလုံးလုံးနဲ့ဟေ့ . . ”

“ကာလသမီးတွေကလည်း ကွမ်းတောင်ကိုင်ရှုးလောက်





အောင် ဖြီးလိမ်းပြင်ဆင် အဝတ်သစ်၊ အစားသစ်တွေဝတ်ပြီး လှည်းနောက်မှ ခြေချထိုင်ကာ သီချင်းတကြော်ကြော်နဲ့ ‘မ’ သံတွေပေးလိုက်တဲ့ သကာလ ရှုပါကို အစွမ်းကုန်မောင်းတင်ထားတဲ့ ကာလသားတွေခမျာမှာလည်း ဟဒယကို လေခကာ ဝမ်းသာအားရနဲ့ အုပ်စုတွေခွဲလို့ လှည်းဘေးမှာခြေလျင်လျှောက်လိုက်တာများ တစ်ကိုယ်လုံးနှံဖုံးပြီး နေလောင်ကာ အသားတွေနက်လို့ ချွေးတွေထွက်တာတောင်မှ အပြုံးမပျက်ကြပါဘူး . . ငါ့ကောင်ရာ . . ”

ဘကြီးရှောက်ပေါင်း ပြောပြမှ မျက်စိထဲမှာ ကွက်ကွက်ကွင်းကွင်းတောင် မြင်လာသဗျ။ မျက်စိတဆုံး၊ ဖုန်တလုံးလုံးနဲ့ တစ်မျှော်တစ်ခေါ်ကြီး တန်းစီလာနေကြတဲ့ လှည်းတပ်ကြီးကိုသာ ငါပါလာတဲ့ တင်မရာနဲ့ မှတ်တမ်းတင်လိုက်လို့ကတော့ ဒစ်ဂျစ်တယ်ကင်မရာနဲ့ ဖြတ်သားတဲ့ရိုက်ချက်တွေနဲ့ ဓာတ်ပုံပြိုင်ပွဲမှာ ဆုတံဆိပ်တွေတောင် ချိတ်နိုင်သဟလို့ အားတောင်တက်လာပါသဗျ။

“ငါတို့ ရွာကိုရောက်ရင်လည်း ရွာထဲကို မဝင်ဘဲ ဘုရားပွဲတော်ရဲ့ ‘စနေထောင့်’ က ကွင်းပြင်ကြီးဆီကို တန်းသွားပြီး ကိုယ့်ရွာစု၊ ကိုယ့်အုပ်စုနဲ့ကိုယ် လှည်းကန္နားတွေကိုဖြုတ်၊ လှည်းတွေချည်းပဲ စက်ဝိုင်းပုံ ဝိုင်းပတ်ပြီး လှည်းဝိုင်းကြီးတွေဖွဲ့ထားလိုက်ကြတာများ ‘ဘိုးဘိုးအောင်ရဲ့ ဝ စကြာ’ အတိုင်း ကွင်းပြင်ကြီးတစ်ခုလုံး လှည်းဝိုင်းကြီးတွေ၊ လှည်းဝိုင်းကြီးတွေ ပြည့်လို့ပေါ့ကွာ . . ”

“ဟော . . လှည်းဝိုင်းရဲ့ အလယ်ခေါင်မှာ မီးဖိုကြီးတွေဖိုပြီး ကာလသမီးတွေ ချက်ဖို့၊ ပြုတ်ဖို့ ပြင်ဆင်ချိန်မှာ ကာလသားတွေတာလည်း ခိုင်းစရာမလိုဘဲ အလိုက်တသိနဲ့ ရေလိုရင်ရေ၊ ထင်းလိုရင်ထင်းကူသယ်၊ ခေါက်သယ်နဲ့ မမောမပန်းနိုင်အောင် လုပ်အားတန်ဖိုးချစ်မြတ်နိုးပြနေတဲ့ သကာလ၊ ကလေးတွေကလည်း တစ်စခန်းထပြီး ပြေးဟယ်၊ လွှားဟယ်နဲ့ ဆော့ကစားကြတော့ လူသံ၊ သူသံ၊ ကလေးသံ၊



www.burmeseclassic.com

www.burmeseclassic.com



ခွေးသံတွေ ဆူဆူညံညံနဲ့ တပျော်တပါး အားရစရာကြီးမို့ ငါ့မှာလေ ပြောရင်းတောင် မြင်ယောင်နေသေးသကွ . . ”

ဘကြီးရှောက်ပေါင်းပြောရင်လည်း ပြောလောက်ပါပေရဲ့ . . နွားဖြုတ်ထားတဲ့လှည်းကြီးတွေကို ‘ခွ’ ထောက်မထောက်ဘဲ မြေကြီးပေါ်ကို သည်အတိုင်းချထားလိုက်တော့ မြေကြီးကိုထိပြီး နိမ့်နေတဲ့ လှည်းဦးပိုင်း၊ လှည်းထမ်းပိုးဘက်ကို အတွင်းစည်းထား၊ လှည်းဘီးကြောင့်မြင့်နေတဲ့ လှည်းနောက်ဘက်ကို အပြင်စည်းထားလို့ လှည်းတစ်စီးနဲ့တစ်စီး လှည်းဘီးချင်းထိအောင် ကပ်ပြီး စီထားလေတဲ့ လှည်းဝိုင်းကြီးတွေကလည်း အနုပညာပြောင်မြောက်စွာနဲ့ ဝိုင်းဝိုင်းစက်စက် ဆောက်လုပ်ထားတဲ့ ခံတပ်ကြီးတွေအတိုင်း ခာတ်ပုံစားပြီပေါ့ . . .

ဒီကြားထဲ လှည်းဝိုင်းအလယ်မှာ မီးဖိုကြီးတွေဖိုပြီး စုပေါင်းချက်ပြုတ်ကြလေတော့ တလူလူလွင့်တက်လာတဲ့ မီးခိုးတန်းတွေအပြင် လှည်းဆောင့်ရင် ဖင်မနာအောင်လို့ အပြည့်အသိပ်ခင်းပြီး ထိုင်လာခဲ့တဲ့ ကောက်ရိုးတွေကိုယူကာ နွားကျွေးကြတော့ အလုအယက်စားသောက်နေကြတဲ့ နွားအုပ်ကြီးတွေတင်မက လှည်းဝိုင်းအတွင်းမှာ ချက်ပြုတ်နေတဲ့ အပျိုတွေ၊ ကူညီနေတဲ့ လူပျိုတွေအပြင် ပြေးလွှားဆော့ကစားနေကြတဲ့ ကလေးတွေ၊ ခွေးတွေကိုသာ စုပေါင်းပြီး ရှုထောင့်ကောင်းကောင်း ရိုက်ချက်ကောင်းကောင်းနဲ့ မှတ်တမ်းတင်ချင်စိတ်များ တဖွားဖွားပေါ်လာလို့ အိတ်ကိုသွန်မှောက်ပြီး ကင်မရာကို ရှာနေချိန်မှာ . . .

ဘကြီးရှောက်ပေါင်းကတော့ ကျွန်တော့်ကို ဂရုမထားဘဲ လွမ်းလွမ်းဆွတ်ဆွတ်ကြီးနဲ့ စကားတွေကို ဆက်နေသေးသဗျ . .

“လူတွေ၊ ခွေးတွေ၊ နွားတွေ စားသောက်ပြီးလို့ အထိုင်ကျပြီဆိုတာနဲ့ နေညိုချမ်းမှာ ကာလသမီးတွေကလည်း အချိတ်လုံချည်၊





ယောထဘီတွေနဲ့ သတို့သမီးရှုံးအောင် ကောင်းပေ့ညွတ်ပေ့တွေ ဝတ်ဆင်ဖြီးလိမ်းပြီး ဘုရားပွဲဈေးတန်းမှာ လမ်းသလားလိုက်တာနဲ့ ကိုကိုကာလသားတွေကလည်း အားကျမခံ ခေါက်ရိုးမကျိုးသေးတဲ့ အကျီအသစ်တွေနဲ့ ကော်တောင့်နေတဲ့ လုံချည်အသစ်တွေကို ဒုံးချပြီး ပွဲတိုးတော့တာပေါ့ . . .။

အသစ်စက်စက် သက္ကယ်မိုး၊ သက္ကယ်ကာထားတဲ့ ဘုရားပွဲတော်ဈေးဆိုင်ခန်းတွေမှာလည်း လယ်ယာလုပ်ငန်းနဲ့ပတ်သက်တဲ့ ထွန်တုံး၊ ထွန်တံ၊ နကန်ကြိုး (နွားကန်ကြိုး)ကအစ မှန်စီပန်းဖောက် နွားကကြိုးတန်ဆာတွေချည်း ရောင်းတဲ့ဆိုင်တန်းတွေက တစ်မျိုး။

မကွေးမြို့က လာရောက်ဖွင့်လှစ်တဲ့ ‘မောင်မောင် ကွမ်းညှပ်နဲ့ ကပ်ကြေး’ ဆိုင်ကြီးမှာလည်း ကြေးထည်၊ သံထည်တွေနဲ့ အနုစိတ်မွန်းလုပ်ထားတဲ့ ကြေးစည်၊ ခေါင်းလောင်း၊ ဆည်းလည်း၊ မောင်းတွေ၊ လွယ်ဓား၊ ဆောင်ဓား၊ ကိုင်းခုတ်ဓားတွေလည်း လာပါ၊ ယူပါ၊ ဝယ်ပါနဲ့ ဖိတ်ခေါ်နေသမို့ . . ဝယ်သူတွေနဲ့ တိုးလို့တောင် မပေါက်ပါဘူး။

ဟော . . ဦးပညာရဲ့ နံ့သာ၊ ကရမက်ဆိုင်ကြီးမှာလည်း နံ့သာဖြူ၊ နံ့သာနီ၊ ကရမက်ကစလို့ ရှင်မတောင်သနပ်ခါးပါမကျန် အတုံးလိုက်နဲ့ ခွဲခြမ်းစိတ်ဖြာပြီးတောင် ရောင်းနေတာကြောင့် အပျိုလေးတွေဆို ကြိတ်ကြိတ်တိုးလို့ပေါ့ . . .

ဆိုင်ခေါင်မိုးပေါ်မှာ လူတစ်ဖက်စာလောက်ကြီးမားတဲ့ ရေနွေးခရားအိုးကြီးကိုတင်ပြီး လူစိတ်ဝင်စားအောင်လုပ်ထားတဲ့ ငွေနှင်းမင်းလက်ဖက်ခြောက်၊ ရွှေဖီမိုးလွတ် လက်ဖက်ခြောက်တို့၊ ရေချမ်းအိုးကြီးတို့လို ဆိုင်တွေမှာလည်း လူအပြည့်ပါပဲ။

မြစ်ရေ၊ ချောင်းရေ၊ ကန်ရေနဲ့တွင်းရေပါမကျန် ဘယ်ရေဖြစ်ဖြစ် သူတို့အိုးထဲမှာ ထည့်ထားလိုက်လို့ကတော့ ရေခဲထည့်ဖို့မလိုဘဲ သွားကျိန်းမတတ် အေးစေရမယ်လို့ အာမခံပြီးရောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



ရှားပျဉ်းအိုး၊ ကုက္ကိုအိုးအစရှိတဲ့ အိုးဆိုင်ကြီးတွေမှာ စလယ်ဝင်အိုး၊ ပေါင်းအိုး၊ ရေအိုး၊ စဉ့်အိုးအမျိုးမျိုးနဲ့တကွ ကလေးကစားတဲ့ အိုးပုတ် ခွက်ပါမကျန် အစုံ၊အစေ့တင်ရောင်းသလို ဘေးနားကပ်ရက်မှာ လည်း ဆန်ကော(ဇကော)၊ ဆန်ကာ(ဇကာ)၊ ပုတ်တောင်း၊ လောင်း တောင်း၊ တင်းတောင်း၊ ပြည်တောင်း ဆိုင်တွေမှာလည်း လက်မလည် အောင်ရောင်းနေရသကွ . . .

စပရိန်သေနတ်၊ ဘောင်ဘောင်သေနတ် (ပစ်လိုက်လျှင် သေနတ်ပြောင်းဝရှိ ဖော့ဆို့ကလေးက ဖောင်းခနဲမြည်၍ လွင့်သွား သော သေနတ်) ပြောက်အိုးသေနတ်၊ ဒလက်သေနတ်(ကျိုက်ထီးရိုး သေနတ်လို ဝါးနှင့်လုပ်ထားသော သေနတ်) တွေတင်မက စက္ကူနဲ့ လုပ်ပြီး ဆေးသုတ်အလှခြယ်ထားတဲ့ သားတော်ဘွားရုပ်၊ သူငယ်တော် ရုပ်၊ ဖိုးဝရုပ်၊ ပစ်တိုင်းထောင်ရုပ်၊ နွား၊ မြင်း၊ ဆင်၊ ဇီးကွက်ရုပ်တွေ ကလည်း လက်ရာမြောက်လွန်းတော့ ကလေးတွေ ဝိုင်းဝိုင်းလည်ပြီး မခွာနိုင်တော့တာကြောင့် မိဘတွေခမျာ ချော့လို့တစ်မျိုး၊ ခြောက်လို့ တစ်ဖုံနဲ့ ဆွဲရုန်းခေါ်နေကြချိန်မှာ . . .

ဘုရားပွဲတော်ကို ရောက်တုန်းရောက်ခိုက် အမှတ်တရလို့ လူကြားကောင်းအောင် ပြောဆိုကြရင်း သက်ဆိုင်သူကို ကြိတ်ပြီးပေး ဖို့အတွက် 'ဝင်းလိုက်၊ မြသီတာ' ဓာတ်ပုံဆိုင်ကြီးတွေမှာလည်း ကာလ သား၊ ကာလသမီးတွေ ခြေချင်းလိမ်လို့ပေါ့ကွာ . . .

ဒါနဲ့ စကားမစပ် ငါ့တုန်းကလည်း မင်းရဲ့ဒွေးလေး(ထွေး လေး)မိကြည်အောင်ကို အမှတ်တရပေးဖို့အတွက် ငါရိုက်ခဲ့တဲ့ပုံက တိမ်လွှာမို့မို့လွင် ဇာတ်ကားထဲက ကိုဝင်းဦးစတိုင်လ်အတိုင်း ရေတပ် ဝတ်စုံအဖြူရောင်ဝမ်းဆက်ကိုဝတ်၊ ပီကက်ဦးထုပ်လေးကိုလက်မှာ ကိုင်၊ နောက်ခံအထပ်သားပြားကြီးပေါ်မှာ ရေးဆွဲထားတဲ့ စစ်တွေက 'ပွိုင့်' ဆိုတဲ့ မီးပြတိုက်ပန်းချီကားကြီးကို ကျောမှီရင်း မခို့တရို့နဲ့





မျက်လုံးလေးဝင့်ကြည့်နေပုံများ အသက်ပါလွန်းလို့ မင်းဒွေးလေး မိကြည်အောင်ဆို စွေ့စွေ့ကိုခုန်ပါရောလား။ ဒါတောင်မှ မျက်နှာမွေး ဆွဲခဲ့တာနဲ့ ဓာတ်ပုံဆရာဆွဲပေးတဲ့ မေးစေ့ကမဲ့က အပေါ်ကို မဆိုသ လောက် ရောက်နေလို့ပေါ့ကွာ . . ဟင်း . . ဟင်း . . ဟင်း . .

ဘကြီးရှောက်ပေါင်းရဲ့ ညှင်းသဲ့သဲ့ရယ်သံများက ဒီမြေမှာ မွေးပြီး ဒီမြေမှာတင်ကြီးလာခဲ့တဲ့ ဒီဒေသသား ကျွန်တော့်အတွက် ငယ်စဉ်ကတည်းကနေ ဟိုကိုမသွားခင်အထိ ကြုံဖူး၊ တွေ့ဖူးလာခဲ့တဲ့ ဘုရားပွဲတော်ရဲ့ရှုခင်းမြင်ကွင်းတွေကို ကွက်ကွက်ကွင်းကွင်းနဲ့ ပြန် မြင်ယောင်လာမိတဲ့အထိ တွန်းအားတွေကို ပေးသလိုဖြစ်နေတာ ကြောင့် ဘယ်ရှုထောင့်ကနေ ဘယ်လိုရိုက်ပြီး မှတ်တမ်းတင်ပစ်လိုက် မယ်ဟ . . လို့ စိတ်ကူးထဲမှာတင် အကွက်ချပြီးနေပြီလေ . .။

"ဝါသနာရှင်တွေနဲ့အတူ နွားကိုမယားလိုချစ်တဲ့သူတွေတ လည်း ဘုရားပွဲရဲ့ အနောက်တည့်တည့်က ကွင်းပြင်ကြီးထဲ တစ် ကောင်စိုင်း၊ နှစ်ကောင်စိုင်းဒုန်း၊ ခြေစဉ်၊ အကျော့ အစရှိတဲ့ လှည်း ပြိုင်ပွဲ၊ နွားပြိုင်ပွဲတွေကျင်းပဖို့အတွက် တာစူနေကြပြီလေကွာ . . 'ဘယ်ရွာက ဒုန်း' တစ်ကောင်ချင်း ဒုန်းစိုင်းပြေးခြင်း) နွားယာ တစ်ခါလွှား(လျှား၊ စုံခုန်ခြင်း) လိုက်ရင် ဆယ်တောင်ထွာ (ဆယ့် ခြောက်ပေခန့်)လောက် ရောက်သတဲ့။ ဒီဘက်ရွာက ဒုန်းနွားတတော့ သူ့အပြေးစံချိန်ကို လူမသိအောင် ဖုံးထားသလို ကြန်ထုံပွဲတွေတ လည်း ထင်းနေတော့ လျှော့တွက်လို့တော့ မရဘူး . . ခြေစင်း အကျော့ပြိုင်ပွဲ (လှည်းတွင် နွားကိုတစ်ကောင်တည်း ဖြစ်စေ၊ နှစ် ကောင်ဖြစ်စေတပ်ပြီး ပြေးခိုင်းပါက ခုန်ခြင်း၊ ကန်ခြင်း၊ ခြေဖောက် ခြင်းမရှိဘဲ ခြေလှမ်းမှန်မှန်ဖြင့် အမြန်ဆုံးပြေးခြင်း) ဝင်မယ့်နွားတွေ တလည်း မနှစ်ကပိုလ်စွဲခဲ့ ကျောက်ပုံရွာက 'တိမ်ညွန့်စံ' ကို ယှဉ်ပြိုင် ဖို့အတွက် အထူးလေ့ကျင့်ထားတဲ့ ညောင်ဝိုင်းရွာက 'ကြည်ရွှေ'ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



နွားပဲ ကြည်ရှင်ဆိုတဲ့ နွားသစ်တန်းဆိုပြီး အထင်တော့ မသေးလေနဲ့ လေ့ကျင့်ပေးတဲ့ သူက နာမည်ကြီးတဲ့နွားဆရာဦးထွန်းကြိုင် ဆိုတာတလည်း နွားကျမ်းကျေပြီး နည်းခုံချက်ကတော့ တစ်နယ်လုံးမှာ ဟိုးဟိုးကျော်မဟုတ်လား အဲဒါကြောင့် လက်ရင်း၊ လက်ဖျားဆွဲတော့မယ်ဆိုရင် သတိသာထားပေတော့ကွာ . . စသည်ဖြင့် စသည်ဖြင့် သတင်းအစုံစုံနဲ့ တွက်ချက်ပုံတွေကလည်း မင်းတို့အကြိုက် ပရီးမီးယားဖလားပွဲစဉ်တွေကလို တစ်သင်းနဲ့တစ်သင်းရဲ့ အားနည်းချက်၊ အားသာချက်တွေအပြင် နည်းပြတွေရဲ့ကွာဟချက်တွေကို ထည့်သွင်းစဉ်းစားပြီး ငွေအကြေး၊ ဂိုးအကြေးပေးသလိုမျိုးနဲ့ တစ်ပုံစံတည်းပဲမို့လို့ နွားပြိုင်ကွင်းကြီးကလည်း အိုးထရက်ဖို့ဒ်လို၊ ဟိုက်ဘူရီတို့လို ပရိသတ်က အပြည့်အကျပ်ပါပဲ . . .

ခေတ်ရဲ့နောက်မှာ တစ်လံလောက်ကျန်နေခဲ့တဲ့ အနုတ်စုပ်ဂုတ်စုတ် ဇနပုဒ်သားကြီးရဲ့ ပါးစပ်ဖျားက လျှာဝဲစွဲလောက်အောင် သုံးသွားတဲ့ စကားလုံးတွေကလည်း ကမ္ဘာ့ထိပ်သီး ပရီးမီးယားပြိုင်ပွဲကြီးတွေအပြင် ပရိသတ်ရှစ်သောင်းကျော်တစ်သိန်းနီးပါးဆန့်တဲ့ အိုးထရက်ဖို့တို့၊ ဟိုက်ဘူရီတို့လို ဘောလုံးကွင်းတွေရဲ့ အမည်နာမတွေ တန်းစီပါလာတာမို့ ကျွန်တော့်မှာပါးစပ်အဟောင်းသားဖြစ်ရတာက တစ်မျိုး . . .

အာပေါင်အာရင်းသန်သန်နဲ့ပြောကြားသွားတဲ့ နွားပြိုင်ပွဲရဲ့ မြင်ကွင်းတွေကလည်း အသည်းစိုင်ကို ဆွဲကိုင်ကာလှုပ်ယမ်းလာသမို့ အနုပညာပိုးတွေဟာ မဟားတရားနဲ့ထကြွလာပြီပေါ့ခင်ဗျာ . . အဲဒါကြောင့် ရှာဖွေလို့တွေ့ရှိသွားတဲ့ ကင်မရာလေးကို အိတ်ကပ်ထဲထည့်သွန်မှောက်ထားတဲ့ ပစ္စည်းတွေကို အိတ်ထဲပြန်ထည့်နေဆဲမှာပဲ ဘကြီးရှောက်ပေါင်းရဲ့မဆုံးတရားကိုဆက်ပြီး သောတနားဆင်နေရပြန်တာပေါ့ . . .





"တစ်ညလုံး လမ်းသလားလိုက်ရလို့ ဝမ်းပိုက်က တာတာတာ ဖြစ်လာရင်လည်း ဇာတ်ရုံကြီးဘေးမှာ စီတန်းနေတဲ့ မြန်မာ့ရိုးရာစား သောက်ဆိုင်တန်းဘက်ကိုသွားပြီး မှုလလက်ဟောင်း ဒေါ်ငယ်လေး ၏သမီး မစိန်ထွန်းမုန့်သိုင်းခြုံကအစ ကောက်ညှင်းပေါင်း၊ အောင်ဗလ၊ မုန့်လင်မယား၊ မုန့်လေပွေ၊ အညာသားကျောကုန်း၊ နနွင်းမကင်း၊ မုန့်ဆီဝင်းမြင့်၊ မုန့်လက်ကောက်နဲ့ ကောက်ညှင်းကျည်တောက်တွေကို အလုအယက်ဝယ်စားကြသေးသကွ။

ဟော . . မှောင်စပျိုးပြီဆိုတာနဲ့ လူကြီးသူမတွေက သားသမီး၊ မြေး၊ မြစ်တွေကို လက်ဆွဲခေါ်လို့ ကာလသား၊ ကာလသမီးပေါ့ မကျန် တပျော်တပါးနဲ့ ဘုရားရင်ပြင်တော်ပေါ် တက်ပြီပေါ့ကွာ။ သဒ္ဓါမချို့တဲ့ ငါတို့လူမျိုးတွေရဲ့ ထုံးစံစရိုက်အတိုင်း အလုအယက်နဲ့ ရွှေဆိုင်းတွေစု၊ နဝကမ္မအလှူငွေထည့် ပန်းရေချမ်းဆီမီးအစုံစုံနဲ့ သဗ္ဗညုတဘုရားရှင်ရဲ့ ကိုယ်ပွားတည်ထားကိုးကွယ်ထားတဲ့စေတီတော်ကို ကပ်လှူပူဇော်ရင်း ယခုဘဝတွင်မက သံသရာအဆက်ဆက်ပါ ပေါင်းဖက်ရပါစေလို့ ဆုပန်ခွေကြတာက တစ်မျိုး၊ နိဗ္ဗာန်မရောက်မီစပ်ကြား ဖြစ်လေရာဘဝတိုင်းမှာ မိသားစုစုံစုံညီညီနဲ့ တောင်းတချို့ အထွေထွေပြည့်စုံစေဖို့အတွက် ဆုတွေပန်ခွေရုံမက ဘဝအဆက်ဆက်ကစလို့ ယခုဘဝတိုင်အောင် ပြုပြုခဲ့သမျှ ဒါန၊ သီလ၊ ဘာဝနာကောင်းမှုအထွေထွေတွေကို ခေါင်းလောင်းထိုးပြီး အမျှဝေတာ သာဓုအနုမောဒနာ ခေါ်ဆိုသံတွေကလည်း ကြည်နူးဖွယ်အတိနဲ့ ဘဝင်အထိတောင် ညံလို့ပေါ့ ငါ့ကောင်ရာ . . .

အိမ်း . . ကိုယ့်ရပ်၊ ကိုယ့်ရွာက ဘုရားပွဲအကြောင်းတွေကို အောက်မေ့တသစွာနဲ့ပြန်ပြောင်းပြောပြရတာ အားလည်းမရ ဆုံးလည်းမဆုံးနိုင်သေးပေမယ့် ငါ့ပြောစကားကို စိတ်လည်းမဝင်စားနားလည်မဝင်ဘဲ အိတ်ကြီးကို သွန်မှောက်ပြီး မွှေနှောက်ရင်း အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ပြနေတဲ့ မင်းရဲ့မထေမဲ့မြင်အပြုအမူတွေကြောင့် ငါ့မှာလေ ပြောသာနေရတယ် အားတောင်မရှိပါဘူးကွာ . . . ”

လို့ ဘကြီးရှောက်ပေါင်းရဲ့နောက်ဆုံးမှတ်ချက်ကြောင့် ကျွန်တော့်မှာ ခေါင်းထောင်သွားပြီး . . .

“အထင်တော်လွဲပြီး အပြစ်တင်မစောလိုက်ပါနဲ့ ဘကြီးရယ် . . ဘကြီးပြောပြတာတွေက သောတနားဝတွင်မက ဟဒယစွဲငြိနေသမို့ ကျွန်တော်တို့ရွာဘုရားပွဲလေးရဲ့ ရှေးမူမပျက်တဲ့ဓလေ့ထုံးစံတွေကို ဘောင်ခတ်ကာ မှတ်တမ်းတင်သမှုပြုချင်လွန်းလို့ ရှေခြားမြေခြားကနေ တကူးတက ကျွန်တော် သယ်ဆောင်လာခဲ့တဲ့ ခေတ်ပေါ်ပစ္စည်းလေးတစ်ခုကို ရှာဖွေသမှုပြုနေခြင်းပါ ဘကြီးရဲ့ . . ”

“ရှေးမူမပျက်တဲ့ ငါတို့ရွာဘုရားပွဲကို ဖေးကူပြီး ဘောင်ခတ်တာမှတ်တမ်းတင်မယ်ဆိုတော့ အားရစရာကြီးပါလားဟ . . ကိုင်း . . ကိုင်း . . မင်းယူလာခဲ့တဲ့ နောက်ဆုံးပေါ် ပစ္စည်းလေးဆိုတာ ဘာများလဲလို့ ပြစမ်းပါဦး ငါ့ကောင်ရာ . . ”

လက်တစ်ဆုပ်သာသာ ပါးပါးလျားလျားကင်မရာလေးကို အိတ်ကပ်ထဲက ထုတ်လို့ ဘကြီးရှောက်ပေါင်းကိုပြရင်း အိုင်တီခေတ်ရဲ့ နောက်ဆုံးပေါ် လူသုံးကုန်ပစ္စည်းဖြစ်တဲ့ ဒစ်ဂျစ်တယ်ကင်မရာဆိုသဟာကို ကန်ရေသောက် မြက်ခြောက်စား၊ လယ်ကန်သင်းရိုးကိုခေါင်းအုံးအိပ်တဲ့ ဇနပုဒ်သား ဘကြီးရှောက်ပေါင်းနဲ့ ဘယ်လိုများ မိတ်ဆက်ပေးရပါ့မလဲလို့ စကားစကို ရှာနေစဉ်မှာပဲ . . .

“အလိုလေး လေး . . ရွာဘုရားပွဲရဲ့ အလှအပတွေကို ဘောင်ခတ်ကာ မှတ်တမ်းတင်ဖို့အတွက် ရှေခြားမြေခြားကနေ တကူးတကသယ်လာတဲ့ ပစ္စည်းဆိုပြီး စကားလုံးထွားထွားကြီးတွေနဲ့ မင်းညွှန်းဆိုခဲ့တော့ ဘယ်လိုပစ္စည်းများပါလိမ့်ဆိုပြီး ငါ့မှာ တအံ့တသြဖြစ်လိုက်ရတာကွယ် . . လက်စသတ်တော့ ရှေ့ကချိန်ရင် နောက်ကပေါ်ပြီး ဖလင်သုံးစရာမလိုတဲ့ ဒစ်ဂျစ်တယ်ကင်မရာလေးတို့တွေ





လပေါ် လူရောက်တယ်လို့ ပြောသာနေကြတယ် . . လတို့တော့ ကြည့်တော့လည်း လူကိုမမြင်ရလို့ မယုံနိုင်ဘူးဆိုပြီး ငွတ်ငြင်းတတ်တဲ့ ဘကြီးရှောက်ပေါင်းရဲ့ ပါးစပ်ဖျားက ဒစ်ဂျစ်တယ်ကင်မရာဆိုသဟာကို ရှောရှောရှူရှူထွက်လာတာကြောင့် တအံ့တသြနဲ့ ကျွန်တော်ပါးစပ်အဟောင်းသားဖြစ်သွားချိန်မှာ . . .

“ဓဝံ မေ သုတံ လောက်သာပြောတတ်ဆိုတတ်တဲ့ ငါ့ပါးစပ်ဖျားက လျှာယားစရာ ဗြိတိသျှစကားလုံးတွေထွက်လိုက်တိုင်း လင်ကြီးနဲ့ပက်ပင်းတိုးတဲ့ လင်ငယ်လို ငုတ်တုတ်မေ့ဇမေ့သွားတဲ့ မင်းရဲ့ဖြစ်အင်ကို မြင်လိုက်ရလို့ ငါသဘောပေါက်မိပါပြီ ငါ့ကောင်ရာ . .

ငါလို တောချုံအုံကြား ဇနပုဒ်သားကြီး ပါးစပ်ဖျားက ဒွတ်ဒက် ရွှတ် ရှက်တွေ ထွက်လာနိုင်တဲ့ အကြောင်းပြန်ပြောင်းပြောလေမှ မင်းဘဝင်ကျပြီး မုဒိတာပွားနိုင်မှာမို့ ရွာမှာမင်းမရှိတဲ့လေးနှစ်အတွင်း ဇာတာစန်းလင်္ဂ ဟုန်နဲ့ဟုန်နဲ့တက်ခဲ့တဲ့ ငါတို့ရွာအကြောင်းပြန်ပြောင်းပြောပြရရင် ရွာအရှေ့ဘက်က ‘ခွေးလဇန်း’ ချောင်းထိပ်ကို ဆည်ပိတ်နိုင်ခြင်းက စခဲ့သကွ . .

အောင်ရေကို မျှော်စရာမလိုတော့တာကြောင့် နှစ်သီးသုံးသီး စားချင်တိုင်းစားနေကြတဲ့ လယ်သမား၊ ယာသမားတွေအတွက်မြေကြီးက ရွှေသီးပြီလေကွာ . . အဲဒီလိုပဲ ရွာအနောက်ရိုးတစိုက်မရ၊ ပျိုးမရတဲ့ မြေလွတ်မြေရိုင်းတွေထဲကနေ ထွက်လိုက်တဲ့ ရေနံလျှံချင်တိုင်းလျှံလေတော့ မြေကွက်က ရွှေထွက်လိုက်တဲ့ ငါတို့တစ်ရွာလုံး၊ တစ်နယ်လုံး၊ တိုက်ဆောက်ကားစီးပြီး ‘ဒန်းလော့’ မွေ့ယာပေါ်မှာ စက်တော်ခေါ်နိုင်တဲ့အထိ ကြီးပွားသွားရုံမက . . . မုဆိုးမအိမ်ခေါင်မိုးမှာတောင် ရှစ်ပေဗြိုဟ်တုစလောင်းက သရဖူဆောင်းခဲ့တာကြောင့် . . .



www.burmeseclassic.com

www.burmeseclassic.com



ဘောလုံးကို ခြေနဲ့မကန်ဘဲ ထိုင်ရာမထ လက်နဲ့ကန်ရင်း 'ဂိုး' သွင်းဘုရင်ဖြစ်သူတွေက ဖြစ်၊ ကောင်တာ (Counter Strike) အမိပတိဘွဲ့တွေကို ခံသူကခံနဲ့ တစ်ရွာလုံးရှိသမျှ ကလေးတွေအကုန်လုံး 'ဂိမ်းမာစတာ' ဖြစ်ကုန်ချိန်မှာ . . .

ဖွဲ့တစ်ဆုပ်ကို မပြီး ယောက်ျားတို့ မလျှော့သောလုံ့လကို ပြသကြရတဲ့ ယပ်တောင်ကမ်းရမယ့်အရွယ် သက်ကြီးရွယ်အိုကြီးတွေတောင်မှ 'ကီးဘုတ်' ကိုနှိပ်ပြီး 'မောက်စ' ကိုမပြုရင်း ငါမအိုသေးဘူးလို့ ဥဒါန်းတွေတောင် ကျူးရင့်နေကြတာကြောင့် အိုင်တီခေတ်ရဲ့ နောက်ဆုံးပေါ် နည်းပညာတွေဟာ ငါ့တို့ရွာမှာ ကလေးကစားစရာဖြစ်ကုန်ကြပါပြီကွာ . . .

အိမ်း . . အဲသဟာလောက်ဆိုရင် ငါလိုဇနပုဒ်သားရဲ့ ပါးစပ်ဖျားက နတ်စကားထွက်တာဟာ ဆန်းပါဦးတော့မလား ငါ့ကောင်ရာ . . ."

ဆိုတဲ့ ဘကြီးရှောက်ပေါင်းရဲ့ စကားဆုံးသွားမှ ကျွန်တော့်မှာလည်း အသက်ပြန်ရှူဖို့ကို သတိရတော့တာကြောင့် ဖုတ်လိုက်၊ ဖုတ်လိုက်နဲ့ အငမ်းမရ အသက်ကိုလုရှူရင်း ကိုယ့်အသားကိုယ် ဆိတ်ဆွဲလို့ အိပ်မက်ဟုတ်မဟုတ် သုံးသပ်နေတုန်းမှာပဲ ဘကြီးရှောက်ပေါင်းက . . ကျွန်တော့်ကို အနုလုံပဋိလုံ စေ့စေ့စပ်စပ်ကြည့်ရှုပြီး သကာလ . . .

"ပြားရာကလုံး၊ လုံးရာက ပြန်ပြားသွားရှာတဲ့ ကမ္ဘာ့ရွာကြီးနောက်ကို တကောက်ကောက်နဲ့ အမီလိုက်ခဲ့တဲ့ ငါတို့မန်ကျည်းပင်တန်းရဲ့ ရွာအလယ်ခေါင်က မိပြားကြီးကွမ်းယာဆိုင်မှာတင် လွယ်လင့်တကူ ဝယ်ယူလို့ရရှိနိုင်တဲ့ ဒစ်ဂျစ်တယ်ကင်မရာဆိုသဟာကို ဓရေခြား၊ မြေခြားကနေ အလေးခံပြီး တကူးတက မင်းက သယ်ဆောင်လာရတယ်ဆိုတော့ ကြီးမားတဲ့ရည်ရွယ်ချက်နဲ့ အနုပညာမြောက်





အောင် မင်းရိုက်ကူးမှတ်တမ်းတင်ချင်တဲ့ ရှုခင်း ရှုကွက်တွေက ဘာတွေလဲဆိုတာ ပြောပြပါဦး ငါ့ကောင်ရာ . . ."

လို့ အမေးစကားကြားလိုက်ရမှ ကျွန်တော့်မှာလည်း ဝမ်းသာအားရနဲ့ . . .

"အဲ့ . . ဟို . . ဟို . . ငယ်စဉ်ကတည်းကနေ အခုအချိန်အထိ ရင်ထဲမှာ စွဲငြိစွာနဲ့ မှတ်တမ်းတင်ချင်တဲ့ ပထမဆုံးပုံကတော့ ချိတ်ထဘီ၊ ယောလုံချည်တွေနဲ့ ကွမ်းတောင်ကိုင်၊ သတို့သမီး ရှုံးလောတ်အောင် ဖြီးလိမ်းပြင်ဆင်ထားတဲ့ ကာလသမီးတွေနဲ့အတူ ခေါက်ရိုးမကျိုးသေးတဲ့ အင်္ကျီအသစ်တွေနဲ့ကော်တောင့်နေတဲ့ လုံချည်အသစ်ကို ဒုံးချပြီး ဝတ်ဆင်ထားတဲ့ ကာလသားတွေရဲ့ ပုံရိပ်တွေပါပဲ ဘကြီးရဲ့ . . ."

မျောက်ရဲ့နေရာကောင်းကို သမန်းရှုလိုက်သကဲ့သို့ ရွှေ့ရွှေ့ခုန်သွားတဲ့ ဘကြီးရှောက်ပေါင်းက . . .

"စကတ်တို၊ စကတ်ရှည်တွေနဲ့ ရောင်စုံဆံပင်ကို ကြွက်တိုက်သလို ညှပ်ပြီး စွပ်ကျယ်ချိုင်းပြတ် ဝတ်ဆင်ထားတဲ့ ကာလသမီးတွေနဲ့ တိုယ့်ခြေသလုံးမွေးမှ အားမနာ၊ မကြီးမငယ်နဲ့ ဘောင်းဘီလက်စတဝတ်ပြီး သားရေကွင်းထိုးဖိနပ်ကို ဒုံးချနေတဲ့ ကာလသားတွေကြောင့် မြန်မာပြည်ဖွား ကိုရီးယားတွေပဲ ပွဲတော်မှာ လမ်းသလားနေသမို့ မင်းရဲ့ဆန္ဒက နောက်ကျခဲ့ပါပြီ ငါ့ကောင်ရာ . . ."

ဘကြီးရှောက်ပေါင်းစကားကြောင့် ကျွန်တော့်မှာ ပါးစပ်အဟောင်းသားဖြစ်သွားပေမယ့် အားမလျှော့သေးဘဲ . . .

"ဒါဆိုရင်လည်း ဘကြီးရယ် . . ပွဲတော်ဈေးခင်းထဲက ထွန်းတုံး၊ ထွန်းတံနကန်တွေနဲ့ . . ."

"ထော်လာဂျီ . . လယ်ယာ-၁၆နဲ့ ဆိုင်ကယ်အပိုပစ္စည်းဆိုင်တွေပဲ မင်းမူနေသကွ . ."



www.burmeseclassic.com

www.burmeseclassic.com



လို့ ကျွန်တော့်စကားမဆုံးခင် ဖြတ်ပြောလိုက်တာကြောင့်

"အဲ . . ဟို . . ဟို ဦးပညာရဲ့နံ့သာ ကရမက်ဆိုင်ကြီးမှာ"

"မက်(စ)ဖက်တာဆိုင်ကြီးတွေက နေရာယူပြီးနေပြီ . ."

"ရေအိုး၊ စဉ့်အိုး၊ သောက်ရေအိုး ဆိုင်တွေ . ."

"ဝါတာကူလာနဲ့ ရေသန့်ဗူးတွေက အထိုင်ကျနေပြီကွ"

"ဂျွန်မင်းနဲ့ ရွှေဖီမိုးလွတ်လက်ဖက်ခြောက်ဆိုင်ကရော"

"ကော်ဖီမစ်ဆိုင်ကြီးတွေမှ ဟီးနေတာပဲ . ."

"စပရိန်သေနတ်၊ ဘောင်ဘောင်သေနတ်၊ ဒလက်သေနတ် အစရှိတဲ့ ကလေးကစားစရာဆိုင်ကြီးမှာ ဝိုင်းဝိုင်းလည်နေမယ့် ကလေးအုပ်ကြီးကို . . ."

"ပလတ်စတစ်၊ ဓာတ်ခဲထည့်တဲ့ အရုပ်တွေအပြင် ကလေးတွေနဲ့ တီရစ္ဆာန်လေးတွေကို မျက်စိကန်း၊ နားပင်းဖြစ်အောင် မညှာမတာ စီးပွားရှာကာ ထုတ်လုပ်ထားတဲ့ ပလတ်စတစ်အလုံးလေးတွေ ထည့်ပစ်တဲ့ လေသေနတ်တွေပဲ တင်ရောင်းတာကြောင့် မိဘတွေက ကလေးတွေကို ခြေဦးတောင် အလှည့်မခံဝံ့တော့ဘူး . ."

"အဲ . . အဲဒါဆို မုန့်သိုင်းခြုံနဲ့ မုန့်လက်ကောက်ကအစ မြန်မာ့ရိုးရာ စားသောက်ဆိုင်တန်းလေးတော့ ကျန်ဦးမှာပေါ့ . ."

"ဒိုးနတ်နဲ့ဒင်းဆမ်းနဲ့ ဘာဂါဆိုင်ကြီးတွေက လက်ဦးသွားပြီမို့ ငါ့ကောင်ကြီး အလာကောင်းပေမယ့် အခါနှောင်းခဲ့ပါပြီကွာ"

လို့ လွှမ်းလွှမ်းဆွတ်ဆွတ်ကြီးပြောပြနေတဲ့ ဘကြီးရှောက်ပေါင်းရဲ့စကားကြောင့် ကျွန်တော့်မှာ ခေါင်းငိုက်စိုက်တောင်ကျသွားသဗျ။

သို့ပါသော်လည်း လယ်ယာမြေနဲ့လုပ်ကိုင်းစားသောက်ကြတဲ့ တောသူ၊ တောင်သားတွေအဖို့ နွားကိုသာ အားကိုးရတာကြောင့်





ဘုရားပွဲတော်ကို လာကြတဲ့လှည်းတပ်ကြီးတွေ၊ လှည်းဝိုင်းကြီးတွေကတော့ မရှိမဖြစ်ကျန်ရစ်ဦးမှာမို့ . . .

ချဉ်ခြင်းတပ်ခဲ့တဲ့ အနုပညာအာသီသတွေ ပြေပျောက်အောင် အလို့ငှာ နောက်ဆုံးကျန်ရစ်မယ့် အနှီရှုခင်း၊ ရှုကွက်တွေကိုသာ ကင်မရာထဲက 'မန်မိုရီကဒ်' ကုန်တဲ့အထိ အတွဲလိုက်ရိုက်ပစ်လိုက်မယ်ဟုလို့ ဆုံးဖြတ်ပြီး . . .

"ကိုင်း . . ကိုင်း . . ပြီးတာတွေလည်း ပြီးပါစေတော့ ဘကြီးရှောက်ပေါင်းရယ် . . ဒါပေမယ့် ကျွန်တော့်ရင်မှာစွဲငြိစွာနဲ့ မှတ်တမ်းတင်လိုက်ချင်တဲ့ နောက်ဆုံးပုံအတွက်ကတော့ တစ်ကွက်ကောင်းအဖြစ် မလွဲမသွေကျန်နေဦးမှာမို့ လှည်းတပ်ဖွဲ့တွေနဲ့ လှည်းဝိုင်းကြီးရှိရာကိုသာ သွားခွင့်ပြုပါတော့ ခင်ဗျာ . . ."

အံ့သြခြင်းအဖုံဖုံနဲ့ မျက်ခုံးနှစ်ခုမြောက်တက်သွားတဲ့အထိ မြူတူးပြတဲ့အမူအရာဖြင့် ဘကြီးရှောက်ပေါင်းက ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံး ကြည့်ရင်း . . .

"မျိုးစုံသော ဆိုင်ကယ်တွေနဲ့ ထော်လာဂျီတွေက တပ်ဖွဲ့ကြီးတွေ ဖွဲ့လို့ မြေတုန်ပြီး မိုးပြိုခမန်း ဆူဆူညံညံအသံတွေပေးကာ မိုးကောင်းကင် ကြပ်ခိုးဆွဲလောက်တဲ့အထိ မောင်းနှင်ကာ နေရာယူလိုက်တာကြောင့် မင်းဘကြီး ငါကိုယ်တိုင်တောင်မှ ရွာအဖြင် ထွက်ပြီး ဒီနေရာအထိ လာရှောင်နေရတာပေါ ငါ့ကောင်ရာ . ."

လေးနှစ်တိတိ ဇာတိမြေနဲ့ ကင်းကွာလိုက်ရုံနဲ့ ဇာတိချက်ကြွေ မန်ကျည်းပင်တန်းမြေကို မျက်ခြည်ပြတ်ခဲ့ရုံမက ခေတ်နောက်မှာ အပြတ်အသတ်နောက်ကျကျန်ရစ်ခဲ့တဲ့ မင်းရဲ့ဖြစ်အင်ကိုသာလျှင် အထူးအဆန်းအနေနဲ့ မှတ်တမ်းတင်ထားချင်စိတ်တွေက ငါ့မှာ တဖွားဖွားနဲ့ ယိုဖိတ်လို့လာနေတာကြောင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း . . ငါ့ကောင်ကြီးရေ . . နေမဝင်ခင်ကတည်းက ပြောင်ပြောင်လက်လက်နဲ့ အရောင်တွေထွက်နေတဲ့ ငါတို့မန်ကျည်းပင်တန်းရှာကို နောက်ခံပြုပြီး ဟောဒီက ကမူလေးပေါ်မှာ အသာရပ်၊ မင်းရဲ့နိုင်ငံခြားဖြစ် ထန်းခေါက်ဖာအိတ်ကြီးကို မင်းပခုံးပေါ်မှာ ကြွကြွရွရွလေးထမ်းထား၊ လွတ်နေတဲ့လက်က ဒစ်ဂျစ်တယ်ကင်မရာကို လူမြင်အောင်ထောင်ပြီး ကိုင်လိုက်ဦး . . .

ရော့ . . ဟောဒီက ငါ့ရဲ့ 'MP3 မလေယာ' လေးကို မင်းနားရွက်နှစ်ဖက်မှာ စတိုင်လ်ကျကျချိတ်ပြီး မခိုးမခန့်အပြုံးလေးနဲ့ ပြုံးထားလိုက်စမ်းပါ ငါ့ကောင်ရာ . . ."

လို့ ပြောပြောဆိုဆိုနဲ့ စိတ်လိုလက်[illegible]ရှောက်ပေါင်း ပြင်ဆင်နေရာချထားပေးတဲ့အတိုင်း ကျွန်တော့်မှာ စက်ရုပ်တစ်ရုပ်လို နေရာယူလိုက်ရတာနဲ့ တစ်ပြိုင်နက် . . .

ဘကြီးရှောက်ပေါင်းက သူဝတ်ထားတဲ့ ဖျင်တိုက်ပုံအကျႌအောက်အိတ်ကပ်ထဲက ဖျတ် . . ခနဲ ဆွဲထုတ်ယူလိုက်တာက 'GSM ဟန်းဖုန်းလေး' ခင်ဗျ . . .

သူ့ဟန်းဖုန်းမှာပါတဲ့ ကင်မရာလေးနဲ့ ကျွန်တော့်ကိုချိန်နေစဉ်မှာပဲ ကျွန်တော့်နားမှာ ချိတ်ဆွဲပေးထားတဲ့ သူ့ MP3 ထဲမှ စန္ဒရားကိုလှုထွင်မှုရဲ့ သီချင်းလေး တစ်ပိုင်းတစ်စက လွင့်ပျံ့လာသဗျ . .

"သဒ္ဒါမချို့လေတယ် . . မြန်မာတို့တွေမယ် . . .
ပသာဒ အခြေမယွင်း မစောင်း . . သဘာဝအခြေအတင်း
မပြောင်း . . .
အသင်းအပေါင်း . . ကြည့်လေကွယ် . . ငြိစေမယ် . . .
လာလော့ညည့်သည် . . ရှုလော့ညည့်သည် . . ."





ကြောင်တိကြောင်တောင်၊ ခွဲငါင်တိငေါင်တောင်ဖြင့် ထိုသီချင်းလေးကို တိုးတိုးလေး လိုက်ဆိုညည်းနေမိစဉ်မှာပဲ . . ဘကြီးရှောက်ပေါင်းရဲ့ ရိုက်ချက်ကြောင့် ဖလက်ရှ်ဂန်းရဲ့ ဝင်းဝင်းလက်လာတဲ့ အလင်းတန်းကြီးအတွင်း ကျွန်တော့်မျက်စိမျှား ကျိန်းစပ်ကာ ပြာသွားလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

# ရေလျှောက်ပိဋကာ



## ရေလျှောက်ပိဋကာ

ဒုတိယကမ္ဘာစစ်ကြီးက မြန်မာနိုင်ငံသို့ ကူးစက်လောင်ကျွမ်းနေချိန်၊ အရပ်စကားဖြင့် 'အင်္ဂလိပ်အဆင်း၊ ဂျပန်အတက်' တွင်ခေါ်တွင်သောကာလဖြစ်၍ စစ်၏အနိဋ္ဌာရုံများနှင့် 'နဖူးတွေ့၊ ဒူးတွေ့' ကြုံတွေ့နေကြရပြီဖြစ်သော ပြည်သူပြည်သားအပေါင်းတို့မှာလည်း အသက်ကို 'ကံစောင့်' သည်ဟု ယုံမှတ်ကာ ကြားဖူးနားဝလက်လှမ်းမီသမျှ 'ဂါထာ'၊ 'မန္တရား'၊ 'အင်းအိုင်'၊ 'လက်ဖွဲ့'၊ မန္တန်တူသမျှကို တွေ့မရှောင် အားကိုးအားထားပြုနေ ကြသည့်အခါသမယတွင်ဖြစ်သည်။

မြန်မာနိုင်ငံအလယ်ပိုင်း၊ ဧရာဝတီမြစ်ဘေးနားရှိ တောမြို့လေးတစ်မြို့၏နံနက်ခင်း ရောင်နီလာစ ဝေလီဝေလင်းအချိန်တွင် တံငါသည်ကြီး ကိုဖိုးကဲတို့ သားအဖနှစ်ယောက် ငါးဖမ်းခြင်းအလုပ်ကိုရပ်နား၍ ဆိပ်ကမ်းသို့ပြန်လာကြစဉ် လှေဦးတွင်ထိုင်၍ လှော်ခတ်နေသော သားဖြစ်သူစိန်ထွန်းက မြစ်လယ်ခေါင်သို့ လှမ်းမျှော်ကြည့်ရင်း နားအနည်းငယ်လေးသော ဖခင်ကြီးကိုအော်ပြောလိုက်သည်။

"အဘရေ..အဘ..ရေလယ်ခေါင်မှာ လူတစ်ယောက်ဗျို့"

"ဟေ..ဒီလောက်စောစောစီးစီးချမ်းရတဲ့အထဲ ဘယ်သူများ ရေကူးနေပါလိမ့်.."

"ရေကူးနေတာမဟုတ်ဘူးဗျ..တရွေ့ရွေ့နဲ့ သွားနေတာ.. လမ်းလျှောက်နေတာများလားမသိဘူး.."

"ဟ..ကောင်ရ..ရေလယ်ခေါင်က ဝါးနှစ်ပြန်လောက်နက်တာ ဘယ်လိုလုပ်ပြီးလမ်းလျှောက်လို့ရမလဲ..

လှေလှော်လာတာ ဖြစ်ချင်ဖြစ်မှာပေါ့.. အလင်းရောင်ကလည်း ကောင်းကောင်းမရ.. မြူနှင်းတွေကလည်း ကျနေတော့.. ငါ့ မျက်စိနဲ့သဲသဲကွဲကွဲမမြင်ရဘူး..မင်းရဲ့ကလေးမျက်လုံးနဲ့ သေချာကြည့်ပါဦး"

"ဒီနားတစ်ဝိုက်မှာ အဖျက်အဆီးခံထားရလို့ ..လှေနဲ့တူတာဆိုလို့..ကျုပ်တို့လှေတစ်စီးပဲ ရှိတဲ့ဥစ္စာ..အခုဟာက ဘာလှေမှမပါဘူး..လူတစ်ယောက်တည်းရယ်..ရေစီးအတိုင်း တရွေ့ရွေ့နဲ့ မြစ် အောက်ဘက်ကို စုန်ပြီးသွားနေတာ..သူ့ခါးအထက်ပိုင်းက ရေပေါ်မှာပေါ်လို့.."

ကိုဖိုးကဲတို့ သားအဖ၏ အော်ကြီးဟစ်ကျယ်စကားသံများကြောင့် ဆိပ်ကမ်းနှင့်နီးသော အိမ်များမှ လူတချို့ကမ်းပါးသို့ ဆင်းလာကြသည်။

ဂေါပကလူကြီးဦးမဲလုံးက စိပ်ပုတီးကို လည်ပင်းတွင် စွပ်လိုက်ပြီး၊ မြစ်လယ်သို့ သေချာကြည့်ရင်း တအံ့တသြဖြင့်...

"အေးဟ..မြစ်လယ်ခေါင်ကြီးမှာတောင် သူ့ခါးအထက်ပိုင်းက ရေပေါ်ကိုပေါ်နေတယ်ဆိုတော့ သူ့ခြေထောက်တွေက ဝါးနှစ်ပြန်လောက်ရှည်နေလို့လား"

ဝိစိမှုတ်သကဲ့သို့ စူးရှသောအသံရှိသည့်ရဟန်းအမ၊ ကျောင်း





အမ၊ ဇရပ်အမ၊ ငွေတိုးချေးစားသည့်ဒေါ်ကြည်အောင်က ရေစပ်နားသို့ အပြေးတစ်ပိုင်းဆင်းလာကာ ရေလယ်သို့လက်အုပ်ချီရင်း..

"အဲဒီလောက် ခြေတံရှည်တဲ့သူ လောကမှာရှိမတဲ့လား ... ပုဂ္ဂိုလ်ထူးမို့လို့..ရေကသိုဏ်းရှုပြီး..ရေပေါ်လမ်းလျှောက်နေတာဖြစ်မှာပေါ့..."

"ရေပေါ်လမ်းလျှောက်နိုင်တဲ့ တန်ခိုးရှိရင် ခြေဖျားတောင် ရေမစိုရအောင် လျှောက်နိုင်ရမှာပေါ့..မိကြည်အောင်ရဲ့..အခုဟာက ခါးအထက်ပိုင်းလေးပဲ ရေပေါ်,ပေါ်နေတဲ့ဟာ.."

ထိုစဉ် ကုန်စုံဆိုင်ပိုင်ရှင် ဒေါ်ငယ်လေးတစ်ယောက် အပြေးအလွှားရောက်လာပြီး လက်အုပ်ချီရင်း...

"ဒါကတော့ ကိုမဲလုံးရယ်..အခုပုဂ္ဂိုလ်က ရဟန်း၊ သံဃာ မဟုတ်လို့ခြေဖျားရေမစိုအောင် လျှောက်ခွင့်မရှိလို့ နေမှာပါတော်..ကြည့်ပါဦး..ဖြည်းဖြည်းလေး..ရွေ့ရုံလေးသွားနေတာထောက်တော့ တရားမှတ်ရင်းလမ်းလျှောက်နေတာဖြစ်မှာပေါ့..ကြည်ညိုဖို့ကောင်းလိုက်တာတော်.."

တန်ခိုးကြီးဘုရားများနှင့် သချိုင်းများတွင် အဓိဋ္ဌာန်ပုတီးစိပ်လေ့ရှိသော ဆရာပါလေပုကလည်း သူတို့အနားသို့လျှောက်လာရင်း...

"သေချာပြီ..သေချာပြီ..ညက အဓိဋ္ဌာန်ပုတီးစိပ်နေတုန်း ပဋ္ဌာန်းဆက် ပုဂ္ဂိုလ်တစ်ဦးလာမိန့်သွားတာနဲ့ ကွက်တိပဲ..ဝိဇ္ဇာတစ်ဦးကို ဖူးတွေ့ရမယ်တဲ့..အဲဒါ 'ရေလျှောက်ဝိဇ္ဇာ'အစစ်ပဲ"

တဖြည်းဖြည်းဖြင့် စုရုံးရောက်ရှိလာသူများကလည်း ထင်မြင်ချက်အမျိုးမျိုးပေးကြပြန်သည်။

"ဆရာပါလေပုရေ..ခင်ဗျားပြောတဲ့ ဝိဇ္ဇာဆိုတာ ဖြစ်နိုင်ပါ့မလားဗျ..သူ့ခေါင်းမှာခေါင်းပေါင်းကြီးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းပေါင်းနဲ့ဝိဇ္ဇာဆိုတာ ဇော်ဂျီကိုပြောတာမဟုတ်လား. . ။

"ဟဲ့. . ဒူကြီးအိပ်နေတဲ့ကလေးတွေကို မြန်မြန်သွားနှိုးစမ်း . . . ဝိဇ္ဇာဇော်ဂျီပုဂ္ဂိုလ်ထူးဆိုတာ အရှင်လတ်လတ်ကြီးဖူးရ၊ တွေ့ရခဲ့တယ်ဟ. . ."

"ဇော်ဂျီဆိုရင် ခေါင်းပေါင်းကအစ တစ်ကိုယ်လုံးအနီရောင် မဟုတ်လား. . အခုဟာက ကာကီရောင်ကြီးလိုပဲ. . သေသေချာချာ ကြည့်ကြစမ်းဟေ့. . မုတ်ဆိတ်မွေးကြီးတွေကလည်း ရင်ဘတ်နား အထိတောင် ရောက်နေသလားလို့. . ."

"အေးဟ. . ထောင်ထောင်မောင်းမောင်း. . တုတ်တုတ် ခိုင်ခိုင်နဲ့ . . ပုံစံက ကုလားကြီးနဲ့တူတယ်"

"သေချာပါတယ် . . ဒါကုလားဘိုးတော် . . ဒါမှမဟုတ် 'ဆာဒူး' ကြီးဖြစ်ရမယ်"

ရောင်နီလေးက ပျို့လာသဖြင့် ရေလယ်မှပုဂ္ဂိုလ်ကြီးကို တော်တော်လေး သဲသဲကွဲကွဲမြင်ရပြီဖြစ်၍ ကမ်းပါးစပ်အပြည့် ရောက်ရှိနေကြသော လူအပေါင်းက ထင်ကြေးအမျိုးမျိုးပေးရင်း အော်ဟစ်နေကြသော်လည်း ရေလယ်ခေါင်မှ ပုဂ္ဂိုလ်ထူးကတော့ ပတ်ဝန်းကျင်ကို ဘာမှဂရုမထားဟန်ဖြင့် ဣန္ဒြေရရ၊ တဖြည်းဖြည်း ဖြင့် ရေစီးအတိုင်း စုန်ဆင်း၍သာနေပါသည်။ ဒေါ်ကြည်အောင်က တော့ ကြည့်ရင်းကြည့်ရင်း၊ အားမလိုအားမရဖြစ်လာပြီး. . .

"ဗိုလ်ရင်မဲလုံး. . ရှင်တို့တွေ. . ဟောဒီလှေနဲ့ဘိုးတော်ကို သွားပင့်ကြပါလား. ."

"အလိုဗျာ. . လှေနဲ့တော့ ရေလယ်အထိမသွားရဲပါဘူး. . . တော်ကြာလိမ်ပုံ(လေယာဉ်ပုံ)နဲ့ တွေ့သွားလို့ . . ဆန်ကာပေါက် ဖြစ်သွားလိမ့်မယ်. ."

ဒေါ်ငယ်လေးကလည်း အားပေးအားမြှောက်ဖြင့်. . .





"အလိုတော်. . အခုမျက်မြင်တွေ့နေရတဲ့သူက 'ဘာမှန်းမသိ ပုဂ္ဂိုလ်'မဟုတ်ဘူး. . 'ရေလျှောက်ဝိဇ္ဇာ'ရှင့်. . 'ရေလျှောက်ဝိဇ္ဇာ'. . လိမ်ပုံလောက်ကတော့ မှုမှာမဟုတ်ပါဘူး. . အဖော်ရအောင် ဆရာ ပါလေပုပါခေါ်သွားပေါ့. ."

ဆရာပါလေပုက ခေါင်းကုတ်ရင်း. . .

"အခုရက်အတွင်းမြစ်ကူး . . ချောင်းခြားမသွားပါဘူး . . လို့အဓိဋ္ဌာန်ထားပြီးသားဖြစ်နေလို့ပါဗျာ . . နို့မဟုတ်ရင် . . ပြော စရာတောင်မလိုဘူး . . ကဲ . . ကဲ . . ကိုမဲလုံး . . ခင်ဗျား . . ရဲရဲသာသွား . . ကျုပ် ဒီကနေ မေတ္တာဓာတ်တွေပို့ပေးမယ် . ."

"ကျုပ်ကတော့ မသွားရဲဘူးဗျာ . . ပင့်ရဲတဲ့သူသွားပင့်လာခဲ့ . . ဒီကိုရောက်ရင် 'ဘိုးတော်' စားဖို့သောက်ဖို့က အစ အကုန်တာဝန် ယူပေးမယ်"

ကာလသားခေါင်း 'ညောင်ပိ' က ခေါင်းယမ်းရင်း . . .

"အဲဒီ 'ဘိုးတော်' ဆိုတဲ့ဟာကြီးကို ဒီကိုပင့်ပြီးရင် . . ဘာလုပ် ကြမလို့လဲ. ."

"ဘာလုပ်ရမှာလဲ. . ကိုးကွယ်ဖို့တော်ရေ . . ကိုးကွယ်ဖို့. . တော်ရဲ့ . . ဒီလိုကပ်ဆိုးကြီးကျနေချိန်မှာ ဒီလိုပုဂ္ဂိုလ်ထူး. . ပုဂ္ဂိုလ် ဆန်းတွေကို ကိုးကွယ်ခွင့်ရတယ်ဆိုတာ 'ဘုရားမ' တာပဲ. . သွား. . နင်ပါလိုက်သွား. ."

'ညောင်ပိ' က လူအုပ်ထဲတိုးဝင်၍ ကိုယ်ရောင်ဖျောက်သွား သည်။ ခွေးနှစ်ကောင်ကိုက်တာက အစ စိတ်ဝင်စားတတ်သော လူထုကြီးမှာလည်း ယခုလိုသူတို့ မျက်မြင်ကိုယ်တွေ့ ရေပေါ်တွင် တရွေ့ရွေ့သွားနေသည့်ပုဂ္ဂိုလ်ကြီးကို တွေ့မြင်ရသောအခါ အနီးထပ် ကြည့်ရှုဖူးမြော်လိုပါသော်လည်း ကိုယ်တိုင်ကိုယ်ကျ ရေလယ်ခေါင် အထိမသွားဝံ့ကြ၍ ဟိုလှုလှုဲချ၊ သည်လှုလှုဲချဖြင့် ပွက်ပွက်ညံနေစဉ်



www.burmeseclassic.com

www.burmeseclassic.com



'ဘိုးတော်'အား ကိုးကွယ်ချင်ဇောကပ်နေသည့် ဒေါ်ကြည်အောင်က..

"ကဲ..ကဲ..ဘိုးတော်ကို အရင်ဆုံးစတွေ့တဲ့'ကိုဖိုးကဲ'တို့သားအဖနှစ်ယောက်..မင်းတို့ပဲ သွားပင့်ခဲ့ကြ ..ငါပိုက်ဆံပေးမယ်"

တံငါသည်သားအဖလည်း ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး..

"မသွားပါရစေနဲ့ အရီးကြည်အောင်ရယ်..အလင်းရောင်လာနေပြီဗျ ..တော်ကြာ.. လိမ်ပုံ့ရောက်လာရင် ကျွန်တော်တို့သားအဖ တစ်စစီဖြစ်..ဖြစ်.."

စကားပင်မဆုံးသေး၊ ဒေါ်ငယ်လေးက ဖျတ်ခနဲဝင်ပြောလိုက်သည်။

"အောင်မယ်လေး ..နင်တို့သားအဖ 'ကံထူး' လို့ ..တုသိုလ်ထူးလို့..ပုဂ္ဂိုလ်ထူး..ပုဂ္ဂိုလ်မြတ်ကို နင်တို့သားအဖ အရင်ဆုံးစတွေ့၊ စဖူးခွင့်ရတာ..အခုပုဂ္ဂိုလ်က သာမန်မဟုတ်ဘူးနော် ..ရေပေါ်မှာတောင် လမ်းလျှောက်နိုင်တဲ့ 'ဝိဇ္ဇာ'ဟဲ့... 'ဝေနေယျ'တွေကို အန္တရာယ်ဘေးဒုက္ခနဲ့ မတွေ့အောင် ကယ်နိုင်,မနိုင်တယ် ..နင်တို့သားအဖ ဘာအန္တရာယ်နဲ့မှ မတွေ့စေရဘူး ..သွားသာသွား.."

အားလုံးကလည်း ဝမ်းသာအားရဖြင့် ဝိုင်းဝန်းထောက်ခံကြသဖြင့် ကယ်မယ့်သူဝေးသွားသော 'မဟာကံထူးရှင်ကိုဖိုးကဲနှင့်စိန်ထွန်း'တို့သားအဖနှစ်ယောက်ခမျာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ငိုမဲ့မဲ့ဖြစ်နေကြသည်။

ဤမြို့ကလေးတွင် ငွေတိုး ပေးစားသော ဒေါ်ကြည်အောင်နှင့်တင်းနိုင်သူ အတော်ရှားသလို၊ ဒေါ်ငယ်လေး၏ ကုန်စုံဆိုင်တွင်လည်း အကြွေးမယူဖူးသူမရှိသလောက်ရှားသဖြင့် ဒေါ်ကြည်အောင်နှင့်





ဒေါ်ငယ်လေးတို့၏ စက်ကွင်းမှ မလွတ်ကင်းနိုင်သော 'တံငါသည်'သားအဖသည်လည်း ငြင်းဆန်ရဲသည့် 'သတ္တိ' တစ်ရွေးသားမျှပင်မရှိတော့ပါသော်လည်း သက်သာလို သက်သာငြားဖြင့်...

"ဘိုးတော် ..ကုလားကြီးထင်တယ်ဗျ ..ကျုပ်တို့က 'ကုလားစကား' မှမတတ်တာ ..ဘယ်လိုပြောပြီးပင့်ရမှာလဲ.."

ဂေါပကလူကြီးဦးမဲလုံးက သူမလိုက်ရမှန်း သေချာသွားသဖြင့် ဝမ်းသာအားရကြီးဝင်၍ အကြံပေးသည်။

"ဘိုးတော်တို့..ဝိဇ္ဇာတို့မှာ မနေသိတို့ ..အာရုံသိတို့ဆိုတာ ရှိသကွ ..ဘယ်လိုဘာသာစကားနဲ့ ပြောပြော..သူတို့သိပြီးသား .. မင်းဟာမင်းသွားမှာသာ သွားပင့်"

"အဲဒီလောက်ကြီးအထိ မနေသတွေ .. အာရုံတွေ.. သိနေတဲ့ 'ဝိဇ္ဇာ' ပုဂ္ဂိုလ်ထူးကြီးပဲဗျာ..ဟောဒီ ကမ်းနားဆိပ်ကနေလှမ်းပင့်လို့ မဖြစ်ဘူးလား..."

အဓိဋ္ဌာန်ဆရာပါလေပုက ဝိဇ္ဇာတို့၏ ဝိနည်းကျင့်စဉ်တို'တကြီးမှအ' အထိ သိရှိထားသည့်အလား ခေါင်းတယမ်းယမ်းဖြင့်ဝင်ပြောပြန်သည်။

'ဝိဇ္ဇာတွေ..ဘိုးတော်တွေမှာ မနေသိ .. အာရုံသိရှိပေမယ့်.. ကိုယ်ထိလက်ရောက် လာမပင့်ရင် ..မကြွတောင်ဘူး ..အပြစ်ဖြစ်တတ်တယ် .. ကဲပါလေ .. မင်းတို့ သားအဖပိုပြီး.. အဆင်ပြေသွားအောင် ငါလုပ်ပေးပါ့မယ်"

ပြောပြောဆိုဆို ဆရာပါလေပုက ရေလယ်ခေါင်သို့ လက်အုပ်ချီကာ မျက်စိကိုစုံမှိတ်၍ တတွတ်တွတ်ရွတ်ဆိုနေသဖြင့် တံငါသည်သားအဖလည်း အားကိုးတကြီးဖြင့် ဆရာပါလေပုကိုကြည့်နေသလိုအားလုံးလည်း တိတ်ဆိတ်ငြိမ်သက်သွားသည်။

ခဏကြာမှ ဆရာပါလေပုက မျက်စိကိုဖွင့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . ကဲ . . ဒေါ်ငယ်လေး ခင်ဗျားဆိုင်က ကြွက်မြီးကောင်းကောင်းအုန်းတစ်လုံးနဲ့ . . အဖီးလှလှငှက်ပျောဖီးတွေယူခိုင်းလိုက်ဗျာ . . အမွှေးတိုင်နဲ့ဖယောင်းတိုင်ပါမကျန်စေနဲ့ . . ကျုပ်ကန်တော့ပွဲပြင်ပေးလိုက်မယ် . . မင်းတို့ရဲ့လှေဦးမှာတင်သွားလိုက် . . ဟုတ်ပြီလား . ."

မျှော်လင့်ချက်တောင်ကြီး ပြိုကွဲသွားသော သားအဖနှစ်ယောက်ကတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း၊ ငိုမဲ့မဲ့ဖြစ်သွားကြသည်။

ထို့နောက် အမွှေးတိုင်၊ ဖယောင်းတိုင်များထွန်းညှိ၍ မွှေးရနံ့ကြိုင်လှိုင်စွာဖြင့် ကန်တော့ပွဲကြီးကို လှေဦးထိပ်ပေါ်တင်၍ သားအဖနှစ်ယောက် ဘိုးတော်အပင့်သွားကြသည်နှင့် တစ် ပြိုင်နက် ဘယ်သူ့ဘယ်ဝါ၏ အစီအမံဟု မပြောနိုင်ဘဲ ကမ်းပါးအပြည့် အုန်းပွဲ၊ ငှက်ပျောပွဲ၊ ကန်တော့ပွဲများ အလျှိုအလျှိုရောက် လာပြီး၊ အမွှေးတိုင်တို့၏ ရနံ့များကလည်း ကြိုင်လှိုင်နေသလို ဖယောင်းတိုင်များ၏ အလင်းရောင်များကလည်း ထွက်ပြူစနေမင်း၏ အရောင်ဝါထက် ပင် ပိုပြီးလင်းထိန်နေလေတော့သည်။

စိန်ထွန်းနှင့်ကိုဖိုးကဲ့တို့ သားအဖနှစ်ယောက် လှော်လာသော လှေသည် ဘိုးတော်ကြီးနောက်နားသို့ ရောက်ရှိလာသည်။

"အဘရေ . . ဘိုးတော်ကြီးကို ဒီကနေလှမ်းခေါ် . . အဲ . . လှမ်းပင့်လိုက်တော့ဗျာ . . ."

"အဟမ်း . . အဟင်း . . . ရေပေါ်မှာ လမ်းလျှောက်သွားနေတဲ့ 'ဘိုးတော်ကြီး'၊ 'ဝိဇ္ဇာကြီး'၊ 'ဒေါ်ကြည်အောင်၊ ဒေါ်ငယ်လေး'နဲ့ တကွ မြို့သူမြို့သားအပေါင်းက ပင့်ခိုင်းလိုက်ပါတယ် . . ရပ်တော်မူပါ ဘိုးတော်ကြီးခင်ဗျား . ."

ဘိုးတော်ကြီးက လုံးဝအရေးမစိုက် လှည့်၍ပင်ကြည့်ဖော်မရဘဲသူ့လမ်းသူသွားနေသဖြင့် ကိုဖိုးကဲ့လည်းကြံရာမရဖြစ်သွားပြီး . .





"ဘိုးတော်ရဲ့မနောအသိထဲမှာ'ဗမာ'စကား မပါဘူးထင်တယ် သားရေ . . ကုလားလိုပင့်မှထင်တယ်ကွ . . မင်း . . ပင့်ကြည့်ပါဦး"

"ဗမာစစ်စစ်ဖြစ်တဲ့အဖေကိုယ်တိုင်က ကျုပ်ကိုမွေးထားတာပဲ . . ဘယ်လိုလုပ်ပြီးကုလားစကားပြောတတ်မှာလဲဗျ . ."

"မသိဘူးကွာ . . မင်းဟာမင်းသာ ကြည့်ကောင်းသလို ရမ်းသမ်းပြီး ပင့်ပေတော့ . . အရေးထဲ . . ခွေးသေကောင်ပုပ်များ . . ဒီနားမှာရှိနေသလားမသိဘူး . . အမွှေးတိုင်အနံ့တွေ မွှန်နေတဲ့ကြားက 'အပုပ်နံ့'က ထောင်းခနဲရသကွ . ."

"အို . . 'ပါနီ'ပေါ်မှာ'ဂျောင်း'နေတဲ့'ဘ. ဘာကြီး'၊ 'အရာကြီး'၊ 'ဘိုးတော်ရန်ကနား'၊ 'ဘိုးတော်ဆာမိ' . . ကျုပ်တို့ကိုကျောပေးနေတဲ့'ဘိုးတော်ကုလားကြီး'ရပ်တော်မူပါဦး . . 'ဆလံ'ပေးပါတယ် . . ရပ်ပါဦး"

ဘိုးတော်ကြီးကတော့ ငဲ့စောင်း၍ဖင်ကြည့်ဖော်မရ၊ လှေကလည်းတဖြည်းဖြည်းဖြင့်နီးလာသည်။

စိန်ထွန်းလည်း ခေါင်းကုတ်ရင်း ရှုံ့ နှာခေါင်းကို တရှုံ့ရှုံ့လုပ်ကာ သူ့အဖေကိုဖိုးကဲ့ဘက်သို့လှည့်၍ စကားသံမထွက်စေဘဲ လက်ဟန်ခြေဟန်ဖြင့် 'အပုပ်နံ့'က ဘိုးတော်ထံမှရကြောင်း အချက်ပြလိုက်လျှင် နားလေးနေသောကိုဖိုးကဲ့ကာ . . .

'အပုပ်နံ့က ဘိုးတော်ဆီကဟုတ်လား . . တိုးတိုးပြောပါကွာ . . ကြားသွားပါဦးမယ် . ."

ဟု ပြန်ပြောလိုက်သဖြင့် သားတော်မောင် စိန်ထွန်းလည်း ခေါ်ကန်သွားပြီး . . .

"ဒီလောက်အော်ခေါ်နေတာတောင် လှည့်မကြည့်တဲ့ ထောက်တော့ နားလေးနေတယ်ထင်ပါရဲ့ . . မထူးပါဘူး . . အဘ



www.burmeseclassic.com

www.burmeseclassic.com



ရယ် . . လှေကို သူ့ရှေ့ကျော်တက်ပြီး ကန့်လန့်ပိတ်ရပ်လိုက်ဗျာ . . . ကျွန်တော် လက်ဟန်ခြေဟန်နဲ့မျက်နှာချင်းဆိုင်ပင့်မယ် . . ဒါမှ အရေးမလုပ်ရင်လည်း ထားခဲ့တော့ဗျာ . . ”

ကိုဖိုးကဲ့က ခေါင်းညိတ်လိုက်ပြီး လှေကိုအားစိုက်၍ နှစ်ချက်ခန့်လှော်ကာ ‘ဘိုးတော်ကြီး’ ကိုကျော်တက်လိုက်ရင်း ရှေ့တည့်တည့်မှာ ကန့်လန့်ကြီးပိတ်၍ရပ်လိုက်ရာ လှေဦးတွင်ထိုင်နေသော စိန်ထွန်းနှင့်ကုလားဘိုးတော်ကြီး မျက်နှာချင်းဆိုင်ဖြစ်သွားသည်နှင့် တစ်ပြိုင်နက် စိန်ထွန်းတစ်ယောက် အလန့်တကြားအော်ဟစ်ရင်း သူ့အဖေကိုပြေးဖက်သည်။

“အောင်မယ်လေး . . အဘရေ . . အဘရဲ့ . . ခင်ဗျား ဘိုးတော်က ‘အသေကောင်’ကြီးဗျ . . လုပ်ပါဦး . . ”

ကိုဖိုးကဲ့က လှေမမှောက်စေရန် ထိန်းလိုက်ရင်း . . .

“ဟေ . . ဒီကုလားဘိုးတော်ကြီးက အသေထွက်ဆိုတာများလား . . ဟ . . ”

“ဒီလောက်ပုပ်ပွနေမှတော့ . . ဘယ်လိုလုပ်ပြီး . . အရှင်ထွက်လို့ရမလဲ . . မြန်မြန်လှော်ဗျာ . . ကျုပ်ကြောက်တယ် . . ”

ကိုဖိုးကဲ့က လှေကိုငြိမ်အောင်ထိန်းရင်း ဘိုးတော်ကြီးကို စေ့စေ့ကြည့်နေသည်။

“ကုလားစစ်သားကြီးပဲ . . စစ်ဝတ်စစ်စားအပြည့်အစုံနဲ့ကွ . . ရေပေါ်မှာပေါ်နေတဲ့ ကိုယ်တစ်ပိုင်းမှာ သေလောက်တဲ့ ဒဏ်ရာ . . ဒဏ်ချက်မရှိဘူးဆိုတော့ . . ရေနစ်သေတာပဲ ဖြစ်မယ်ထင်တယ်”

“သူဟာသူ ဘာကြောင့်●သေသေ . . သေတာကကြာလှပြီ . . တစ်ကိုယ်လုံးပုပ်ပွနေတာ . . စစ်ဝတ်စုံကြီးတောင် ပြဲထွက်တော့မယ် . . လက်ချောင်းထိပ်ဖျားလေးတွေလည်း ငါးစားထားလို့ပြတ်နေ





တဲ့ဟာတောင်ပြတ်နေပြီဗျ . . နှာခေါင်းကြီးကလည်း ပွက . . . မျက်လုံးကြီးတွေကလည်း ပေါက်ထွက်လုမတတ်ပြူးနေတာ ကြည့်ရင်းနဲ့ကို အန်ချင်နေပြီ . . ဒီကြားထဲ . . အပုပ်နံ့က တစ်မျိုး . . တဲ့ . . အဘရယ် . . သွားကြရအောင်ပါ . . ”

“နေပါဦး . . ငါ့သားရဲ့ . . ရေနစ်သေတဲ့လူတွေက ‘ယောကျ်ား’ဆိုရင်‘မှောက်’ . . မိန်းမဆိုရင်‘ပက်လက်’နဲ့ရေပေါ်မှာ ‘ပေါ်’နေတတ်တွ . . သူကျတော့ မတ်တတ်ကြီးပါလား . . ”

“မတ်တတ်ကြီးပေါ်မှာပေါ့ . . အဘရဲ့ . . သူ့ခြေထောက်မှာစီးထားတဲ့ဖိနပ်ကြီးကိုလည်း ကြည့်ပါဦး . . ပေါင်လယ်လောက်အထိ အရှည်ကြီး”

“အေးလေ . . မြင်းသားပဲ . . ပန်ချာပီတို့ . . ဂေါ်ရာတို့လို ကုလားမြင်းစီးတပ်သားတွေ စီးလေ့ရှိတဲ့ မြင်းစီးလည်ရှည်သားရေဖိနပ်ကြီးမဟုတ်လား”

“အဲဒါကြောင့်ဗျ . . သူဟာသူဆို ပက်လက်လား . . မှောက်ခုံ လားပေါ်ရမယ့်ဟာ . . အခုတော့ တောင့်တင်းပြီး ပုပ်ပွနေတဲ့ခန္ဓာကိုယ်ကြီးကို ရေဝင်ပြီးလေးနေတဲ့ဖိနပ်ကြီးက ခဲနဲ့ဆွဲထားသလိုဖြစ်နေလို့ . . တစ်ပိုင်းပေါ်တစ်ပိုင်းနစ်နဲ့ ရေပေါ်မှာ ထောင်လျက်သားကြီး ဖြစ်နေတာ”

ဟုတ်ပါသည်။ ပေါင်လယ်ခန့်ရှည်သော သားရေဖိနပ်ကြီးတာ အလေးခဲဆွဲထားသလိုဖြစ်နေသဖြင့် ပုပ်ပွ၍တောင့်တင်းနေသော ခန္ဓာကိုယ်ကြီးမှာ သွေးရိုးသားရိုးအလောင်းများကဲ့သို့ ပက်လက်၊ မှောက်ခုံမပေါ်ဘဲ ခါးအထက်ပိုင်းမှာ ရေပေါ်တွင် ထောင်လျှက်သား ပေါ်နေပြီး၊ ရေစီးအတိုင်းမျောနေခြင်းသာဖြစ်ကာ ယခုကဲ့သို့ အနီး ကပ်လာမကြည့်ဘဲ မြစ်ကမ်းပါးဘက်မှ ကြည့်မည်ဆိုပါက ဝါးဝါး



www.burmeseclassic.com

www.burmeseclassic.com



ပြန်လောက်နက်သော ရေလယ်ခေါင်တွင် ခါးအောက်ပိုင်းသာ ရေမြှုပ်၍ ခါးအထက်ပိုင်းမှာမြစ်ရေပြင်ပေါ်တွင် ထင်ရှားစွာ ပေါ်လွင်လျက် ရေစီးအတိုင်း တရွေ့ရွေ့စုန်ဆင်းနေသော ပုဂ္ဂိုလ်ထူးကြီးသဖွယ်တွေ့မြင်ရပေသည်။

စစ်ဘေး၊ စစ်ဒဏ်ကို နဖူးတွေ့၊ ဒူးတွေ့ လည်စင်းခံရင်း 'နေ့မြင်ညပျောက်'၊ 'ကျီးလန့်စာစားဘဝ'သို့ရောက်ရှိကာ အားငယ်နေသူများအဖို့၊ ယခုကဲ့သို့ မြစ်လယ်ခေါင်ရေပြင်ထက်တွင် ထီမထင်ဟန်ဖြင့် ခန္ဓာကိုယ်တစ်ပိုင်းဖော်ပြီး၊ ရေစုန်အတိုင်းသွားနေသော 'ပုဂ္ဂိုလ်ထူး'၊ 'ပုဂ္ဂိုလ်မြတ်'ကြီးကို မျက်ဝါးထင်ထင်တွေ့မြင်လိုက်သည့်သကာလ . . . .

အမှားအမှန်ကိုပင် မချင့်ချိန်နိုင်တော့ဘဲ အားကိုးလိုစိတ်၊ ကိုးကွယ်လိုစိတ်များ တဖွားဖွားပေါ်ပေါက်လာပြီး၊ မကိုးကွယ်လိုက်ရမရှိစေရန်ရည်သန်၍ တံငါသည် သားအဖကို ငွတ်အတင်း ပင့်ခိုင်းလိုက်ခြင်းသာ ဖြစ်ပေတော့သည်။

ကိုဖိုးကဲ့က အနံ့ပြင်းလှသော ရေပေါ်လမ်းလျှောက်ပုပ်ကိုယ်ကြီးကို စေ့စေ့ကြည့်ရင်း ပြန်ကြရအောင် ဟု တစာစာပြောနေသော သားမောင်စိန်ထွန်းကို ခေါင်းခါပြလိုက်ပြီး . . .

"ငါတို့ သားအဖနှစ်ယောက်တည်း ပြန်သွားလို့ . . မဖြစ်ဘူး . . ဘိုးတော်ကို တစ်ခါတည်း ပင့်ခဲ့မှဖြစ်မယ် . ."

"ဗျာ . . . ဒါကြီးကိုပင့်ခဲ့ . . အဲလေ . . ခေါ်ခဲ့မယ် ဟုတ်လား . . ကန်တော့ပါရဲ့ဗျာ . . အဘ . . ခင်ဗျား . . ရူးများရူးနေသလား"

"ရူးတာက ငါမဟုတ်ဘူး . . မြစ်ကမ်းနားမှာ . . အုန်းပွဲ . . ငှက်ပျောပွဲတွေနဲ့ အလုပ်ရှုပ်နေတဲ့သူတွေသာ 'ရူး'နေတာကွ . . တောင်ပို့ထဲက ထွက်လာတဲ့'ဖွတ်ကြီး'ကို လက်ဆုပ်လက်ကိုင်မပြ





နိုင်ရင် တောင်ပို့ကြီးကိုရွှေချပြီး . . ထီးတော်တင်ဖို့ ကြိုးစားကြမယ့် 'အရူးတွေ'က ဒီဟာကြီးကို'ပုဂ္ဂိုလ်ထူးကြီး'၊ 'ဝိဇ္ဇာကြီး'လို့ အသည်းအသန်ယုံနေကြတာ . . ဒီဟာကြီးကို သူတို့ဆီပင့်မသွားဘဲနဲ့ . . အလောင်းကောင်ကြီး . . ပုပ်ပြီးမျောနေတာပါလို့ . . ပြောရင် . . ဘယ်သူကယုံမှာလဲ . . အပြောအဆို . . အပေါက်အလမ်း မတည့်လို့ . . ဘိုးတော်က ကြွမလာတာဆိုပြီး . . ငါတို့သားအဖအပေါ် အပြစ်ပုံကျမှာကို မင်းမတွေးမိဘူးလား"

"ဒီလောက်ပုပ်စော်နံပြီး၊ ဟောင်နေတဲ့ဟာကြီးကိုသာ လှေပေါ်တင်ရင် ကျုပ်ရေထဲခုန်ဆင်းပြီး . . နေခဲ့တော့မယ် . ."

"လှေပေါ်မတင်ပါဘူးကွ . . မင်းနောက်နားက လက်ထွန်ကြိုး (တန်းချပြီး . . ငါးများသည့်တန်းကြိုး မည်းမည်းသေးသေးလေး) ပေးစမ်း . . အဲဒီကြိုးက သိပ်ခိုင်တာ . . အဲဒီကြိုးမှာရှိတဲ့ 'ငါးမျှားချိတ်'နဲ့ ပုပ်ကိုယ်ကြီးရဲ့ ခါးပတ်ကိုချိတ်ပြီး၊ လှေနောက်ကနေဆွဲပြီး ခေါ်လာခဲ့မယ်ကွာ . ."

လှေငယ်နောက် မလှမ်းမကမ်းမှ တရွေ့ရွေ့ပါလာသော 'ဘိုးတော်' ကိုသာမြင်ပြီး၊ ငါးမျှားကြိုးကို မမြင်ကြသော ပရိသတ်အပေါင်းမှာ အံ့ဩဘနန်းဖြင့် အုတ်အုတ်ကျက်ကျက်ဖြစ်သွားသည်။

"ဟော . . တော် . . ဘိုးတော်က လှေပေါ်တက်မလိုက်ဘဲ . . လှေနောက်ကနေ လမ်းလျှောက်လိုက်လာနေပါလား . ."

"တိရစ္ဆာန်တို့ . . လူတို့အပင်ပန်း . . အဆင်းရဲခံပြီး . . သယ်ပို့ပေးတာကို လက်မခံဘဲ နေတာဗျ . ."

"သတ္တဝါဝေနေယျတွေကို သနားကရုဏာကြီးလို့ . . ဖြစ်မှာပေါ့ . . တော်တော်လေးကိုကြည်ညိုဖို့ ကောင်းနေပြီ . ."

"အောင်မယ်လေး . . ကြည့်ကြပါဦး . . ဘိုးတော်ကြီးက မှော



www.burmeseclassic.com

www.burmeseclassic.com



လုံးပြူးပြူးကြီးနဲ့ဒီကို စူးစူးစိုက်စိုက်ကြည့်နေလိုက်တာတော်.. မျက်တောင်ခတ်ဖော်တောင်မရဘူး..'ခေါ်တော့ကြည့်..ဂေါ်ရင်ကို့' ကြည့်ဆိုတာများလား"

"သမာဓိဝင်စားပြီး..ငါတို့ကို စူးစူးစိုက်စိုက်မေတ္တာပို့ နေတာဖြစ်မှာပေါ့...ကဲ..ကဲ..လာ..လာ..ရေထဲဆင်းပြီး ကြို့ရအောင်.."

"ဟဲ့..မိကြည်အောင်နဲ့မိငယ်လေးတို့ရဲ့..ဒီလောက်ချမ်းတုန်ပြီး ..အေးနေတဲ့အချိန်ကြီးကို ရေထဲဆင်းမလို့လား"

"ဒီမှာ ကိုရင်မဲလုံး..သီဟိုဠ်ကပင့်လာတဲ့'မြတ်စွယ်တော်' ကို အနော်ရထာဘုရင်က သူ့လည်ပင်းရေမြုပ်တဲ့အထိ ဆင်းကြိုတဲ့သာဓကရှိတယ်မဟုတ်လား..ဆရာပါလေပုရဲ့"

"ဒါက 'မြတ်စွယ်တော်'မဟုတ်ဘူးလေ.."

ဟု ဆရာပါလေပုက ပြောလိုက်သော်လည်း ဒေါ်ကြည်အောင်နှင့်ဒေါ်ငယ်လေးတို့၏ စိတ်ကွင်းအတွင်းမှ မလွတ်ကင်းနိုင်သော ဆရာပါလေပုခမျာ မျက်ထောင့်နီကြီးဖြင့်ကြည့်နေကြသည့် ငွေရှင်ကြေးရှင်ကြီးနှစ်ယောက်၏ မျက်နှာရိပ်မျက်နှာကဲကို ကောင်းကောင်းကြီးသိရှိသွား၍ ပရိသတ်ဘက်သို့လှည့်ကာ အသံကျယ်ကျယ်ဖြင့်...

"အဲ..အင်း..မဆင်းချင်တဲ့သူနေခဲ့ကြ..တော်ကြာမှ ဘိုးတော်ဆီက..ဟိုအဆောင်..ဒီအဆောင်ကောင်းလေးတွေ..မ,စပါ..ပေးပါဆိုလို့ကတော့ ငါနဲ့အတွေ့ပဲ.."

ဟု မာန်မဲသလိုလိုဖြင့် သေဖော်ညှိကာ ရေထဲသို့ သူအရင်ဆုံး စပြီးဆင်းလိုက်သည်နှင့် တစ်ယောက်မကျန် ရေထဲသို့လိုက်ဆင်းသွားကြလေတော့သည်။

ပုပ်ကိုယ်ကြီး၏ ဆိုးဝါးသောအနံ့ကြောင့် တက်ကုန်၊





လက်ကုန် အရှိန်ပြင်းစွာဖြင့် လှော်ခတ်လာခဲ့သော သားအဖခမျာ တမ်းစပ်နားအရောက်..

"ဟာ..အဘရေ..လုပ်ပါဦး..လူတွေ..ရေထဲအထိဆင်းလာနေကြပြီဗျ ..လှေနဲ့တိုးမိတော့မယ်"

ကိုဖိုးကဲ့ကလည်း အလန့်တကြားဖြင့် လှေကိုတွေ့လိုက်ရာ လည်ပင်းမြုပ်သည်အထိ ရေထဲသို့ အလုအယက်ဆင်းလာကြသူများ၏ဘေးမှ ပွတ်ကာသီကာဖြင့် လှေမှာ လွတ်သွားသော်လည်း၊ လှေ၏နောက်တွင် ငါးမျှားတန်းကြိုးဖြင့် ချိတ်ဆွဲလာသောပုပ်ကိုယ်ကြီးမှာမူ ရေပေါ်၌ပေါ်နိုင်သည့် အစွမ်းသာရှိ၍ လိုရာသို့ကွေ့ဝိုက်သွားနိုင်စွမ်းမှာ မရှိသောကြောင့် လူအုပ်ကြီးထဲသို့ အရှိန်ဖြင့်တည့်တည့်ကြီးဝင်သွားတော့သည်။

ကိုယ်ပင့်ခဲ့သောဘိုးတော်ကို ကိုယ်မနိုင်တော့သည့် သားအဖနှစ်ယောက်လည်း ငါးမျှားတန်းကြိုးကို ဓားဖြင့်'ထောက်'ခနဲဖြတ်ချလိုက်ပြီး၊ မြစ်အောက်ဘက် ကိုင်းတောထဲသို့ လှေကိုဖွက်ရန်အတွက် အတင်းသုတ်နှင်ရလေတော့သည်။

လူအုပ်ကြီး၏ရှေ့ဆုံးမှ မျက်လုံးကိုစုံမှိတ်၍ မနော့ချင်းဆက်သွယ်နေသောအဓိဋ္ဌာန်ဆရာပါလေပု၊ မျက်စိမဖွင့်ဘဲ လက်အုပ်ချီကြီး တဖွဖွရွတ်ဆို ဆုတောင်းနေကြသော ဒေါ်ကြည်အောင်၊ ဒေါ်ငယ်လေးနှင့် ဂေါပကလူကြီး ဦးမဲလုံးတို့ထံသို့ ပုပ်ကိုယ်ထူးကြီးက ကြွရောက်ခံရန် ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်ရှိသွားသည့် သကာလ...

ပြင်းထန်လှသောရနံ့အာရုံကြောင့် အလိုလိုပွင့်လာသော မျက်လုံးအာရုံတွင် ပြတ်သားထင်ရှားစွာ အနီးကပ်ဖူးမြော်လိုက်ရသော ...လျှောက်ဝိဇ္ဇာ' ပုပ်ကိုယ်ထူးကြီး၏ အဆင်းသဏ္ဌာန်ကို နဖူးတွေ့ ...တွေ့မြင်တွေ့လိုက်ရသဖြင့် 'အား ... ခနဲ' ငယ်သံပါအောင်



www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်ရင်း နောက်ပြန်ပက်လက်ကူး . . ကူးပြေးလိုက်ကြသည်မှ ကမ္ဘာ့စံချိန်များကို အပိုင်းပိုင်း ချိုးပစ်လိုက်နိုင်သည်အထိပင်။

သူတို့၏ ပက်လက်ကူးကောင်းမှုကြောင့် ဖြစ်ပေါ်လာသော 'ဝဲဂယက်' ရေလှိုင်းများကြားတွင် ပုဂ္ဂိုလ်ထူးကြီးမှာ ချာချာလည်၍ ကြည့်ညိုနေသူပရိသတ်ထံသို့ ရောက်ရှိသွားပြန်သည်နှင့် တစ်ပြိုင် နက် ရေပေါ်လမ်းလျှောက်ဘိုးတော် (သို့မဟုတ်) ကုလားမြင်းစီးတပ် သားကြီး၏ ရေပေါ်,ပေါ်ရခြင်းအကြောင်းအရင်းကို ဘွားဘွားကြီး သိမြင်သွားပြီး . . .

"အား . . အမေရေ လုပ်ပါဦး . . အလောင်းကောင်ကြီး တော့"

"အောင်မယ်လေး . . ကုလား . . မသာကြီး"

"အလောင်းပုပ်ကြီး . . "

"အား . . နံတယ် . . နံတယ် . . "

ဟူသော 'အာမေဍိတ်သံ'မျိုးစုံ အော်ဟစ်ကာ အလုအယက် တိုးတိုးတိုက်တိုက်ဖြင့် ထွက်ပြေးသွားလိုက်ကြသည်မှာလည်း ကိုယ့် အိမ်၊ ကိုယ်ယာသို့ မည်ကဲ့သို့ ပြန်ရောက်သွားကြမှန်းပင် သိကြမည် မဟုတ်ပေ။

မြစ်ကမ်းနားရေဆိပ်တွင်တော့ လဲကွဲနေသောအုန်းပွဲ၊ ငှက်ပျော ပွဲများနှင့်အမွှေးတိုင်နံ့ တသင်းသင်းကြားတွင် စူးဝါးစွာ ပုပ်ဟောင် ရင်း ချာချာလည်နေသည့် ပုပ်ကိုယ်ထူးကြီးသာ ကျန်ရှိခဲ့တော့သည်။

ဤသည်ပင် ဘုရားမ,သည်ဟု ဆိုရပေမည်လားမသိပေ။ ထို အချိန်တွင်က အရပ်စကားဖြင့် 'ကျွဲညီနောင်' ဟုခေါ်သော တိုက် လေယာဉ်မည်းမည်းကြီးနှစ်စင်းက မြစ်ကွေ့အတွင်းမှ ရုတ်တရက် ထွက်ပေါ်လာပြီး၊ စက်သေနတ်ဖြင့် မွှေ့ချလိုက်ရာ ကန်တော့ပွဲများ 'ပလူပျံ'သလို လွင့်စင်ကုန်ပြီး၊ ရေလျှောက်ဝိဇ္ဇာပုဂ္ဂိုလ်ထူးကြီးမှာ





သည်း တစ်စစီဖြင့် အစိတ်စိတ်အမြွှာမြွှာ ခန္ဓာစဲသွားသည်မှာလည်း 'ရောဝတီ' မြစ်ကမ်းပါးတစ်လျှောက် အပုပ်နံ့ကြီးက တထောင်း ထောင်း 'ထ' သွားပါလေတော့သတည်း။

ဈေးရှူးအဝီဇ္ဇာဆီ

ထူးဆွေအောင်

BURMESE CLASSIC .com

www.burmeseclassic.com